# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်၊ တနင်္ဂနွေနေ့။ Sunday, 24 March 2024 ၁၁၄၁၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၃

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ တို့အမှူးပြုသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖


**စာမျက်နှာ ၃ ကော်လံ ၁ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယနေ့ ဖတ်စရာ

**စာနာထောက်ထား မေတ္တာတရားဖြင့် ပြည်ထောင်သားချင်း ဝိုင်းဝန်းကူညီ (ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်)**


ဆောင်းပါး စာမျက်နှာ » ၆



Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခပြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Gift Card ပေးခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်ခြင်း

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆




ကြေးမုံ

# ပုဂ္ဂလိကစီးပွားရေးကဏ္ဍ မြှင့်တင်ကြိုးပမ်း

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ အားကောင်းလာရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ်ငန်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး MSME လုပ်ငန်းများကို ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် MSME လုပ်ငန်းများ အများစုရှိသော်လည်း ပြည်ပသွင်းကုန်များကို ဦးစားပေးသောကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အဆင့်မီကုန်ချောများထုတ်လုပ်နိုင်သည့် MSME လုပ်ငန်းများ များစွာရှိသော်လည်း အားပေးဆောင်ရွက်မှု အားနည်းနေသေးသည်ကို တွေ့ရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အခြားကုန်ထုတ်လုပ်ငန်းများကိုလည်း အဆင့်မီစွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားကြရန်၊ ရှိပြီးဖြစ်သည့် လူသားအရင်းအမြစ်များကို နေရာတကျအသုံးချနိုင်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် အဆင်ပြေချောမွေ့စွာ လုပ်ငန်းများလည်ပတ်နိုင်ရန် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းထားသည်။

ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ပါက ပြည်ပသွင်းကုန်ပစ္စည်းများအပေါ် မှီခိုနေရခြင်းမှ လျော့နည်းသွားမည်ဖြစ်သည်။ ဈေးကွက်တည်ငြိမ်မှုကိုလည်း ထိန်းညှိပေးနိုင်မည်ဖြစ်သည်။ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့က အဆိုပြုထားသည့် ထုတ်ကုန်အမည် ၁၀၇ မျိုးကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပြုထားသည့် ထုတ်ကုန်အမည်များအနက် ဦးစားပေး ၅၇ မျိုးကို ရွေးချယ်ထားပြီး ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်စီမံကိန်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော်သွားမည်ဟုသိရသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိလာအောင် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုလိုအပ်သည့် ထုတ်ကုန်များစွာကို ဒေသအသီးသီးတွင်တည်ရှိသည့် MSME လုပ်ငန်းများက ထုတ်လုပ်ပေးနိုင်ခြင်းဖြင့် နိုင်ငံ့စီးပွား တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ ထို့ကြောင့် MSME လုပ်ငန်းများအနေဖြင့် ပြည်တွင်းထွက်ကုန်ကြမ်းများကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများဖြင့် နိုင်ငံအတွင်း ဖူလုံရေးအတွက် ဖြည့်ဆည်းပေးပြီး ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးအတွက် MSME လုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၂၃ ကြိမ်တွေ့ဆုံခဲ့ပြီး လုပ်ငန်းရှင်များတင်ပြလာသည့် နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ကမ္ဘာ့စီးပွားရေးပုံစံများ အဆင့်ဆင့်ပြောင်းလဲလာသည်နှင့်အညီ မြန်မာနိုင်ငံရှိ MSME လုပ်ငန်းများ အတူလိုက်ပါဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ နည်းပညာများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာသည်ကို ကမ္ဘာ့စီးပွားရေးအခင်းအကျင်းများတွင် တွေ့မြင်နေရသည်။

ထို့ကြောင့် MSME လုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ နိုင်ငံတကာစီးပွားရေးကွန်ရက်များနှင့်ချိတ်ဆက်ပေးနိုင်ရေး၊ ဒစ်ဂျစ်တယ်စွမ်းရည်များ မြှင့်တင်ပေးနိုင်ရေးတို့ကို အစီအမံများရေးဆွဲဆောင်ရွက်ရေး၊ အစပျိုးစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုပေါ်ပေါက်လာစေရေးနှင့် ဆန်းသစ်တီထွင်မှုနှင့်ယှဉ်ပြိုင်မှုများ ပိုမိုအားကောင်းလာစေရေးတို့ကို ပံ့ပိုးကူညီဆောင်ရွက်သွားရန် နိုင်ငံတော်က တိုက်တွန်းထားသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် MSME လုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ချိတ်ဆက်နိုင်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုတို့သည် အသက်သွေးကြောသဖွယ် အရေးပါသည်။

သို့ဖြစ်ရာ ဒေသအသီးသီးတွင် ကဏ္ဍအလိုက်ဈေးကွက်များ၊ ကုန်စည်အဝယ်ဒိုင်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသအလိုက် အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အားပေးမြှင့်တင်ရေး၊ စက်မှုချိတ်ဆက်ဆောင်ရွက်ရေး၊ လုပ်ငန်းရှင်များနှင့် စက်မှုဇုန်များ ချိတ်ဆက်ဆောင်ရွက်ရေး၊ MSME ထုတ်ကုန်ပြပွဲများ၊ ပြိုင်ပွဲများ၊ ဒစ်ဂျစ်တယ်အစီအစဉ်များ၊ ပြည်ပကုန်စည်ပြပွဲများတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေး၊ ပြည်ပဈေးကွက်ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့ကို နိုင်ငံတော်၏ပံ့ပိုးကူညီပေးမှုများဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကျူးဘားသံအမတ်ကြီးအဖြစ် မစ္စတာ ပဲဒရို ပါဘလို စန်ဟိုဟဲ ရိုဒရီဂတ်စ် အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကျူးဘားသံအမတ်ကြီးအဖြစ် မစ္စတာ ပဲဒရို ပါဘလို စန်ဟိုဟဲ ရိုဒရီဂတ်စ် အား ခန့်အပ်ရန် ကျူးဘားသမ္မတနိုင်ငံအစိုးရက အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ပဲဒရို ပါဘလို စန်ဟိုဟဲ ရိုဒရီဂတ်စ် အား ၁၉၆၁ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ကျူးဘားနိုင်ငံ ဟာဗားနားမြို့ရှိ Raul Roa Garcia Higher Institute of International Relations မှ နိုင်ငံတကာစီးပွားဆက်ဆံရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

၎င်းသည် ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ချီလီနိုင်ငံဆိုင်ရာ ကျူးဘားသံရုံး၌ စီးပွားရေးသံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်နှင့်ဥရောပအဖွဲ့အစည်းများဆိုင်ရာ ကျူးဘားသံရုံးတို့၌ စီးပွားရေးသံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဘူလ်ဂေးရီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် ကျူးဘားသံအမတ်ကြီးနှင့် မြောက်မက်ဆီဒိုးနီးယားနှင့် အယ်လ်ဘေးနီးယားနိုင်ငံဆိုင်ရာ ပူးတွဲတာဝန်ယူဆောင်ရွက်သည့် ကျူးဘားသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

သတင်းစဉ်

## အင်းစိန်မြို့နယ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် မတ် ၂၃

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြို စာဖတ်ဝိုင်း ဆွေးနွေးပွဲကို မတ် ၂၀ ရက်က အဆိုပါ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ အသင်းနာယကဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့်(တော်မြင့်-ငှက်ဖျား)တို့က အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြို စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာအသင်းဝင်များဖြစ်ကြသော သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)က တပ်မတော်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ မောင်ပန်းဝေ (ညောင်တုန်း)က တပ်မတော်၏ နိုင်ငံတည်ဆောက်ရေး ဆောင်ရွက်ချက်များနှင့် စာရေးဆရာအသင်း အတွင်းရေးမှူး ရန်မိုးအောင် (အင်းစိန်)က တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အကြောင်းကို စိတ်ဝင်စားဖွယ် ဆွေးနွေးကြပြီး စာပေဥယျာဉ်အသင်းဝင်များဖြစ်ကြသော စိန်ညိုမင်း (ထန်းတပင်)နှင့် အောင်ငယ်စစ် (အင်းစိန်)တို့က မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

ဉာဏ်ဟိန်း

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

❖ ရှေ့ဖုံးမှ

ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော် ၁၀၈ ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီး နှစ်ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

## နာယူကြည်ညို

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဒါယကာ ဒါယိကာမများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာပဏ္ဍိတသာသနာ့ ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ တော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးထံသို့လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံသို့လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့်ဆရာတော်ကြီးများထံသို့လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

## **အနုမောဒနာတရားနာယူ**

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ **စာမျက်နှာ ၄ သို့** ✻

✻ စာမျက်နှာ ၃မှ

အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ တို့အမှူးပြုသည့် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းနှင့်ဇနီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့်ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၆၄)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်




နေပြည်တော် မတ် ၂၃

(၆၄) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၅)၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သောဌာနများမှ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် မတ် ၂၃ ရက် ရောက်တိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ပါကြောင်း၊ ယခု ၂၀၂၄ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ ဆောင်ပုဒ်မှာ **"ရာသီဥတုကောင်းမွန်ရေး အလေးထား ဆောင်ရွက်ပေး (At the frontline of climate action)"** ဖြစ်ပါကြောင်း၊ ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသ၊ ဇလဗေဒနှင့် ရာသီဥတုဆိုင်ရာ အစွန်းရောက် ဖြစ်စဉ်များသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ပိုမိုဖြစ်ပွားလာလျက်ရှိရာ အထူးသဖြင့် ကျွန်းနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးဖြစ်ပါကြောင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (World Meteorological Organization–WMO) ၏ ထုတ်ပြန်ချက်များအရ ၂၀၂၃ ခုနှစ်သည် နှစ်ပေါင်း ၁၇၄ နှစ်အတွင်း ကမ္ဘာ့အပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ထားပါကြောင်း။

၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကိုးနှစ်တာကာလသည် အပူဆုံး ကိုးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ အပူချိန်မြင့်တက်လာမှုများကြောင့် သမုဒ္ဒရာများပူနွေးလာခြင်း၊ ရေခဲတောင်များနှင့် ရေခဲလွှာများ အရည်ပျော်ခြင်းတို့ ဖြစ်ပေါ်စေပြီး ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၁၉၉၃ ခုနှစ်မှ ယနေ့အချိန်အထိ မှတ်တမ်းများအရ ၂၀၂၃ ခုနှစ်တွင် စံချိန်တင်မြင့်တက်လာပါကြောင်း၊ ထို့အပြင် ၂၀၂၃-၂၀၂၄ ခုနှစ်သည် အားအသင့်အတင့်မှ အားကောင်းသော အယ်လ်နီညိုနှစ်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အပူချိန် စံချိန်သစ်များ တင်ခဲ့ကာ ၂၀၂၄ ခုနှစ်သည်လည်း ၂၀၂၃ ခုနှစ်ထက် ပိုမိုပူပြင်းလာနိုင်မည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ သတင်းထုတ်ပြန်ထားပါကြောင်း၊ အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာ့အရပ်ရပ်ရှိ မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များအပေါ် သက်ရောက်လေ့ရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း နွေကာလများတွင် ပူပြင်းခြောက်သွေ့ခြင်းနှင့် မိုးခေါင်၍ ရေရှားပါးမှု ပြဿနာများ ကြုံတွေ့ရခြင်း၊ မိုးကာလများတွင် အနောက်တောင်မုတ်သုံလေ အဝင်နောက်ကျခြင်း၊ မုတ်သုံလေအင်အားနည်းခြင်း၊ မုတ်သုံမိုးနည်းခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း စသည့် အစွန်းရောက် မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာပြဿနာများ ကြုံတွေ့ရတတ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များနှင့် ဘေးအန္တရာယ်များ လျော့ပါးသက်သာစေပြီး နောင်အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ရာသီဥတုများ ပိုင်ဆိုင်နိုင်စေရန် နိုင်ငံတွင်းသာမက ဒေသတွင်းနိုင်ငံများမှ အစိုးရအဖွဲ့အစည်းများနှင့်အတူ ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လိုအပ်ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များကို ပိုမိုတိကျမှန်ကန်စွာ ထုတ်ပြန်ပေးနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာအဆင့်မြှင့်တင်မှုများကို ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့်အတူ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် Prof. Celeste Saulo က ပေးပို့သော သဝဏ်လွှာဗီဒီယိုနှင့် မိုးလေဝသနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ Video Clip တို့ကို ပြသပြီး ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနား ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုများချီးမြှင့်ပေးအပ်ပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ခင်းကျင်းပြသထားသော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ၁၅ စောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မအူပင် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ပန်းခင်း(၃)စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ Biometric ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ရေလဲကလေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အခြေပြုကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မအူပင်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးနှင့် မြို့နယ်ဦးစီးမှူး ဦးခင်မောင်အေးတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရေလဲကလေးကျေးရွာအုပ်စုတွင် နေထိုင်သည့် ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး Biometric ကောက်ယူခြင်းများ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ခြင်း၊ Biometric ကောက်ယူခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(မြန်/ဆက်)



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား တက်ရောက်

နေပြည်တော် မတ် ၂၃

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၅၉ ခုနှစ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားခဲ့ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက်တွင် အဆိုပါဥပဒေကို ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့ပြီး လက်ရှိအစိုးရဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်း ဥပဒေကို အာဏာတည်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ယူရာတွင် အမျိုးသမီးများကို လက်တလောခေါ်ယူရန် အစီအစဉ်မရှိသေးဘဲ အမျိုးသားဦးရေခြောက်သန်းကျော်မှ တစ်ရာခိုင်နှုန်းသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျခေါ်ယူသွားမည် ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်ကို ကာကွယ်နိုင်သည့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်ခြင်း၊ အဖွဲ့အစည်းနှင့် လုပ်တတ်ကိုင်တတ်သည့် စိတ်ဓာတ်များရရှိခြင်း၊ နိုင်ငံချစ်စိတ်ရှိသူအချင်းချင်း၊ မိတ်ဆွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စည်းကမ်းလိုက်နာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ လူမှုကွန်ရက်တွင် ဖော်ပြနေသည့် သတင်းများကို အမှန်ဟုမယူဆဘဲ လက်တွေ့ကျကျလေ့လာသုံးသပ်ပြီး မှန်ကန်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံ့အရေးတွင် မိမိတို့ကျရာ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# စာနာထောက်ထား မေတ္တာတရားဖြင့် ပြည်ထောင်သားချင်း ဝိုင်းဝန်းကူညီ (ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်)

**ကိုရင်မောင်**



အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်းသို့ မဝင်ရောက်မီ ၉ ရက်အလိုကပင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စုဖွဲ့ ဇာတ်တိုက်လေ့ကျင့်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကြိုတင်ဆောင်ရွက်ခဲ့ကြစဉ်။

မြန်မာနိုင်ငံဟာ သဘာဝဘေးအန္တရာယ်တွေနဲ့ မလွတ်ကင်းတဲ့ နိုင်ငံဖြစ်ပါတယ်။ အထူးသဖြင့် ရေကြီးရေလျှံတာတွေ၊ မုန်တိုင်းတိုက်ခတ်တာတွေ မကြာခဏဖြစ်ပေါ်လေ့ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်က ဘင်္ဂလား ပင်လယ်အော်မှ အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA)ဟာ ရခိုင် ကမ်းရိုးတန်းဒေသ စစ်တွေမြို့အနီးမှ ဖြတ်ကျော် ဝင်ရောက်ပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မြို့၊ ရွာတွေသာမက ချင်းပြည်နယ်အတွင်းက မြို့၊ ရွာ တွေကိုပါ အပြီးတကြီး တိုက်ခတ်ဖျက်ဆီးခဲ့ပါတယ်။

ရခိုင်ပြည်နယ်ဟာ မုန်တိုင်းလို သဘာဝ ဘေးအန္တရာယ်တွေ အများဆုံးကြုံတွေ့ရတဲ့ ပြည်နယ်အဖြစ် သမိုင်းမှတ်တမ်းတင်ထားပါတယ်။ ၁၉၆၇ ခုနှစ်နဲ့ ၁၉၇၈ ခုနှစ်မှာ ကျောက်ဖြူမုန်တိုင်း၊ ၁၉၆၈ ခုနှစ်နဲ့ ၂၀၀၄ ခုနှစ်မှာ စစ်တွေမုန်တိုင်း၊ ၁၉၈၂ ခုနှစ်မှာ ၇၀မုန်တိုင်းတွေအပြင် ရခိုင်ပြည်နယ် အပါအဝင် ထိခိုက်ခဲ့တဲ့ မာလာမုန်တိုင်း(၂၀၀၆)၊ အာကက်မုန်တိုင်း(၂၀၀၇)၊ ဂီရိမုန်တိုင်း(၂၀၁၀)၊ မာရသာမုန်တိုင်းနဲ့ မိုရာမုန်တိုင်း(၂၀၁၇)နဲ့ ယခု မိုခါမုန်တိုင်း(၂၀၂၃)တို့ ဖြစ်ပွားခဲ့တဲ့အတွက် ရခိုင်ပြည်နယ်က ပြည်သူတွေဟာ မုန်တိုင်းဒဏ်ကို အကြိမ်ကြိမ်ခံစားခဲ့ရတဲ့အပြင် ပဋိပက္ခတွေကြောင့် လည်း ဒုက္ခအဖုံဖုံကြုံတွေ့ရတဲ့ ပြည်နယ်အဖြစ် စိတ်မကောင်းဖြစ်ရပါတယ်။

**ထိခိုက်မှုနည်းပါး**

ဘယ်လိုပဲဖြစ်ဖြစ် ရခိုင်ပြည်နယ်ဟာ ပြည်ထောင်စုကြီးရဲ့ မိသားစုတစ်စုဖြစ်တာကြောင့် ဖြစ်ပေါ်လာသမျှအခြေအနေတွေကို နိုင်ငံတော် အစိုးရက ကယ်ဆယ်စောင့်ရှောက် ပြန်လည် ထူထောင်ပေးနေကြတာကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ မုန်တိုင်း အန္တရာယ်တွေနဲ့ပတ်သက်လို့ အကြိမ်တိုင်းမှာ လူ့အသက်ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၂၃ ခုနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ မိုခါ မုန်တိုင်းနဲ့ပတ်သက်လို့က အင်အားအလွန့်အလွန် ကြီးမားလွန်းတော့ လူ့အသက်ခန္ဓာတွေ ထိခိုက် ဆုံးရှုံးမှုတွေ များလိမ့်မယ်လို့ ခန့်မှန်းထားခဲ့ကြပါ တယ်။ ဒါပေမယ့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ကြိုတင် မြော်တွေး ပြင်ဆင်စီမံဆောင်ရွက်ခဲ့မှု၊ အစိုးရအဖွဲ့နဲ့ အဖွဲ့အစည်းအသီးသီးက ချက်ချင်းအရေးပေါ်တုံ့ပြန် အလျင်အမြန်ဆောင်ရွက်နိုင်မှုတွေကြောင့် ခန့်မှန်း ထားသလို ထိခိုက်ပျက်စီးမှုဖြစ်မလာဘဲ ဆုံးရှုံး ထိခိုက်မှု နည်းပါးခဲ့တာကို တွေ့ရပါတယ်။

**ကြိုတင်ပြင်ဆင်**

မုန်တိုင်းမဖြစ်ပေါ်မီ ကြိုတင်ခန့်မှန်းချက်တွေ အရ မေလ ၈ ရက်နေ့မှာ လေဖိအားနည်းရပ်ဝန်းမှ တစ်ဆင့် မုန်တိုင်းဖြစ်ပေါ်ရာမှ အလွန်အားကောင်း သော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲကာ

**စာမျက်နှာ ၇ သို့ »»**









ရခိုင်ပြည်နယ်အတွင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ပျက်စီးမှုများနှင့် ပုဏ္ဏားကျွန်းမြို့သို့ လျှပ်စစ်ဓာတ်အားပေးပို့နေသော တာဝါတိုင်ကျိုးကျပျက်စီးနေမှုများကို စိတ်မကောင်းဖွယ် တွေ့မြင်ခဲ့ရသည်။





ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အပျက်အစီးများကို ဖယ်ရှားခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။

»»» စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း သိခဲ့ရပါတယ်။ အဲဒီရက်ဟာ ရုံးပိတ်ရက်ဖြစ်သော်လည်း နိုင်ငံတော်အတွက် အချိန်ပြည့် တာဝန်ထမ်းဆောင်ဖို့ တာဝန်ရှိကြတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ အနားမယူကြတော့ဘဲ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ပြည်သူတွေ သဘာဝဘေးအန္တရာယ်မှ အထိအခိုက် အဆုံးအရှုံးအနည်းဆုံးနဲ့ ကျော်လွှားနိုင်ဖို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ် အစည်းအဝေးကို မေလ ၆ ရက်နေ့မှာ ခေါ်ယူခဲ့ပါတယ်။

> “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်(အရေးပေါ်) အစည်းအဝေးကို မုန်တိုင်းဖြစ်ကျော်ဝင်ရောက်ခဲ့တဲ့ မေလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်ပြုလုပ်ပြီး အရေးပေါ်တုံ့ပြန်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” မစတင်မီ မေလ ၆ ရက်နေ့ကတည်းက နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုခေါ်ယူပြီး တည်မြဲအမိန့်တွေအပေါ်မူတည်လို့ မုန်တိုင်းဝင်ရောက်နိုင်တဲ့ ခန့်မှန်းနေရာတွေအလိုက် ညွှန်ကြားချက်တွေ ထုတ်ပြန်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စတဲ့ကြိုတင်ပြင်ဆင် ဆောင်ရွက်စရာရှိတာတွေကို ကိုးရက်ခန့် ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။”

**အသေးစိတ်ကြိုတင်မှာကြား**

နိုင်ငံတော်အနေနဲ့ မုန်တိုင်းနဲ့ ပတ်သက်လို့ အတွေ့အကြုံများစွာရှိပြီး ဖြစ်ပါတယ်။ မုန်တိုင်းနဲ့ ပတ်သက်လို့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ရာမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်(၂၀၂၂ ခုနှစ်)ပါအတိုင်း အမျိုးသားအဆင့် အရေးပေါ်စီမံခန့်ခွဲမှု၊ တုံ့ပြန်မှုအတွက် အခန်း လေးခန်းပါ လုပ်ငန်းကော်မတီ(၁၂) ရပ်မှ ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းစတဲ့ လုပ်ငန်းတာဝန်တွေအရ ဆောင်ရွက်ကြရန်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှု၊ တုံ့ပြန်မှုအတွက် အခန်း(၅)ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအလိုက် ဖွဲ့စည်းထားတဲ့ လုပ်ငန်းကော်မတီတွေက ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနဲ့ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ကြရန်၊ အလားတူ အခန်း(၆)ပါ တပ်မတော်ပိုင်းဆိုင်ရာ ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းတွေကိုလည်း (ကြည်း၊ ရေ၊ လေ) တပ်မတော်သားတွေက လုပ်ငန်းတာဝန်အသေးစိတ်အလိုက် လုပ်ဆောင်ကြရန် ကြိုတင်မှာကြားခဲ့ပါတယ်။

**လမ်းညွှန်မှာကြား**

အဲဒီနောက် အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA)ဟာ ခန့်မှန်းထားတဲ့အတိုင်း ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့မှာ ရခိုင်ကမ်းရိုးတန်းဒေသတွေကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ် မကျရောက်မီနဲ့ ကျရောက်ပြီး အချိန်တွေမှာ လိုအပ်တဲ့ အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနဲ့ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားခြင်းနဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်တွေ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ် အစည်းအဝေးကို မုန်တိုင်းဖြတ်ကျော်ခဲ့တဲ့ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ပြုလုပ်ပြီး လမ်းညွှန်မှာကြားခဲ့ပါတယ်။

**ပြင်ဆင်ဆောင်ရွက်**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်(အရေးပေါ်) အစည်းအဝေးကို မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ခဲ့တဲ့ မေလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်ပြုလုပ်ပြီး အရေးပေါ်တုံ့ပြန်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” မစတင်မီ မေလ ၆ ရက်နေ့ကတည်းက နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုခေါ်ယူပြီး တည်မြဲအမိန့်တွေအပေါ်မူတည်လို့ မုန်တိုင်းဝင်ရောက်နိုင်တဲ့ ခန့်မှန်းနေရာတွေအလိုက် ညွှန်ကြားချက်တွေ ထုတ်ပြန်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စတဲ့ကြိုတင်ပြင်ဆင် ဆောင်ရွက်စရာရှိတာတွေကို ကိုးရက်ခန့် ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။

**တက်ညီလက်ညီ**

မုန်တိုင်း တိုက်ခတ်ဖြတ်ကျော်နေချိန်မှာ မုန်တိုင်းလမ်းကြောင်းတစ်လျှောက်နဲ့ မုန်တိုင်းအဝန်းအဝိုင်းတစ်လျှောက်မှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ဝန်ကြီးဌာနအလိုက် လျာထားဆောင်ရွက်ခဲ့ပါတယ်။ မုန်တိုင်းအလွန်ကာလ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို မူလပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိနိုင်ဖို့ ကော်မတီဝင်တွေက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့တဲ့နေရာတွေမှာ တိုင်းဒေသကြီးနဲ့ စာမျက်နှာ ၈ သို့ »»»





ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ပြည်သူများ အရေးတကြီးလိုအပ်လျက်ရှိသော သောက်သုံးရေများကို ကျေးရွာများအရောက် ရေကားများဖြင့် ဤသို့ ဖြန့်ဝေပေးခဲ့ကြသည်။





ပုဏ္ဏားကျွန်းမြို့နယ်အတွင်း မိုခါဆိုင်ကလုန်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အားကြိုးမာန်တက်ရှင်းလင်းဆောင်ရွက်နေကြစဉ်။

»»» စာမျက်နှာ ၇ မှ

ပြည်နယ်တွေအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားတဲ့ ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့တွေနဲ့အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေနဲ့ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးတဲ့လုပ်ငန်းတွေကို တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြပါတယ်။

**ပုဏ္ဏားကျွန်း**

မိုခါမုန်တိုင်းဟာ စစ်တွေမြို့အနီးသို့ ဖြတ်သန်းတိုက်ခိုက်ရာမှာ စစ်တွေမြို့နဲ့ အနီးဆုံးဖြစ်တဲ့ ပုဏ္ဏားကျွန်းမြို့ဟာလည်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု များပြားခဲ့ပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း တည်ဆောက်ထားတဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေ၊ ဓာတ်တိုင်တွေ၊ တာဝါတိုင်တွေ ပျက်စီးခဲ့ပါတယ်။ ဒါ့အပြင် အခြေခံပညာစာသင်ကျောင်းတွေ၊ ဆေးရုံ၊ ဆေးပေးခန်းတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ၊ မြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်းတွေ အတော်များများ ပျက်စီးသွားခဲ့ပါတယ်။ ပျက်စီးသွားတဲ့ကဏ္ဍတွေကို မုန်တိုင်းစဲသွားပြီးတာနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ အချိန်တိုအတွင်း ပြီးစီးခဲ့တာတွေရှိပါတယ်။

**ရာနှုန်းပြည့်နီးပါးပြီးစီး**

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့တဲ့ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မှာရှိတဲ့ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာတွေနဲ့ ကျွမ်းကျင်လုပ်သားတွေက ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရာမှာ မေ ၂၅ ရက်နေ့မှာပဲ ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးခဲ့ကြောင်းသိပါတယ်။ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှ အင်ဂျင်နီယာနဲ့ ကျွမ်းကျင်



ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

လုပ်သား ၅၆၇ ဦးတို့ဟာ ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ Control Room နဲ့ Switch Yard အတွင်းရှိ လုပ်ငန်းတွေ၊ ဝန်ထမ်းအိမ်ရာ ပြုပြင်မှုလုပ်ငန်းတွေ၊ တာဝါတိုင်နဲ့ ဆက်စပ်ပစ္စည်း ပြုပြင်ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို မေလ ၁၅ ရက်မှ စတင်လို့ နေ့မအားညမနား ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြလို့ ရက်သတ္တပတ်အကျော်မှာပဲ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးခဲ့ပါတယ်။

**ဝမ်းမြောက်ဝမ်းသာ**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့တဲ့ ပုဏ္ဏားကျွန်းမြို့နယ်ရှိ တာဝါတိုင်အမှတ် (၄၂၄)နဲ့ (၄၂၅)တို့ကို ဖယ်ရှားဆောင်ရွက်တာ၊ ပျက်စီးခဲ့တဲ့ ဖောင်ဒေးရှင်းတွေ ပြန်လည်ပြုပြင်တာ၊ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်းမှာ တာဝါတိုင်ပေါင်း ၄၄၈ တိုင်ရှိတဲ့အနက် ပြိုကျပျက်စီးခဲ့တဲ့ တာဝါတိုင် ၁၂ တိုင်၊ တာဝါထိပ်ပိုင်းပျက်စီးခဲ့တဲ့ တာဝါတိုင်နှစ်တိုင်ကို အစားထိုးတာ၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်းမှာ ကွန်ကရစ်တိုင်ပေါင်း ၈၁၂ တိုင်ရှိတဲ့အနက် လဲကျပျက်စီးခဲ့တဲ့ ဓာတ်အားတိုင် ၁၀၆ တိုင် အစားထိုး ပြုပြင်ခြင်းလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။ မုန်တိုင်းအလွန်ကာလ ဓာတ်အားဖြန့်ဖြူးမှု ပထမအဆင့်အနေနဲ့ စစ်တွေမြို့နဲ့ ပုဏ္ဏားကျွန်းမြို့ရှိ ပြည်သူတွေကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်လို့ ဒေသခံပြည်သူတွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။

**ပညာသင်ကြားရေး**

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုတွေကို ပြန်လည်ထူထောင်ဖို့အတွက် ပုဏ္ဏားကျွန်းမြို့နယ်ဒေသကို ကြီးကြပ်နိုင်ဖို့ တာဝန်ပေးထားတဲ့ တပ်မတော်မှ အရာရှိကြီးနဲ့အတူ မြို့နယ်မှ တာဝန်ရှိသူတွေဟာ ပုဏ္ဏားကျွန်းမြို့ပေါ်ရှိ စာသင်ကျောင်းတွေကို ကွင်းဆင်းစစ်ဆေးပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ ပုဏ္ဏားကျွန်း(အ.ထ.က)၊ အ.ထ.က(ခွဲ) မြို့မ၊ အ.ထ.က(ကွန်းတောင်)၊ မူ/လွန်(မြို့သစ်)၊ မူ/လွန်(ရွာဟောင်း)စတဲ့ စာသင်ကျောင်းတွေ ကျောင်းဖွင့်ရက်အမီ ကျောင်းတွေဖွင့်လှစ်နိုင်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ ရပ်မိရပ်ဖတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေနဲ့ တွေ့ဆုံပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါတယ်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျောင်းပေါင်း ၁၉၉ ကျောင်း ထိခိုက်ပျက်စီးခဲ့ပါတယ်။

**လုံလောက်စွာပေးဝေ**

ပုဏ္ဏားကျွန်း မြို့ပေါ်ရပ်ကွက်တွေမှာ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် သောက်သုံးရေ အခက်အခဲဖြစ်နေတဲ့ ပြည်သူတွေအတွက် သောက်သုံးရေပြတ်လပ်မှုတွေ မဖြစ်ပေါ်စေဖို့ နယ်မြေခံတပ်မတော်မှ ရေဂါလန် ၂၀၀၀ ဆံ့ ယာဉ်နဲ့ နေ့စဉ်လှူဒါန်းပေးခဲ့ပါတယ်။ မိုခါမုန်တိုင်းကြောင့် ရေရှားပါးမှုနဲ့ ကြုံတွေ့ခဲ့တဲ့ ရပ်ကွက်/ကျေးရွာတွေကို သန့်ရှင်းတဲ့ သောက်သုံးရေတွေကို စဉ်ဆက်မပြတ် ဆက်လက်ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့အနေနဲ့

စာမျက်နှာ ၉ သို့ »»»



ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။



ပုဏ္ဏားကျွန်းမြို့နယ်အတွင်း မိုခါဆိုင်ကလုန်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများကို ရှင်းလင်းဆောင်ရွက်နေစဉ်။




ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။(ဝဲပုံ) နှင့် ၂၃၀ ကေဗွီ အမ်း-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းရှိ တိုင်အမှတ်-၄၂၅ ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။(ယာပုံ)




ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာတောင်သူများအတွက် မိုးစပါး မျိုးစေ့များပေးအပ်စဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့နယ် စံပြရပ်ကွက်နှင့် နတ်ဆိတ်ကျေးရွာကို ဆက်သွယ်ထားသည့် ဦးရာဇ်တော် မင်္ဂလာကြိုးတံတား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။





ပုဏ္ဏားကျွန်းမြို့နယ်ရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

»»» **စာမျက်နှာ ၈ မှ**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့် မြို့ရွာတွေ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ရွှေ့လျားရေသန့်ကားတွေ၊ Life Straw (ရေနောက်မှ ရေကြည်သို့ သန့်စင်ပေးသည့်) ရေသန့်စက်တွေ၊ ဆိုလာစနစ်သုံး ရွှေ့လျားရေသန့်စက်တွေနဲ့ ဖြန့်ဝေပေးလျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားမလိုအပ်တဲ့ တစ်နာရီလျှင် သုံးဂါလန်ခန့် သန့်စင်ပေးနိုင်တဲ့ Life Straw ရေသန့်စက်တွေကို ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာတွေကို ဖြန့်ခွဲပေးပို့ထားပြီး ယင်းရေသန့်စက်တစ်လုံးဟာ လူဦးရေ ၁၀၀ အတွက် တစ်နေ့တာသောက်သုံးရေကိုလုံလောက်စွာသန့်စင်ပေးနိုင်ကြောင်း သိရပါတယ်။

**ထောက်ပံ့ပေးအပ်**

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့တဲ့ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုတွေပေးခဲ့ရာမှာ မေလ ၂၆ ရက်နေ့အထိ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ပြည်သူ့ဆေးရုံမှ ပြင်ပလူနာ၊ အတွင်းလူနာတွေနဲ့ ပြင်ပလူနာဌာနမှာ ပြသတဲ့လူနာတွေကို ကုသစောင့်ရှောက်မှုပေးခဲ့တဲ့အပြင် ရေသန့်ဆေးခတ်ခြင်းနဲ့ ကျန်းမာရေး ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နဲ့ အထူးကုဆေးအဖွဲ့တွေနဲ့ ကွင်းဆင်းပြီး ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှာ အထွေထွေရောဂါ၊ အရိုး၊ ခွဲစိတ်နဲ့ ကလေးအထူးကုဆရာဝန်ကြီးတွေပါဝင်တဲ့အထူးကုဆေးအဖွဲ့က ကွင်းဆင်းပြီး ဒေသခံပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်ပေးပြီး လူနာတွေကို အားပေးစကားပြောကြားကာ သီးစုံဒံပေါက်ထုပ်တွေ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

**ကွင်းဆင်းဆောင်ရွက်**

မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့တဲ့ ပုဏ္ဏားကျွန်းမြို့နယ် စံပြရပ်ကွက်နဲ့ နတ်ဆိတ်ကျေးရွာကို ဆက်သွယ်ထားတဲ့ ဦးရာဇ်တော် မင်္ဂလာကြိုးတံတားကို အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ စုပေါင်းထွန်ယက်ပွဲနဲ့ မိုးစပါး မျိုးစေ့ပေးအပ်ပွဲမှာ ကွန်းတောင်ကျေးရွာ တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲက ထုတ်လုပ်တဲ့ ဆင်းသွယ်လတ်နဲ့ ပေါ်ဆန်းရင် စပါးမျိုးစေ့အိတ်တွေကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

အာဆီယံ၏ One ASEAN၊ One Response နဲ့ အညီအာဆီယံအရေးပေါ်တုံ့ပြန်ရေးနဲ့ ဆန်းစစ်လေ့လာရေးအဖွဲ့(ASEAN-ERAT)က ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေးသင့်ဒေသ ပုဏ္ဏားကျွန်းမြို့နယ်ကိုလည်း ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့ပါတယ်။ အဆိုပါ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနဲ့ ဆန်းစစ်လေ့လာရေးအဖွဲ့ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကွင်းဆင်းစစ်တမ်းကောက်ယူရာမှာ တွေ့ရှိချက်နဲ့ လုပ်ငန်းစဉ်တွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခဲ့ပြီး ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့တဲ့ ရခိုင်ပြည်နယ်ထဲက မြို့နယ်တွေထဲမှာ ပုဏ္ဏားကျွန်းမြို့နယ်ဟာလည်း ပျက်စီးဆုံးရှုံးမှုများပြားခဲ့ပါတယ်။ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသတွေ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲရဲ့ စဉ်ဆက်မပြတ်ထိတွေ့လမ်းညွှန်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အဖွဲ့အစည်းတွေရဲ့ အင်တိုက်အားတိုက် နေ့မနားညမအား တက်တက်ကြွကြွ ဆောင်ရွက်မှု၊ ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် မုန်တိုင်းတိုက်ခတ်ပြီးတဲ့ အချိန်မှစလို့ အချိန်တိုကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းတွေ သိသာစွာတိုးတက်လာပြီး မူလအခြေအနေသို့ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြလိုက်ပါတယ်။ ။

## သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်တွင် မော်စကိုမြို့၏ အနောက်မြောက်ဘက်ရှိ Krasnogorsk အရပ်ရှိ Crocus City Hall ၌ အကြမ်းဖက်တိုက်ခိုက်ပစ်ခတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ မြောက်မြားလှစွာသော အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ရသည့်အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ရှုတ်ချပါသည်။ မည်သည့်ပုံစံမျိုးစုံနှင့်မဆို ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်ဝါဒီနှင့် အစွန်းရောက် အကြမ်းဖက်မှုများကို မြန်မာနိုင်ငံသည် အစဉ်တစိုက်ရှုတ်ချလျက်ရှိပါသည်။ အကြမ်းဖက်ဝါဒီသည် နိုင်ငံတကာအကြမ်းဖက်မှုလုပ်ရပ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိပါးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရုရှားအစိုးရ၊ ပြည်သူများနှင့် အကြမ်းဖက်ဒဏ်ခံရသည့် ကျန်ရစ်ခဲ့သော မိသားစုများနှင့်အတူ ဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ (၁၉)ကြိမ်မြောက် ဩဝါဒခံယူပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ ထံမှ (၁၉)ကြိမ်မြောက် ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် စေတီတော်ရင်ပြင်ဓမ္မာရုံ အတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ရန်ကုန်တိုင်းဒေသကြီး သံလျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မန္တလေးတိုင်းဒေသကြီး မဟာ အောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ နှင့် ဒေသခံဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှောက်တော်မူခဲ့ကြသည်။



အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်ကောင်စီဝင် များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင် များနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ တက်ရောက် ခဲ့ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သာသနာရေး ဆိုင်ရာများလျှောက်ထားပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည် ပြီး ဆရာတော်ကြီးက ဂေါပကအဖွဲ့ဝင်များ အမြဲမပြတ် နှလုံးသွင်းလိုက်နာဖွယ်ဖြစ်သော သာရဏီယဩဝါဒကထာများကို ချီးမြှင့်တော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ထံမှ ရေစက်ချအနုမောဒနာတရားနာယူကာ “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**



# လှိုင်ကော်မြို့ရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား အခြေခံစားသောက်ကုန်များ၊ ဆေးဝါးများ ထောက်ပံ့ပေးအပ်

**လှိုင်ကော် မတ် ၂၃**

ကယားပြည်နယ် လှိုင်ကော်မြို့ မြန်မာ့စီးပွားရေး ဘဏ်တွင် ယမန်နေ့မွန်းလွဲပိုင်းက နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ပင်စင်လစာထုတ်ပေး ခြင်း၊ အခြေခံစားသောက်ကုန်များ၊ ကျန်းမာရေး အထောက်အကူပြုဆေးဝါးများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ခရိုင် မန်နေဂျာ ဒေါ်ယဉ်ယဉ်စိုးက ယခုလက်ရှိဘဏ်လုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေ၊ အငြိမ်းစားပင်စင်စား များအား ပင်စင်လစာငွေများထုတ်ပေးရာတွင် အချိန် ကြာမြင့်မှုမရှိစေရေးနှင့် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက် ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲ ရေးမှူး၊ ပြည်နယ်ဝန်ကြီးများမှ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားများအတွက် အခြေခံ စားသောက်ကုန်နှင့် ကျန်မာရေးအထောက်အကူပြု ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ရာ တက်ရောက် လာကြသည့် ပင်စင်စားများက လက်ခံရယူခဲ့ကြသည်။

မြန်မာ့စီးပွားရေးဘဏ်(လှိုင်ကော်)တွင် ပင်စင် လာရောက်ထုတ်ယူခဲ့သည့် ကာကွယ်ရေးပင်စင်စား ၃၂၀ နှင့် မြို့ပြပင်စင်စား ၁၂၀၊ နိုင်ငံရေးပင်စင်စား ၁၅ ဦး စုစုပေါင်း ၄၅၅ ဦးရှိပြီး ကယားပြည်နယ် အစိုးရအဖွဲ့မှ ကျန်မာရေးအထောက်အကူပြု ဆေးဝါးများအပြင် အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန် ၊ ဆီ ၊ ဆား၊ ကြက်ဥ စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၃၃၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၇၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်းပေါ်ရှိ သနပ်ပင်မြို့တွင်းတံတား ဖွင့်လှစ်

**ပဲခူး မတ် ၂၃**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်းပေါ်ရှိ သနပ်ပင်မြို့တွင်း တံတားဖွင့်ပွဲ ကို မတ် ၂၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းဖေက သနပ်ပင်မြို့တွင်း တံတား စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်းပေါ်ရှိ တံတားများ တည်ဆောက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေတို့က သနပ်ပင်မြို့တွင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အဆိုပါတံတားကို ဖြတ်သန်း ကြည့်ရှုခဲ့ကြသည်။

အဆိုပါ သနပ်ပင်မြို့တွင်းတံတားသည် အရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီရှိပြီး ရေလည်ခန်း လူသွားလမ်းတစ်ဖက်လျှင် ၁၀ ပေခွဲစီ ရှိသည့် သံကူကွန်ကရစ်တံတားဖြစ်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၂၀၀၊ တံတားချဉ်းကပ်လမ်း ကျပ် ၅၁၇ သန်း စုစုပေါင်း စီမံကိန်းတန်ဖိုးကျပ် ၃၇၁၇ သန်းဖြင့် တည်ဆောက် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြိုးကြာကွင်း-ဂုန်မင်းမြေရောကျောက်လမ်း ဖွင့်ပွဲကျင်းပ

ကျောင်းကုန်း မတ် ၂၃

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဂုန်မင်းအုပ်စု ကြိုးကြာကွင်းကျေးရွာရှိ ကြိုးကြာကွင်း-ဂုန်မင်း မြေရောကျောက်လမ်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့် ကျုံပျော်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဒေါ်ယဉ်ဝင်းစောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လမ်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အဆိုပါ ကြိုးကြာကွင်း-ဂုန်မင်း လမ်းသည် အရှည် ၀/၄.၈၄ မိုင်၊ အကျယ် ၁၂ ပေ၊ ၃ လေးလက်မ မြေရောကျောက်လမ်းဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၇၃ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၇ သိန်း စုစုပေါင်းငွေကျပ်သိန်း ၂၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းလမ်းဖောက်လုပ်ခြင်းကြောင့် ကျောင်းကုန်းမြို့နယ်နှင့် သာပေါင်းမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## ရွှေတိဂုံစေတီတော် (၂၆၁၂) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

ရန်ကုန် မတ် ၂၃

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် (၂၆၁၂) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။


အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စတင်၍ ဘုရားအမှူးပြုသော ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်သံဃာတော် ၁၂၁ ပါး၊ သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၉ ပါးတို့က ရွှေတိဂုံစေတီတော်ရင်ပြင်၌ လက်ယာရစ်တစ်ပတ် ဆွမ်းဆန်တော်ခံယူတော်မူကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ဇော်မင်းလတ်(MNA)

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် မတ် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး) ကလေးတစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ရက်နံနက် မင်္ဂလာအချိန် နံနက်ဖြနာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။



ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် တစ်နှစ် ရှစ်လသားအရွယ်တွင် အရပ်အမြင့် လေးပေ တစ်လက်မ၊ ကိုယ်လုံး လုံးပတ် ခြောက်ပေ ခုနစ်လက်မ၊ ကိုယ်အလေးချိန် ၁၂၄၃ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး"ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပင်းတယမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ပင်းတယ မတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်းကုန်းကျေးရွာအုပ်စု ပင်စိမ်းပင်ကျေးရွာရှိ တောင်သူများ စိုက်ပျိုးရေလိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရန်အတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရေဖြန့်ဝေပေးနေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)ဦးရဲမင်းအောင်၊ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများသည် ပင်စိမ်းပင်ကျေးရွာတွင် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်ရန် 5.5HP submersible Pump နှင့် 550W ဆိုလာ ၁၈ ချပ် တပ်ဆင်ခြင်းလုပ်ငန်း၊ အရှည်ပေ ၄၀၀၀ ရှိ သုံးလက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၃၁၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂



## မကွေးမြို့၌ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ဖွင့်လှစ်



မကွေး မတ် ၂၃

သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း (မကွေး)မှ ပထမအကြိမ် အခြေခံစာရင်းကိုင်နှင့်စာရင်းစစ် (အမှုထမ်း) သင်တန်းကို မတ် ၁၁ ရက်မှ ၂၂ ရက်အထိ မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာန ၁၇ မြို့နယ် မှ အမှုထမ်းဝန်ထမ်း ၄၀ အား Virtual စနစ်ဖြင့် အခြေခံစာရင်းကိုင်ပညာ၊ သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း ဘာသာရပ်များ သင်ကြားပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကြိုတင်ပြင်ဆင်မှုနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

မန္တလေး မတ် ၂၃

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကြိုတင်ပြင်ဆင်နေမှုနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကြိုတင်ပြင်ဆင်ထားမှုနှင့် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)အတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်၍ အလင်းဖွင့်ခြင်းများ၊ ခြင်ဆေးဖျန်းခြင်းဆောင်ရွက်နေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်



သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၉) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers' Technical Forum) ကျင်းပ

နေပြည်တော် မတ် ၂၃

(၂၉)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများ၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ မွေးမြူရေးသုတေသနပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ် မွေးမြူရေးပညာဌာနမှပါမောက္ခ၊ ဆရာမများ၊ နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သုတေသီများ၊ ပညာရှင်များ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးချောင်း၊ရွှေးစုနှင့် ဗိုလ်မင်းရောင်ကျေးရွာများမှ ကျေးရွာအတွင်းရှိ တောင်သူများ တက်ရောက်၍ "စပါး-ဘဲ၊ စပါး-ကြက် ပေါင်းစည်း စိုက်ပျိုးမွေးမြူခြင်းနှင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးမွေးမြူခြင်းစနစ်များ (Farming System) အကြောင်း" ခေါင်းစဉ်ဖြင့်



ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ယခုကဲ့သို့ တောင်သူနည်းပညာဆွေးနွေးပွဲများ၊ အသိပညာနှင့် အတွေ့အကြုံနှီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်းသည် နိုင်ငံ၏စီးပွားရေးကို မြှင့်တင်ပေးနိုင်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြသည့် တောင်သူများအားလုံးက မိမိကိုယ်မိမိ လယ်ယာစီးပွားလုပ်ငန်းရှင်များအဖြစ် ခံယူနှလုံးသွင်း ကြိုးပမ်းနိုင်ကြစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ကွက်ငယ်လယ်သမားများ၏ ဝင်ငွေနှင့် စီးပွားရေးတိုးတက်လာစေရန် သီးနှံစိုက်ပျိုးရေးတစ်ခုတည်း လုပ်ကိုင်၍ မရနိုင်ဘဲ မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတေသနပညာရှင်များ၊ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးတက္ကသိုလ် မွေးမြူရေးပညာဌာနမှ ကထိက ဒေါ်သက်မွန်ပိုင်က မြန်မာနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးစနစ်များ၊ စားကျက်သီးနှံအခြေခံနွားမွေးမြူရေး နည်းစနစ်များ၊ ဒေသအချို့၏ စိုက်ပျိုးမွေးမြူစနစ် ခွဲခြမ်းလေ့လာခြင်း၊ သီးနှံအကြွင်းအကျန်များမှ တန်ဖိုးမြှင့်တိရစ္ဆာန်အစာပြုလုပ်ခြင်း၊ စားကျက်သီးနှံ စိုက်ပျိုးစနစ်များ၊ စားကျက်သီးနှံ ရိတ်သိမ်းနည်းစနစ်များ၊ တိရစ္ဆာန်အစာထိန်းသိမ်းခြင်းနည်းစနစ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားသည့် သုတေသနရလဒ်များကို လည်းကောင်း၊ မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသီသီဝင်းနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန သုတေသနအရာရှိ ဒေါ်ခင်မြတ်သူတို့က စပါးနှင့်ဘဲ၊ စပါးနှင့်ကြက် တွဲဖက်မွေးမြူခြင်းနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဝါရုံကုန်းကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခန့်ဝေ ဦးဆောင်သော ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများပါဝင်သောအဖွဲ့က ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို မတ် ၂၂ ရက်က ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုကြစဉ်။

မြို့နယ် (ပြန်/ ဆက်)

# သန်လျင်မြို့နယ်၌ ကျေးလက်ကုန်ထုတ်ဂဝံလမ်းသစ်ဖွင့်ပွဲ ကျင်းပ

သန်လျင် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ကျေးလက်ကုန်ထုတ်ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် နံနက်ပိုင်းက ရုံးသပြေကန်ကျေးရွာကျေးလက်ကုန်ထုတ်ဂဝံလမ်းပေါ်၌ ကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်လင်းသန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က ရုံးသပြေကန်ကျေးရွာ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင် /မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရုံးသပြေကန်ကျေးရွာ ကျေးလက်



ဂဝံကုန်ထုတ်လမ်း မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျေးလက်ဂဝံကုန်ထုတ်လမ်းသည် အရှည် ၁/၃ ဒသမ ၂၁ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၉ လက်မရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၇၄ ဒသမ ၄ သန်းကို အသုံးပြုကာ တင်ဒါအောင်မြင်သည့် ဟန်သီရိကုမ္ပဏီမှ ၂၀၂၃ခုနှစ် ဒီဇင်ဘာလ တတိယအပတ်မှ စတင်ပြီး တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

# ရုရှားနိုင်ငံရှိ Crocus City Hall ကဇာတ်ရုံ အကြမ်းဖက်တိုက်ခိုက်ခံရမှုအပေါ် ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ပြောကြား

**ကုလသမဂ္ဂ မတ် ၂၃**

ရုရှားနိုင်ငံ၌ မတ် ၂၂ ရက်က ဖြစ်ပွားခဲ့သည့် Crocus City Hall ကဇာတ်ရုံ အကြမ်းဖက် တိုက်ခိုက်ခံရမှုအပေါ် ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၎င်း၏ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

မော်စကိုမြို့တော်အနောက်မြောက်ပိုင်း ခရာနိုဂိုရက်စ် မြို့ရှိ Crocus City Hall ကဇာတ်ရုံ၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၉၀ သေဆုံးပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟက်က ပြောကြားသည်။

အတွင်းရေးမှူးချုပ်ဂူတာရက်စ်သည် ကျန်ရစ်သူမိသားစုများအပါအဝင် ရုရှားပြည်သူများနှင့် ရုရှားအစိုးရတို့ထံ ဝမ်းနည်းကြောင်းပြောကြားပြီး ထိခိုက်ဒဏ်ရာရရှိသူများအား အမြန်ပြန်လည်ကျန်းမာလာစေရန် ဆုမွန်ကောင်းတောင်းခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ကဇာတ်ရုံတစ်ခုတွင် သေနတ်ပစ်ခတ်မှုကြောင့် ၁၄၀ ကျော် သေဆုံး



**မော်စကို မတ် ၂၃**

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ကဇာတ်ရုံတစ်ခုတွင် သေနတ်သမားများက ဦးတည်ရာမဲ့ ပစ်ခတ်ခဲ့ရာ ၁၄၃ ဦး သေဆုံးခဲ့သည်။

အဆိုပါသေနတ်ပစ်ခတ်မှုများပြီးနောက် Crocus City Hall ကဇာတ်ရုံတစ်ခုလုံး မီးလောင်ခဲ့ကြောင်း ဒေသခံများက ဆိုသည်။

အခင်းဖြစ်ပွားပုံမှာ မတ် ၂၂ ရက် ညနေခင်းအချိန်တွင် မြို့တော်အနောက်မြောက်ပိုင်း ခရာနိုဂိုရက်စ်မြို့ရှိ ကဇာတ်ရုံတစ်ခုတွင် လူကြိုက်များသည့် တေးဂီတအဖွဲ့၏ ဖျော်ဖြေပွဲစတင်ရန် ပရိသတ်များက စောင့်ဆိုင်းနေစဉ် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး ပရိသတ်များအကြား ဦးတည်ရာမဲ့ သေနတ် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ကလေးငါးဦးအပါအဝင် ပြည်သူ ၁၁၅ ဦးကို ဆေးရုံတင်ထားရကြောင်း ရုရှားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ၎င်းတို့အနက် ၆၀ ကျော်သည် စိုးရိမ်သည့်အခြေအနေတွင်ရှိပြီး သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း သိရသည်။

သေနတ်သမားများသည် အခင်းဖြစ်ပွားရာနေရာမှ အဖြူရောင် မော်တော်ယာဉ်ဖြင့် ထွက်ပြေးသွားကြောင်း ရုရှားမီဒီယာအချို့က ဖော်ပြသည်။

ရုရှား စုံစမ်းစစ်ဆေးရေးကော်မတီက အဆိုပါဖြစ်ရပ်မှာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

သမ္မတ ဗလာဒီမာပူတင်သည် ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး လိုအပ်သည့်ညွှန်ကြားချက်များကို ပေးခဲ့ကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပီးစ်ကော့ဗ်က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုကို ၎င်းတို့ကျူးလွန်ခဲ့ကြောင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ဝန်ခံပြောကြားသည်။

အမေရိကန်နှင့် ရုရှားတို့သည် အိုင်အက်စ်စစ်သွေးကြွများကို အမြစ်ပြတ်ချေမှုန်းရန် ဘုံရည်မှန်းချက်များရှိပြီး ယခင်က အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ အပြန်အလှန် မျှဝေခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာဒေသ၌ ပါလက်စတိုင်းသေဆုံးသူ ၃၂၀၀၀ ကျော် ရှိလာ

**ဂါဇာ မတ် ၂၃**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးစစ်ဘက်၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူဦးရေ ၃၂၀၀၀ ကျော် ရှိလာကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးစစ်တပ်၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၈၂ ဦး သေဆုံးကာ ၁၁၀ ဒဏ်ရာရရှိခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသရှိ နယ်မြေအသီးသီးတွင် သေဆုံးသူ ၃၂၀၇၀ နှင့် ဒဏ်ရာရရှိသူ ၇၄၂၉၈ ဦး ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြင်းထန်သော ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်ဘက်ကာကွယ်ရေးနှင့် လူနာတင်ယာဉ်ဝန်ထမ်းများ သွားလာနိုင်ခြင်းမရှိသောဒေသများတွင် စစ်ဒဏ်ခံပြည်သူအများစုသည် အပျက်အစီးများအောက်တွင် ရှိနေကြောင်း အဆိုပါဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

ထို့ပြင် ရာမာလာမြို့ အနောက်ဘက်ကမ်းတွင် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားစဉ်အတွင်း ပါလက်စတိုင်း သေနတ်သမား တစ်ဦး သေဆုံးပြီး အစ္စရေးစစ်သား ခုနစ်ဦး ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်းနှင့် အစ္စရေး သတင်းရင်းမြစ်များက ဆိုသည်။

အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်ခဲ့ရာ အစ္စရေးနိုင်ငံသား ၁၂၀၀ ခန့် သေဆုံးပြီး လက်ရှိအချိန်အထိ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနိုင်ငံက ကြီးမားသောထိုးစစ်ဆင်နေဆဲဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ကွန်ဂိုနိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံနီးပါး ငတ်မွတ်ခေါင်းပါးမှုအကျပ်အတည်းနှင့် ရင်ဆိုင်နေရ

**ကင်ရှာဆာ မတ် ၂၃**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ လူဦးရေ၏ လေးပုံတစ်ပုံနီးပါးဖြစ်သည့် လူဦးရေ ၂၃ ဒသမ ၄ သန်းခန့်သည် ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းနှင့် ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အပြင် နိုင်ငံ၏အရှေ့ပိုင်းပြည်နယ်များတွင် အကြမ်းဖက် တိုက်ခိုက်မှုများ တစ်ဟုန်ထိုးတိုးလာခြင်းတို့ကြောင့် ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းသည် ပိုမိုဆိုးရွားလာကာ မိသားစုများကို ထပ်မံထွက်ပြေးရန် တွန်းအားပေးနေကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေများ အရှိန်အဟုန်မပျက်ထောက်ပံ့ရန် လိုအပ်နေကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။



ကီဗူပြည်နယ်၏ မြို့တော်ဂိုမာမြို့ရှိ စစ်ဘေးရှောင်ပြည်သူများသည် အစာရေစာ၊ ရေသန့်နှင့် မိလ္လာများ အရေးတကြီး လိုအပ်နေကြောင်း သိရသည်။ ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့်အလှူရှင်များနှင့်မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများ လိုအပ်နေကြောင်းနှင့် ပိုမိုဆိုးရွားလာသည့် အကျပ်အတည်းများကို ဖြေရှင်းရန် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အမှုဆောင်ဒါရိုက်တာ မက်ကိန်းက ပြောကြားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ၎င်း၏ အရေးပေါ်လုပ်ငန်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် မေလတွင်ပျမ်းမျှလူဦးရေလေးသိန်းရှိခဲ့ရာမှ ယနေ့အချိန်တွင်ပျမ်းမျှလူဦးရေ ၁ ဒသမ ၃ သန်းအထိရှိလာခြင်းကြောင့် စားနပ်ရိက္ခာအကူအညီ ရယူနေရသော လူအရေအတွက်သည် သုံးဆတိုးလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အရေးပေါ်ကူညီမှုများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၅၄၈ ဒသမ ၅သန်း လိုအပ်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်

# ဂျပန်ပင်လယ်၌ ရုရှားရေငုပ်သင်္ဘောမှ ခရုဇ်ဒုံးကျည်တစ်စင်း အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**တိုကျို မတ် ၂၃**

ဂျပန်ပင်လယ်၌ ရုရှားရေငုပ်သင်္ဘောမှ ခရုဇ်ဒုံးကျည်တစ်စင်းကို ယမန်နေ့က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ပစိဖိတ်ရုရှားရေတပ်၏ ဒီဇယ်စွမ်းအင်သုံးရေငုပ်သင်္ဘောမှ ကာလီဘာ ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရုဇ်ဒုံးကျည်သည် ကီလိုမီတာ ၁၀၀၀ ကျော်အကွာခါဘာရိုဗက်စ်ဒေသရှိ ပစ်မှတ်တစ်ခုကို ထိမှန်ခဲ့ကြောင်း သိရသည်။

ပစိဖိတ်ရုရှားရေယာဉ်စု၏ ဌာနချုပ်သည် ရုရှားနိုင်ငံအရှေ့ပိုင်း ဗလာဒီဗော့စတော့ခ်မြို့၌ တည်ရှိသည်။ ရုရှားသည် ပြီးခဲ့သောနှစ်မတ်လတွင်လည်း ဂျပန်ပင်လယ်၌ ကာလီဘာ ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်အောင်မြင်ခဲ့ကြောင်း သိရသည်။

ယခု ခရုဇ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် အမေရိကန်နှင့် မဟာမိတ် ဂျပန်နိုင်ငံတို့ကို စစ်ရေးအရ ထိန်းချုပ်ဟန့်တားနိုင်ရန် ရည်ရွယ်ကြောင်း လေ့လာသူများက ပြောသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်



# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ မတ် ၂၀ ရက်တွင် ကုန်းတွင်းဆိပ်ကမ်းရွာသာကြီး (Dry Port)၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ကုမ္ပဏီမှ စွန့်လွှတ်ကြောင်း လျှောက်ထားလာသည့် Bickford's သစ်သီးဖျော်ရည် ဘူး ၄၈၀ အပါအဝင် ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၄၅၈၅၄ ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံး အတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Freedom Craft Solar Battery အလုံး ၂၈၀၊ Xingfa Aluminium Profiles ကီလိုဂရမ် ၃၉၃၀ အပါအဝင် ကုန်ပစ္စည်း ၁၇ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၃၃၅၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၉၆၉၃၀၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု

ထို့ပြင် မတ် ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Laptop (Used) ၃၄ လုံး၊ အခင်းပြားအခု ၂၀၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Mini Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂၁ ရက်တွင်ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် မြန်အောင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၁၆၉ တန်၊ သစ်မာ သုည ဒသမ ၄၅၄ တန်၊ အခြားသစ် ၈ ဒသမ ၀၉၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၉၆၅ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၂၁ ရက်တွင် ကလေးမြို့နယ်၌ လိုင်စင်မဲ့ New Star 125 ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မတ် ၂၂ ရက်တွင် မုံရွာမြို့ ရုံးကြီးရပ်ကွက် ညောင်ပင်ကြီးဇက်ဆိပ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) ဂါလန် ၉၅၀၊ ဓာတ်ဆီ(ချက်ဆီ) ၃၈ ဂါလန်နှင့် ပီပါခွံအလွတ် ၂၆ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၀၄၀၀ ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၉၀၄၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၈၂၁၆၆၉ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၀ ရက် ည ၈ နာရီခွဲတွင် ပြည်မြို့ ရွာဘဲရပ်ကွက်တွင် ကံလင်းဦး မောင်းနှင်ပြီး မမြမြနှင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မတ် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ကံမမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ထုံးကြီးကျေးရွာရှိ ၎င်းတို့၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ ကို လည်းကောင်း၊ အလားတူ မတ် ၂၂ ရက်ညနေ ၄ နာရီတွင် ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၅)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးတွင် ဇော်မင်းဦး(ခ) မင်းမင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၆ နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၂)ရပ်ကွက်ရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ မသင်္ကာဖွယ်တွေ့ရှိသူ စိုင်းသူရထွန်း(ခ) အာကြီး အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ မိနစ် ၅၀ တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် လပ်ကီးလမ်းမပေါ်၌ စိတ်ပြောင်းဆေးဝါးများရောင်းချခိုင်းသူ ဖြိုးဝေအောင်(ခ) ကိုဖြိုး အား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ဇော်မင်းဦး(ခ)မင်းမင်း အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၃-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ တပေါင်းသာဓေါင်လများနောင်
- ၀၉:၁၅ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၀၉:၄၀ ရိုးရာအမွေ **"ပအိုဝ်းခေါင်းပေါင်းအကြောင်း"**
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၅ (၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **"ပြည်ချစ်သားမွန် တေးသဝဏ်"** တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ်-၃)
- ၁၁:၃၅ အသိပညာနှင့်အမှန်တရား **"(၇၉)နှစ်မြောက်တပ်မတော်နေ့"**
- ၁၂:၃၅ **"ဓမ္မစကားတစ်ပါးကြွလာသည်"** တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုရုပ်ရှင် (ဆေးရောင်စုံရုပ်ရှင်) **"တောင်နိုင်လေးတစ်ထည်"** (ဇာတ်သိမ်းပိုင်း) (ရန်အောင်၊ နကွတ်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ)
- ၁၆:၃၅ Sports Diary
- ၁၆:၄၅ အသက်ရှူတိုင်းသတိရပါ ကမ္ဘာ့တီဘီအဆုတ်ရောင်ရောဂါ
- ၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၁၅ (၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုတေး
- ၁၇:၃၀ Economic Review
- ၁၈:၃၅ ဘယ်သူမှန်လဲ အပြိုင်ကြဲ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆုတောင်းပြည့်ကြယ်တာရာစတားလာ"** (အပိုင်း-၄၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ **"သကြန်မိုးနှင့်ပွင့်လန်းခဲ့သောပန်းကလေး"** (အပိုင်း-၁)
- ၂၁:၂၀ (၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **"သက်ရှိစည်းဖိုး"** (ခန့်စည်သူ၊ စိုးသီဟ၊ ဟန်ဆက်လူ၊ ပိုင်စစ်မှူး)

**mitv**

- 07:01 Evergreen Classic: Zambudipar (Shwe Yee Win)
- 07:09 Maravijaya Buddha Park New Milestone in History (1)
- 07:32 Skilled Performance of Traditional Myanmar Colored Glass Ball
- 07:42 We'll Leave After 12 Passengers Are On Board
- 08:01 News
- 08:28 Myanmar's Traditional Ceramics
- 08:48 CBT in Hopone Township
- 09:01 Discovering Tribes: Pa-O: their life and customs (Part-2)
- 09:37 Today Myanmar: Diving at Archipelagos (Kawthaung)
- 09:54 Myanmar Traditional Snacks: Mounhsi Gyaw
- 10:01 News
- 10:28 Dhammayangyi Temple
- 10:43 Generating Cash Flow from Homestead Livestock Farming

**MRTV NRC**

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** ပြုံးပဒေသာ(အပိုင်း-၁)
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ကျိုင်းတုံဒေသရဲ့သမိုင်းဝင်နေရာများ
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** ဗျာကလက်အိပ်မက်
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ငါးပက်ထုပ်ပရုံရှက်ဟင်းချို
- **စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၈)
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၄)
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံစည်းရာ
- **ချင်း(လိုင်စိုး) (၁၉:၀၀ မှ ၂၀:၀၀)** တီဘီရောဂါအကြောင်းသိကောင်းစရာ
- **ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** ချပ်ကျေးရွာမှ တောင်ပေါ်ပန်းသီးများ
- **မွန် (၂၁:၀၀ မှ ၂၂:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Next Level
- ၁၂:၁၅ စျေးစမ်းရာပွဲ ရှေးဟောင်းအမွေ
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၄၅ News Desk

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ **"ရုရှားနိုင်ငံ"**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"အမွေ"**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ **"စစ်မှုထမ်းဥပဒေ မကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း"**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၂၅)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၆:၄၀ ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲမှန့်မျိုးစုံစားသုံးကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Arthur Christmas (နိုင်ငံခြားဇာတ်လမ်း)
- ၁၈:၀၀ A Christmas Journey (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၅၀ Weekend News

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# စစ်တွေမြို့ ဘုမေကျေးရွာနှင့် ဘာဆာရာကျေးရွာတို့မှ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်ရှိ မြို့၊ ရွာများအတွင်း တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများ အလိုမရှိဟု ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

နေပြည်တော် မတ် ၂၃

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များအား တိုက်ပွဲများဖော်ဆောင်ခြင်း၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းတို့၏လုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထိုသို့ ကန့်ကွက်ရှုတ်ချလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာနှင့် ဘာဆာရာကျေးရွာတို့မှ ဒေသတည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ဘင်္ဂါလီလူမျိုးအင်အား ၁၅၀၀ ကျော်သည် ဘုမေကျေးရွာရှိ သတ်မှတ်စုရပ်နေရာ၌ စုဝေးပြီး ၎င်းစုရပ်နေရာမှ ဘုမေကျေးရွာနှင့် ဘာဆာရာကျေးရွာခြင်းဆက် လမ်းကြောင်းအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ကြကာ နံနက် ၁၀ နာရီခွဲခန့်တွင် အေးချမ်းစွာ လူစုခွဲခဲ့ကြသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် **“AA အလိုမရှိ၊ စစ်တွေမြို့ကိုကာကွယ်ကြ၊ တိုက်ပွဲအလိုမရှိ၊ လူနေရပ်ကွက်ထဲကို လက်နက်ကြီးနှင့် ပစ်ခတ်နေသည့် AA သောင်းကျန်းသူအလိုမရှိ၊ စစ်တွေမြို့ တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသော AA သောင်းကျန်းသူအဖွဲ့အလိုမရှိ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသော NUG၊ AA အလိုမရှိ၊ အကြမ်းဖက်တိုက်ခိုက်မှုအလိုမရှိ”** စသည့် ကြွေးကြော်သံများကို မြန်မာ-ဘင်္ဂါလီ နှစ်ဘာသာဖြင့် သံပြိုင်ကြွေးကြော်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




# ကျိုက်လတ်မြို့နယ် (လဝက)ရုံးမှ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် ငါးသောင်းကျပ်ပေးနေရကြောင်း DVB ရုပ်သံမှ သတင်းအမှားဖော်ပြ

ကျိုက်လတ် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် (လဝက)ရုံးမှ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ရာတွင် ငါးသောင်းကျပ်ပေးနေရကြောင်း DVBရုပ်သံမှ သတင်းအမှား ဖော်ပြခဲ့ကြောင်း သိရသည်။

ယင်းသတင်းနှင့်ပတ်သက်၍ ကျိုက်လတ်မြို့နယ်(လဝက)ရုံးအား သွားရောက်စုံစမ်းရာတွင် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းများ လာရောက်ပြုလုပ်ကြသူများ နေ့စဉ် ၅၀ ခန့် ရှိနေကြောင်း တွေ့ရပြီး ထိုသို့ လာရောက်ပြုလုပ်သူများအား မေးမြန်းခဲ့ရာ “ကျွန်မမှတ်ပုံတင်ဒီရုံးမှာ လာပြီးလုပ်တာ နှစ်ကြိမ်ရှိပါပြီ၊ သူတို့ကပိုက်ဆံတောင်းတာမျိုး မရှိပါဘူး၊ မှတ်ပုံတင်လာလုပ်တာ ပိုက်ဆံကုန်လားဆိုတော့ ရွာကနေမြို့ကိုလာတဲ့ ဆိုင်ကယ်ကယ်ရီခကုန်တယ်၊ အချိန်စောင့်ရတော့ စားတာသောက်တာလောက်တော့ ကုန်ပါတယ်၊ ဓာတ်ပုံရိုက်တာတို့ သွေးစစ်တာတို့ မိတ္တူဆွဲတာတို့ပဲ ကုန်ပါတယ်။ ရုံးမှာတော့ ပိုက်ဆံ မပေးရပါဘူး” ဟု မိဿလင်ကျေးရွာအုပ်စုမှ ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။




ထို့အတူ မှတ်ပုံတင်လာရောက်ပြုလုပ်သူတစ်ဦးက “ကျွန်တော်တို့ ဒီရုံးမှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုများကို မိသားစုအတွက် အကြိမ်များစွာ လာရောက်ပြုလုပ်ခဲ့ပါတယ်။ ရုံးဝန်ထမ်းများကို ငွေပေးရတာမျိုး၊ သူတို့ကငွေတောင်းခံယူတာမျိုး မရှိခဲ့ပါဘူး”ဟု ရုံးဒေါင့်ကျေးရွာအုပ်စုမှ ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DVBသတင်းဌာန၏ ဖော်ပြချက်အရ မြို့နယ် (လဝက) ဦးစီးမှူးအား တွေ့ဆုံမေးမြန်းရာ ကျွန်တော်တို့ရုံးအနေနဲ့ နိုင်ငံရေးစိစစ်ရေးကတ်တွေနဲ့ အိမ်ထောင်စုလူဦးရေစာရင်းတွေ လာရောက်ပြုလုပ်ဆောင်ရွက်ရာမှာ ပြည်သူတွေအခက်အခဲမရှိစေဖို့ နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်၊ အခုလို ဆောင်ရွက်ပေးတဲ့အခါမှာ ကျွန်တော်တို့ရုံးအနေနဲ့ အခကြေးငွေ သတ်မှတ်ထားခြင်းမရှိပါဘူး၊ ကျွန်တော်တို့ဟာ ပြည်သူတွေရဲ့ ဝန်ဆောင်မှုကိုပေးရတဲ့ဌာနဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အခက်အခဲကို ကူညီဆောင်ရွက်ပေးခဲ့တာပဲရှိပါတယ်”ဟု မြို့နယ်(လဝက)ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက ရှင်းလင်းပြောကြားသည်။

မတ်လ ၂၀ ရက်နေ့ DVB Digital ည ၈ နာရီ သတင်းတွင် ဖော်ပြထားသော ကျိုက်လတ်မြို့နယ်(လဝက)ရုံးမှ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းများပြုလုပ်ရာတွင် ငွေကျပ်ငါးသောင်းပေးနေရကြောင်း သတင်းရုပ်သံတွင် ဖော်ပြထားသော မှတ်တမ်းဓာတ်ပုံများတွင် မြင်တွေ့ရသော (လဝက)ဌာန၏ ရုံးဝန်ထမ်းများနှင့် ပြုလုပ်ဆောင်ရွက်မှုများသည် ကျိုက်လတ်မြို့နယ် (လဝက) ရုံးမှ တာဝန်ရှိဝန်ထမ်းများ မဟုတ်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

**သတင်းစဉ်**

# နာဂဒေသမြို့နယ် သုံးခုတွင် ဝက်ရူးပြန်ရောဂါရှိသူ၊ စိတ်မနှံ့သူ၊ မျက်လုံးတစ်ဖက်မရှိသူများကိုပါ စစ်မှုထမ်းခိုင်းရန် စာရင်းကောက်ယူနေကြောင်း ကောလာဟလသတင်းများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် နန်းယွန်းမြို့နယ် လဟယ်မြို့နယ်နှင့် လေရှီးမြို့နယ်တို့တွင် ဝက်ရူးပြန်ရောဂါရှိသူ၊ စိတ်မနှံ့သူ၊ မျက်လုံးတစ်ဖက်မရှိသူများကိုပါ စစ်မှုထမ်းခိုင်းရန် စာရင်းကောက်ယူလျက်ရှိကြောင်း ကောလာဟလသတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်းနှင့် သက်ဆိုင်ရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဝါဒဖြန့်ဝေနေခြင်းဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ၏ အခန်း(၆)တွင် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းတွင် ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများနှင့် တပ်မတော်ဆေး စစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ စသည့် အချက်များ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ တရားမဝင်ပြည်ဖျက်မီဒီယာများသည် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားကာ ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအပေါ် အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်မင်း ဦးစီးသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်စုစုပေါင်း ၄၈ ဦးသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သီပေါမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မတ်၂၃ ရက် နံနက်ပိုင်းက သန့်ရှင်းရေးများဆောင်ရွက်ကြစဉ်။**

၂၁၀



# ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ခိုင်မာနေသည့် နေလှည့်စေ့များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေ

မန္တလေး မတ် ၂၃

ယခုဆောင်းသီးနှံများ ရိတ်သိမ်းချိန်ကာလတွင် ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ခိုင်မာနေသည့် အလေ့ကျပေါက်ပင်များမှ ထွက်ရှိသော နေလှည့်စေ့များသည် မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်ကောင်းမွန်နေလျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ နေလှည့်စေ့များသည် အထက်အညာဒေသတွင် ကြက်သွန်ခင်း၊ ဂေါ်တ်ခင်းနှင့် ကုလားပဲခင်းများကြားတွင်အလေ့ကျပေါက်ရောက်နေသော နေလှည့်ပင်များမှ ထွက်ရှိလာကြောင်း၊ ယင်းနေလှည့်စေ့များသည် ယခုအခါ မန္တလေးဈေးကွက်အတွင်းသို့ ပုလဲ၊ ယင်းမာပင်၊ ဝမ်းတွင်း၊ သဲတော၊ သာစည်၊ ပျော်ဘွယ်ဒေသများမှ စတင်ဝင်ရောက်လာကြောင်း၊ ယခုအချိန်တွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် အရောင်းအဝယ်များကောင်းမွန်နေကာ နေလှည့်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ အထိ ဈေးနှုန်းများကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

အဆိုပါ နေလှည့်စေ့များသည် အထက်အညာဒေသတွင် ဆောင်းရာသီ၌ ထွက်ရှိကြောင်း၊ ယင်းနေလှည့်စေ့များကို ပြည်တွင်းဈေးကွက်တွင် အသုံးပြုမှုမရှိသလောက်နည်းပါးပြီး တရုတ်ပြည်ဈေးကွက်အတွင်း၌ ဆေးဝါးအဖြစ်ဖော်စပ်ရာတွင် အသုံးပြုရန် တွင်တွင်ကျယ်ကျယ် ဝယ်ယူနေသည့်အတွက် ဈေးကောင်းများရရှိနေကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ရေအသက် တစ်မနက်

• • • • • • • • • ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း) • • • • • • • • •

ရေဟာ ရုက္ခသတ္တလောကတို့ရဲ့ အသက်အတွက် အခြေခံအရင်းအမြစ်ပဲ။ ကျန်းမာရေး၊ စားရေရိက္ခာနဲ့ စီးပွားရေးဖွံ့ဖြိုးမှုတို့ရဲ့ ဇာစ်မြစ်ဖြစ်ပါတယ်။ ရေအသက် တစ်မနက်ဆိုသလို ရေမရှိပါက သစ်ပင်နဲ့ သစ်တောမရှိနိုင်၊ တိရစ္ဆာန်နဲ့ လူတို့လည်း ရှိနိုင်မှာမဟုတ်။ စဉ်းစားကြည့်ရင် သဘာဝတရားကြီးဟာ လူသတ္တဝါအပေါင်းရဲ့ လိုအပ်ချက်ဖြစ်တဲ့ရေကို လူသားတို့အသက်ရှင်နိုင်ဖို့သာမက လူနဲ့ လူ့ပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိသက်မဲ့ အားလုံးအတွက် ဖြည့်ဆည်းလျက်ရှိနေတယ်လို့ ပြောနိုင်ပါတယ်။

ကမ္ဘာ့မြေပြင်ရဲ့ ၇၀ ရာခိုင်နှုန်းဟာ ရေနဲ့ လွှမ်းခြုံထားတော့ ရေဟာ ပေါကြွယ်ဝတယ်လို့ ထင်ရပါတယ်။ တကယ်တော့ ပင်လယ်ရေဟာ သောက်သုံးရေ၊ အိမ်သုံးရေနဲ့ စိုက်ပျိုးရေအဖြစ် တိုက်ရိုက်သုံးလို့မရဘူးဆိုတာ လူအတော်များများ နားမလည်ကြပါဘူး။ ကမ္ဘာမှာ သဘာဝအလျောက် သောက်သုံးလို့ရတဲ့ ရေပမာဏဟာ ၂ ဒသမ ၅ ရာခိုင်နှုန်းပဲရှိပါတယ်။ ထုထည်အားဖြင့် သန်းပေါင်း ၃၅ ကုဗကီလိုမီတာရှိပါတယ်။ ဒီပမာဏဟာလည်း နေရာတကာမှာ ရနိုင်တာမဟုတ်၊ ဒီပမာဏရဲ့ ၅၀ ရာခိုင်နှုန်းကို ခုနစ်ဘီလီယံ လူထုဟာ မျှဝေသုံးစွဲနေရသလိုဖြစ်ပါတယ်။

နောင်အနှစ် ၂၀-၃၀ ကြာရင် ရေသုံးစွဲမှုပမာဏဟာ ၄၀ ရာခိုင်နှုန်းအထိမြင့်တက်လာမယ်လို့ ခန့်မှန်းပါတယ်။ လူသတ္တဝါတွေရဲ့ သဘောသဘာဝအရ ရေကြည်ရာ မြက်နုရာဆိုသလို ရေကြွယ်ဝတဲ့ နေရာဒေသတွေကို ရွှေ့ပြောင်းလုပ်ကိုင်လိုကြတဲ့ ဆန္ဒရှိပါတယ်။ ဒါကြောင့် ရေအရင်းအမြစ် ပေါကြွယ်ဝတဲ့ဒေသတွေက သုံးစွဲနိုင်တဲ့ ရေအရင်းအမြစ် အခြေခံအဆောက်အအုံတွေဟာ ရေအခက်အခဲနဲ့ ကြုံတွေ့လာနိုင်ဖွယ်ရှိပါတယ်။ ရေကို ချွေတာသုံးစွဲရမယ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။




**❝မြို့နေလူတန်းစားတွေကမှ ရေကို ချွေတာရလိမ့်မယ်။ ရေပုပ်၊ ရေညစ် မဖြစ်ရအောင် အဝတ်လျှော်ဆပ်ပြာ၊ အိုးခွက်ပန်းကန်ဆေးရေကို ကြုံသလို ကိုယ်အဆင်ပြေရင် ပြီးရောဆိုတဲ့သဘောကို ရှောင်ရလိမ့်မယ်။ ရေထုမညစ်ညမ်းဖို့သာ ဂရုစိုက်ရပေမယ်။ ရေကို ငွေကြေးပေးပြီး တစ်ကိုယ်တော် ပေါပေါသီသီ သုံးဖို့မသင့်၊ မျှဝေသုံးနိုင်ဖို့ ရေကိုခြွေတာရလိမ့်မယ်။ စက်ရုံထွက် ရေညစ်ရေဆိုးတွေကို စနစ်တကျ စွန့်ကြရပေလိမ့်မယ်။ ရေကို မည်သို့ ခြိုးခြံချွေတာသုံးရမယ်ဆိုတာကို အခြေခံပညာအဆင့်သင်ခန်းစာမှာ သင်ထားတဲ့အတိုင်းဆောင်ရွက်ဖို့နဲ့ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ကားဝပ်ရှော့တွေမှာ၊ ရေနဲ့ လျှပ်စစ်သုံးစွဲခြင်း၊ ခြိုးခြံချွေတာခြင်းတို့အတွက် ဥပဒေတွေရှိပြီး ဖြစ်ပါတယ်၊ ကိုယ်တိုင်လိုက်နာဖို့ပဲ။ စည်ပင်သာယာရေးအတွက် တာဝန်ရှိသူတွေဟာ လိုရင်လိုသလို ကြပ်မတ်ပေးလိုက်ရင် အားလုံးအဆင်ပြေလာပါလိမ့်မယ်❞**

**ရေဟာ သာမန်ဒြပ်ဝတ္ထုတစ်ခုကဲ့သို့မဟုတ်**

ရေရဲ့ ဓာတုဗေဒသင်္ကေတက $H_2O$၊ လွန်စွာ ရှင်းလင်းတဲ့ ဖော်မြူလာဖြစ်ပါတယ်။ ရေဟာ သာမန်ဒြပ်ဝတ္ထုတစ်ခုလိုမဟုတ်တာကို လူတိုင်း နားလည်မှာမဟုတ်ပါဘူး။ အရောင်အဆင်း၊ အနံ့ အရသာမရှိပေမယ့် ရေကိုသောက်ချင်နေပါတယ်။ လူ့ဦးနှောက်မှာ ရေဓာတ် ၇၅ ရာခိုင်နှုန်း၊ လူသွေးမှာ ၈၃ ရာခိုင်နှုန်း၊ အဆုတ်မှာ ၉၀ ရာခိုင်နှုန်းရှိနေဖို့ လိုအပ်ပါတယ်။ သောက်သုံးရန်၊ ချက်ပြုတ်ရန်၊ သန့်စင်ခန်း၊ ရေချိုးရန်အတွက် လူတစ်ဦးချင်း နေ့စဉ် လိုအပ်ချက်မှာ ၂၅-၅၀ လီတာ ဖြစ်တယ်ဆိုတာ လူတိုင်းမသိလောက်ဘူး။ သိပ္ပံသဘော၊ ဓာတုဇီဝသဘော နားလည်ရင်ပဲဖြစ်စေ၊ နားမလည်ရင်ပဲဖြစ်စေ၊ လူနဲ့ သတ္တဝါအပေါင်းဟာ ရေကို သောက်သုံးရမှန်း၊ ရေဟာ လွန်စွာအရေးကြီးမှန်း၊ ရေမရှိရင်မဖြစ်ဘူးဆိုတာ သိကြပေတယ်။

**အပူကို အများဆုံးသိုလှောင်နိုင်**

အပူစုပ်ယူနိုင်တဲ့ ပစ္စည်းတွေကတော့ ဒြပ်ဝတ္ထုပစ္စည်းတွေ အားလုံးပါပဲ။ သို့သော် ကမ္ဘာမြေကို ရေက ၇၀ ရာခိုင်နှုန်းနဲ့ ဖုံးလွှမ်းထားတော့ ရေဟာ အပူကို အများဆုံးသိုလှောင်နိုင်ပါတယ်။ အပူချိန်မြင့်လာတာနဲ့ ရေခိုးရေငွေ့အဖြစ် အပေါ်လေထုဆီကို ပျံတက်သွားတဲ့သဘောဟာ သဘာဝတရားပါပဲ။ မိုးတွေ ပို့ရွာလာခဲ့ပါတယ်။

မြန်မာတို့ဟာ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်စတဲ့ မြစ်ကြီးသုံးသွယ်စီးဆင်းရာ လွင်ပြင်ကျယ်ကြီးရှိတာကြောင့် မိုးရာသီမှာ ရေစတုရန်းကီလိုမီတာခြောက်သောင်း(60000 sqkm) ဖြင့် လွှမ်းခြုံနေပါတယ်။ နွေရာသီမှာသာ ရေရှားပါးမှုကို ကြုံရတတ်ပါတယ်။ မြန်မာပြည် မြို့ပြတွေမှာ စိတ်ချရတဲ့ သောက်သုံးရေဖူလုံမှုဟာ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်ဒေသတွေမှာတော့ ၅၀ ရာခိုင်နှုန်း ရှိပါတယ်။ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် မြန်မာတို့ဟာ သဘာဝရေရှားပါးမှုမရှိသေးဘူးလို့ ပြောနိုင်ပါတယ်။

ဧရာဝတီ၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြီးတွေသာမက မြန်မာနိုင်ငံမှာရှိတဲ့ အချို့သောမြစ်လက်တက်တွေက ရနိုင်တဲ့ရေဟာ စိုက်ပျိုးရေးအတွက် အလွန်အဖိုးတန်လျက်ရှိပါတယ်။ မြစ်ရေဆိုတာ တောင်စွယ်တောင်တန်းကြီးတွေက စီးဆင်းလာတာပဲ ဖြစ်ပါတယ်။ မိုးရွာသွန်းတာ၊ ရေခဲတွေအရည်ပျော်တာက မြစ်ထဲချောင်းထဲကို စီးဆင်းလာတာပဲ ဖြစ်ပါတယ်။ ဒီလိုစီးဆင်းလာတဲ့ လမ်းခုလတ်မှာ အင်းအိုင်ကြီးတွေ၊ ဆည်ကြီးတွေအသွင်နဲ့ ထိန်းထားနိုင်ခြင်းဖြင့် မြေပေါ်မှာ ရေကောင်းရမယ်။ ထိုဆည်ကြီး၊ ရေအိုင်ကြီးတွေက မြေအောက်ကို ယိုစီးဆင်းမယ်ဆိုရင် မြေအောက်ရေဟာ သောက်သုံးလို့ရတဲ့အဆင့်ဖြစ်ပါတယ်။

မြန်မာတို့ဟာ ကံကောင်းနေပါသေးတယ်။ ကမ္ဘာ့ရေရှားပါးမှုနဲ့ ကြုံတွေ့နေရတဲ့ နိုင်ငံပေါင်း ၂၅ နိုင်ငံရှိတဲ့အနက် နိုင်ငံ ၁၉ နိုင်ငံဟာ အာဖရိကတိုက်မှာ ရှိနေပါတယ်။ ၁ ဒသမ ၄ ဘီလီယံ ကမ္ဘာ့လူထုဟာ ရေကောင်းရေသန့်နဲ့ အလှမ်းမမီဖြစ်နေပါတယ်။ ရေမသန့်ရှင်းမှုရောဂါ (Waterborne Disease) ကြောင့် လူခုနစ်သန်းဟာ အသက်ဆုံးရှုံးလျက်ရှိပါတယ်။ ရေနဲ့ဆက်နွှယ်တဲ့ ရောဂါပိုးမွှားကြောင့် အာဖရိကန်အများအပြားရဲ့ 'သေနှုန်း' ဟာ အမြင့်မားဆုံးဖြစ်ရတယ်လို့ ဆိုပါတယ်။

တကယ်တမ်း စေ့စေ့တွေးလေ ရေးရေးသာ မြင်ကြမယ့်သူတွေဟာ အလကားနီးပါးရတဲ့ ရေနဲ့လေဟာ တန်ဖိုးကြီးမားကြောင်း မသိမြင်တာ အဆန်းတော့မဟုတ်ပါဘူး။ ဒါကြောင့် အလွန်တရာ တန်ဖိုးကြီးတဲ့ သဘာဝကပေးတဲ့ လေနဲ့ရေ သန့်ရှင်းကြည်လင် မညစ်ညမ်းစေဖို့ လူထုနဲ့ အဖွဲ့အစည်းတွေဟာ ရေးရှု၊ ဂရုစိုက်လာကြတာ တွေ့ရပါတယ်။ မြို့ရွာတွေရဲ့ လေထု ရေထုတွေ ဘယ်လောက်သန့်ရှင်းမှု ရှိသလဲ၊ အဆိပ်အတောက်ဓာတ်ငွေ့တွေ၊ ပိုးသတ်ဆေးတွေ အဆိပ်ဓာတ်ရှိတဲ့ လေးလံသတ္တု (Heavy Metals) တွေကို ဓာတ်ခွဲကာ ပြည်သူတို့အား အသိပေးနေတာတွေ့ရပါတယ်။ ရေနဲ့လျှပ်စစ် ခြိုးခြံချွေတာဖို့ဆိုတာ အားလုံးကောင်းဖို့ နှိုးဆော်နေရပါတယ်။ ကျွန်တော်တို့တစ်တွေဟာ နေ့စဉ်နေ့တိုင်း လေကို လီတာတစ်သောင်းနဲ့ နှစ်သောင်းကြားမှာ ရှူရှိုက်ပါတယ်။ လူတို့ဟာ နိစ္စဓူဝကိစ္စတွေ လုပ်ကိုင်ကြရင်း အများအားဖြင့် ဂဏန်းပေါင်းစက်မှာ အာရုံစိုက်နေကြပါတယ်။ လိုအပ်တာထက် လောဘတွေကြီးနေပါတယ်။ လေဝအောင်ရှူဖို့၊ ရေသောက်ဖို့ အများစုဟာ မေ့နေတတ်ပါတယ်။

သိပ္ပံသဘော၊ ဓာတုဇီဝသဘော နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ လူနဲ့ သတ္တဝါအပေါင်းဟာ ရေဟာ သောက်သုံးရမှန်း၊ ရေဟာ လွန်စွာအရေးကြီးကြောင်း ရေမရှိရင် မဖြစ်ဘူးဆိုတာ သိကြပေတယ်။ ရေကို ချွေတာသုံးစွဲရမယ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။

**စိတ်ပူခဲ့ရ**

၁၉၆၀-၁၉၈၈ ခုနှစ်အတွင်း နွေရာသီ ကျောင်းပိတ်ရက်တွေမှာ မိဘရပ်ထံ ရထားနဲ့ ပြန်လေ့ရှိတဲ့ခေတ်ကို သတိရမိပါတယ်။ ရထားလမ်း၊ ကားလမ်းဘေး၊ ရထားရပ်နားချိန်မှာ ကလေးငယ်လေးတွေဟာ "ရေရမယ်၊ ရေရမယ်" ဆိုပြီး ခေါင်းပေါ်ရေအိုးလေးတွေရွက်ပြီး ရေရောင်းတာတွေဟာ သတိရစရာဖြစ်ခဲ့ပါတယ်။ "ရေရမယ်၊ ရေရမယ်"လို့ တကြော်ကြော်အော်ပြီး ရေရောင်းနေတဲ့ ကလေးငယ်လေးတွေရဲ့ဘဝကို တစေ့တစောင်းကြည့်မိပါတယ်။ တစ်နေ့လုပ် တစ်နေ့စား ဘဝနဲ့ ကျောင်းမတက်ရရှာဘဲ မိဘတွေကို ကူညီလုပ်ကိုင်ပေးနေရတယ်။ ကလေးငယ်အချို့ဆိုရင်



ကျောင်းမတက်နိုင်ဘဲ ရေရောင်းရတဲ့ကိစ္စနဲ့ ဘဝကို ရုန်းကန်ခဲ့ရပါတယ်။

အိန္ဒိယနဲ့ အာဖရိကနိုင်ငံတွေမှာ မိသားစုအတွင်း ကလေးမိန်းကလေးတစ်ဦးဟာ နေ့စဉ် ရေကောင်း ရေသန့်ရရှိဖို့ နှစ်မိုင်၊ သုံးမိုင် (၄-၇ ကီလိုမီတာ)ခန့် သွားရောက်ပြီး ရေခပ်ရတဲ့အလုပ်ကို လုပ်နေရပါတယ်။ ဒီရေပြဿနာဟာ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်လေးတွေအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။ ဒီပြဿနာဟာ ပညာမသင်နိုင်၊ ရောဂါထူပြောပြီး ဆင်းရဲတွင်းက ရုန်းမထွက်နိုင်တဲ့ သံသရာတစ်မျိုးပါပဲ။

၁၉၈၈ ခုနှစ်နောက်ပိုင်း တိုင်းရင်းသားလုပ်ငန်းရှင်တွေနဲ့ သောက်ရေသန့်ထုတ်တဲ့စက်ရုံတွေ ဖွံ့ဖြိုးလာလို့ ဘယ်လိုခရီးပဲသွားသွား ပလတ်စတစ်ရေပုလင်းတွေကြောင့် ခရီးသွားပြည်သူတွေဟာ အဆင်ပြေခဲ့ပါတယ်။ ရေရမယ်လို့ တကြော်ကြော် အော်ရောင်းတဲ့ကလေးငယ်တွေဟာလည်း ရပ်ထားတဲ့ရထားဘေးက ပျောက်ကွယ်သွားကာ ကျောင်းနေဖို့ဖြစ်လာတော့ တိုးတက်မှုကြီးဖြစ်ခဲ့ပါတယ်။

**သမ္မာအာဇီဝလုပ်ငန်း**

ပုဂံခေတ်ကစလို့ ရှေးမြန်မာဘုရင်တွေလက်ထက်မှာ ဆည်မြောင်းတာတမံတွေ တူးဖော်၊ မိုးခေါင်တဲ့ဒေသတွေမှာပင် ကိုယ်စားမယ့် ဆန်စပါးကို စိုက်ပျိုးပြီး ကိုယ့်နိုင်ငံကို တည်ထောင်၊ စေတီပုထိုးတွေ တည်ထောင်၊ အလှူမင်္ဂလာတွေပေးနိုင်တာဟာ ပြောရရင် ရေအကြောင်းကို နားလည်လို့ပဲ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးအတွက် ရေသုံးစွဲမှုမှာ ၇၀ ရာခိုင်နှုန်း ရှိပါတယ်။ မိုးလေးတဖွဲဖွဲကျရင် တောင်သူလယ်သမားတို့ဟာ လယ်တောဆင်းဖို့ ပျော်ရွှင်နေကြတာကို တွေ့ရပါတယ်။

စာမျက်နှာ ၁၇ သို့ ☆

> **ကျွန်တော်တို့ဟာ ဧရာဝတီမြစ်ကြောင်း အရေးကြီးပုံအပါအဝင် ဧရာဝတီမြစ်ရေဟာ တန်ဖိုးကြီးပုံကိုသိနေပါတယ်။ နည်းပညာမြင့်မားရင် မြစ်ကြီးသုံးသွယ်ကို အကြောင်းပြုပြီး ရေကြောင်းသွားလာရေးတွေ ဖော်ဆောင်နိုင်ပါတယ်။ ရေအားလျှပ်စစ်ထုတ်ရင် အမှောင်ထုကို ခွင်းနိုင်ပါလိမ့်မယ်။ မြန်မာ့သယံဇာတကတော့ တစ်ပုံတစ်ခေါင်းကြီးလို့ ပြောရလောက်အောင် မြန်မာနိုင်ငံအလယ်အူကြောင်းက ရေကြောကြီးပဲ။ အမြဲစွတ်စိုနေတဲ့ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နဲ့ အရှေ့ဘက်ခြမ်းက သံလွင်မြစ်ကြီးတို့ပဲ။ ဒီမြစ်ကြီးသုံးသွယ်ဟာ မြန်မာတို့အတွက်ချမ်းသာဖို့ပဲ။ မြစ်ကြီးတွေဖြစ်လို့ ရေချိုလို့ခေါ်ပါတယ်။ စိုက်ပျိုးရေနဲ့ သောက်သုံးရေထိသုံးနိုင်တာမို့ ကမ္ဘာမှာတော့ စံချိန်လွန်ရေအရင်းအမြစ်ပဲ၊ သုံးတတ်ရင် အဖိုးအနဂ္ဃတန်ပါတယ်။ နည်းပညာနည်းရင်တော့ ပင်လယ်ထဲစီးဆင်းသွားတာပဲ အဖတ်တင်ပါမယ်။ ဒါသိဖို့ လိုပါတယ်**

☆ စာမျက်နှာ ၁၆ မှ

စွတ်စိုနေတဲ့ လယ်ယာ၊ ဗွက်ထနေတဲ့ လယ်ခင်းမှာ ပျိုးကြဲ၊ ပျိုးချ၊ ပျိုးစိုက်ရိတ်သိမ်း၊ စပါးလှေ့တဲ့ တောင်သူလယ်လုပ် ခေါ်မခုတ်ဟာ၊ "သမ္မာအာဇီဝ" မှန်စွာသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်လို့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်သူတွေနဲ့ မတူဘူး။

မြန်မာ့တောင်သူလယ်သမားတို့ဟာ ရေနဲ့မြေကို "မတည့်" ဝီရိယနဲ့ ဉာဏ်ကို ရင်းနှီးပြီး ဘုရားကျောင်းကန်သွား၊ သီတင်းသီလစောင့်ကြသူတွေဖြစ်တယ်။ ရာသီဥတု မိုးလေမှန်ရင် တစ်နှစ်လောက်နားနေလို့ရတဲ့ သူဌေးလေးတွေဖြစ်ပါတယ်။ နည်းပညာနဲ့ စက်မှုလယ်ယာတို့ကို ပေါင်းလိုက်ရင် မွေးမြူရေးပါထည့်လိုက်ရင် အမေရိကန်၊ ဂျပန်နဲ့ ထိုင်းက လယ်သမားသူဌေးကြီးတွေလို ဖြစ်လာလိမ့်မယ်လို့ပြောချင်ပါတယ်။ ရေနည်းနည်းနဲ့ အထွက်တိုးအောင် အချိန်တိုတိုနဲ့ သီးထွက်ကောင်းအောင်၊ ပိုးမွှားဒဏ်ခံနိုင်တဲ့ သီးနှံပင်တွေ အလျှံအပယ်ထွက်ပေါ်လာပါလိမ့်မယ်။

၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေဟာ ၁၀ ဘီလီယံကျော်မယ်လို့ ကုလသမဂ္ဂ လူဦးရေနဲ့ ရန်ပုံငွေအေဂျင်စီက ခန့်မှန်းပါတယ်။ လူဦးရေ အလွန်အမင်းတိုးပွားမှုဟာ အစားအစာ၊ ရေကောင်းရေသန့်နဲ့ လျှပ်စစ်ဓာတ်အားတွေ ပိုပြီးလိုအပ်မယ်ဆိုတာ ထင်ရှားပါတယ်။ နောင်အနှစ် ၂၀ ကျော်လာရင် အာဟာရပြည့်ဝတဲ့အစားအစာ ရေနဲ့စွမ်းအင်တွေ ပိုလိုအပ်ပါမယ်။

**နိုင်ငံတကာရဲ့ စံချိန်စံညွှန်းကတော့ စိုက်ပျိုးရေးအတွက် ရေလိုအပ်ချက် ရေအရင်းအမြစ်လိုအပ်ချက် ၆၀ မှ ၈၀ ရာခိုင်နှုန်းအထိရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ ၈-၁၀ ရာခိုင်နှုန်းသော ရေကိုသာ ရေသွင်းဆည်မြောင်းတွေက စိုက်ပျိုးရေးအတွက် သုံးနေပါသေးတယ်။ မြန်မာတို့ရဲ့ ရေအရင်းအမြစ်ဟာ စက်မှုနဲ့စိုက်ပျိုးရေးအတွက် ဖူလုံနေတယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။ ရေဖူလုံတဲ့မြန်မာတို့အတွက် အနာဂတ်မှာ ရေပြဿနာအကြီးအကျယ်ပေါ်လာခဲ့ရင် မိုးရေကို မည်သို့ထိန်း၊ မြစ်ချောင်းက ရေကို မည်သို့စုစည်း မြစ်ရေကို ဘယ်လိုနေရာမျိုးမှာတင်ပြီး ဝမ်းစာဖူလုံရေးသာမက ကောက်ပဲသီးနှံမျိုးစုံစိုက်ရုံဖြင့် ချမ်းသာတဲ့လူမျိုး၊ ကျန်းမာတဲ့လူမျိုး ဖြစ်နိုင်ပါတယ်။**

**ဆည်မြောင်းတာတမံတွေဟာ ရေထိန်းဖို့၊ ရေတင်ဖို့ဖြစ်ပါတယ်။ သောက်သုံးရေနဲ့ စိုက်ပျိုးရေဟာ နေရာအနှံ့နီးပါးရနေသေးတဲ့ အနေအထားဖြစ်တာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံဟာ ဆင်းရဲတွင်းက ရုန်းထွက်နိုင်ဖို့ ယနေ့အချိန်အခါမှာ ကျေးလက်တွေမှာ ဆည်ရေရရှိရေးကို အကြီးအကျယ် အားထုတ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ မြန်မာတို့အတွက် မြစ်ကြီးသုံးသွယ်နဲ့ ဧရာဝတီမြစ်ရေတင်စီမံကိန်းတွေဟာ ယနေ့အချိန်အခါအထိ အားရစရာကောင်းနေပါတယ်။ ရေကောင်းရေသန့်နဲ့ အလှမ်းမီလာပါတယ်။ မြန်မာနိုင်ငံ တောတောင်နေလူထုဟာ ရေကို ခြိုးခြံချွေတာရလောက်အောင် အခက်အခဲမရှိသလောက်ပါပဲ။**

**မြစ်ရေတင်စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးရေး**

၁၉၉၉-၂၀၀၅ ခုနှစ်အတွင်းက မြန်မာတို့ဟာ ရေတွင်းရေကန်တွေ၊ ဆည်တွေ၊ မြောင်းတွေ အကြီးအကျယ် တည်ထောင်ကာ ဒီဇယ်သုံးပြီး စက်တွေမောင်း၊ မြစ်ရေတင်စီမံကိန်းနဲ့ နွေစပါး စိုက်ပျိုးရေးကို အကြီးအကျယ်ဆောင်ရွက်ခဲ့ရာ ဆန်ရေစပါးပြည့်စုံခဲ့ပါတယ်။ မြစ်ရေတင်စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးရေးလုပ်ပါ၊ နွေရာသီမှာ နွေစပါးကို စိုက်ပျိုးခဲ့သလို နွေမိုးဆောင်းစိုက်ပျိုးခဲ့လို့ တောင်သူလယ်သမားတွေ ချောင်လည်ခဲ့ပါတယ်။ နွေမိုးဆောင်းစိုက်ပျိုးလို့ရတဲ့နေရာတွေမှာ ရေသွင်းစိုက်ပျိုးလိုက်ပါ၊ လိုအပ်တဲ့ စွမ်းအင်ကိုတော့ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ကိုထုတ်ပါ။ သူဌေးကြီးမဖြစ်ရင်တောင် "စပါးတောင်လိုပုံ" ဈေးကောင်းတွေ ရကြဦးမှာဖြစ်ပါတယ်။

**မြေအောက်ရေနည်းပါးခြင်း၊ မိုးခေါင်လာခြင်း**

တောလမ်းတစ်လျှောက် ကျွဲ၊ နွားတွေ သောက်တဲ့ ရေကန်တွေဟာ ယခင်ကလို မဟုတ်၊ ခန်းခြောက်စပြုလာကြပြီး ညောင်ပင်အိုတို့မှ အရွက်တို့ကလည်း ကျွဲ၊နွားစာအဖြစ်ရောက်လောက်အောင်၊ အစာရေစာရှားပါးလာရခြင်းတို့မှာ ရေရှားပါး၊ မိုးခေါင်လာလို့ပါပဲ။ အပူပိုင်းဒေသခံပြည်သူတို့ဟာ ရွှေကိုမလို ရေကိုသာ တမ်းတကြပါတယ်။ စက်မှုစက်ရုံတွေကလည်း မထွန်းကားလေတော့ ရေထုညစ်ညမ်းဖို့ဆိုတာ ပြောပလောက်တဲ့ အဆင့်မရှိပါဘူး။ ဈေးသွား ဈေးပြန်တွေ သောက်သုံးဖို့ ဇရပ်တွေမှာရှိခဲ့တဲ့ ရေအိုးစင်တွေလည်း ကွယ်ပျောက်သွားလေပြီ။ ရေအကျိုးဆယ်ပါး မတောင်းဘဲနဲ့ ပြည့်တယ်ဆိုတဲ့အတိုင်း၊ ရေလှူရှင်တွေရှိနေပေမယ့် အနီးတစ်ဝိုက်မှာ ရေတွေရှားလောက်အောင် မိုးခေါင်ခြင်း မြေအောက်ရေနည်းပါးခြင်းတို့ဟာ အကြောင်းတရားပဲဖြစ်နေပါတယ်။



**လူသာပဓာန**

အတ္တပရမ္မျှမျှတတနဲ့ ရေကိုချွေတာသုံးစွဲဖို့ပါပဲ။ ရေကိုချွေတာ သုံးစွဲရေးဟာ အခြားသောနိုင်ငံတွေမှာ ဥပမာ- စင်ကာပူ၊ ဩစတြေးလျနိုင်ငံတွေရောက်ရင် ထမင်းစားရေသောက်လုပ်သလို ရေကိုချွေတာရေး မေးမြန်းနေစရာ၊ ရှင်းပြနေစရာ မလိုလောက်ဘူး။ လူသာပဓာနပါပဲ။

စက်မှုထွန်းကားတဲ့ နိုင်ငံတွေမှာ လူတစ်ဦးချင်း တစ်နေ့ရေသုံးစွဲမှုဟာ လီတာ ၅၀၀ မှ ၈၀၀ အတွင်းရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံမှာတော့ လီတာ ၆၀ မှ ၁၅၀ အတွင်းပဲ သုံးစွဲကြပါတယ်။ သံ၊ သံမဏိ တစ်တန်ထုတ်ရင် ရေလီတာ ခြောက်သောင်း၊ မော်တော်ကားတစ်စီး ထုတ်လုပ်ရင် ရေလီတာ သုံးသောင်း သုံးစွဲရပါတယ်။ ဆန်စပါး တစ်ကီလိုဂရမ်ရဖို့ စိုက်ပျိုးရေဟာ လီတာ သုံးသောင်း၊ အမဲသား တစ်ကီလိုဂရမ်ရအောင် မွေးမြူရာမှာ ရေလိုအပ်ချက်တွေဟာ ရေလီတာ တစ်သောင်းခြောက်ထောင် ဖြစ်ပါတယ်။

**ရေကိုချွေတာပါ**

မြို့နေလူတန်းစားတွေကမူ ရေကို ချွေတာရလိမ့်မယ်။ ရေပုပ်၊ ရေညစ်မဖြစ်ရအောင် အဝတ်လျှော်ဆပ်ပြာ၊ အိုးခွက်ပန်းကန်ဆေးရေကို ကြုံသလို ကိုယ်အဆင်ပြေရင်ပြီးရောဆိုတဲ့ သဘောကို ရှောင်ရလိမ့်မယ်။ ရေထုမညစ်ညမ်းဖို့သာ ဂရုစိုက်ရပေမယ်။ ရေကို ငွေကြေးပေးပြီး တစ်ကိုယ်တော် ပေါပေါသီသီ သုံးဖို့မသင့်၊ မျှဝေသုံးနိုင်ဖို့ ရေကိုချွေတာရလိမ့်မယ်။ စက်ရုံထွက် ရေညစ်ရေဆိုးတွေကို စနစ်တကျ စွန့်ကြရပေလိမ့်မယ်။ ရေကို မည်သို့ခြိုးခြံချွေတာသုံးရမယ်ဆိုတာကို အခြေခံပညာအဆင့် သင်ခန်းစာမှာ သင်ထားတဲ့အတိုင်း ဆောင်ရွက်ဖို့နဲ့ စက်ရုံအလုပ်ရုံ မော်တော်ကားဝပ်ရှော့တွေမှာ၊ ရေနဲ့ လျှပ်စစ်သုံးစွဲခြင်း၊ ခြိုးခြံချွေတာခြင်းတို့အတွက် ဥပဒေတွေရှိပြီးဖြစ်ပါတယ်၊ ကိုယ်တိုင်လိုက်နာဖို့ပဲ။ စည်ပင်သာယာရေးအတွက် တာဝန်ရှိသူတွေဟာ လိုရင်လိုသလို ကြပ်မတ်ပေးလိုက်ရင် အားလုံးအဆင်ပြေလာပါလိမ့်မယ်။

မြန်မာတို့ရဲ့ ရေကို ညစ်ညမ်းစေမယ့် အိမ်တွင်းသုံး ရေစွန့်ပြစ်မှု ၅၀ ရာခိုင်နှုန်း၊ ပိုးသတ်ဆေးကြောင့် ရှစ်ရာခိုင်နှုန်း၊ အဝတ်လျှော်ဆပ်ပြာကြောင့် ဖော့စဖိတ်မြင့်မားမှု ၁၂ ရာခိုင်နှုန်း ရေတိုက်စားမှုကြောင့် ရေထုညစ်ညမ်းမှု ၂၅ ရာခိုင်နှုန်းအထိရှိနိုင်တာမို့၊ ဆင်ခြင်တတ်ဖို့ အသိပညာတွေကို တောရောမြို့ပါ မကျန် တတ်အောင်သင် လေ့ကျင့်ကြဖို့ဖြစ်ပါတယ်။

**မိုးကိုမျှော်ရုံနဲ့ ရေမရနိုင်**

မြန်မာတို့အတွက် သဘာဝတရားကြီးက မြစ်ကြီးသုံးသွယ်ကို လက်ဆောင်မွန်အဖြစ်ပေးထားပါတယ်။ သို့သော် ပေးကားပေး၏၊ ပညာနဲ့ ဉာဏ်အမြော်အမြင်နည်းပါးရင် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားနဲ့၊ ဒီဇယ်နဲ့ နေရောင်ခြည်သုံးပြီး မြစ်ရေတင်စီမံကိန်း လုပ်ရကောင်းမှန်းမသိရင် ဆင်းရဲတွင်းက တက်နိုင်ဖွယ်မမြင်။ ရုံဖန်ရုံခါဆိုသလို ဥတုရာသီဖောက်ပြန်မှု၊ အမျိုးမျိုးသော ဖောက်ပြန်မှုကြောင့် ရှိတဲ့သယံဇာတဟာလည်း သုံးမရ၊ ပညာမဲ့ နည်းပညာမဲ့ရင် ဆင်းရဲတွင်းမှာနေဖို့ပဲ ကျန်ပါတော့တယ်။ မြန်မာနိုင်ငံရဲ့ မြစ်ချောင်း၊ အင်းအိုင်တွေ တောင်ကျရေတွေကို ပိတ်ဆို့တားဆီးပြီး ရေကို အကျိုးရှိရှိ သုံးတတ်ဖို့ပဲ လိုပါတယ်။ ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင် မြန်မာဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မှန်မှန်ကန်ကန်ဖြစ်လာမယ်လို့ ပြောနိုင်ပါတယ်။

ကျွန်တော်တို့ဟာ ဧရာဝတီမြစ်ကြောင်း အရေးကြီးပုံ အပါအဝင် ဧရာဝတီမြစ်ရေဟာ တန်ဖိုးကြီးပုံကို သိနေပါတယ်။ နည်းပညာမြင့်မားရင် မြစ်ကြီးသုံးသွယ်ကို အကြောင်းပြုပြီး ရေကြောင်းသွားလာရေးတွေ ဖော်ဆောင်နိုင်ပါတယ်။ ရေအားလျှပ်စစ်ထုတ်ရင် အမှောင်ထုကို ခွင်းနိုင်ပါလိမ့်မယ်။ မြန်မာ့သယံဇာတကတော့ တစ်ပုံတစ်ခေါင်းကြီးလို့ ပြောရလောက်အောင် မြန်မာနိုင်ငံ အလယ်အူကြောင်းက ရေကြောကြီးပဲ။ အမြဲစွတ်စိုနေတဲ့ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နဲ့ အရှေ့ဘက်ခြမ်းက သံလွင်မြစ်ကြီးတို့ပဲ။ ဒီမြစ်ကြီးသုံးသွယ်ဟာ မြန်မာတို့အတွက် ချမ်းသာဖို့ပဲ။ မြစ်ကြီးတွေဖြစ်လို့ ရေချိုလို့ခေါ်ပါတယ်။ စိုက်ပျိုးရေနဲ့ သောက်သုံးရေအထိသုံးနိုင်တာမို့ ကမ္ဘာမှာတော့ စံချိန်လွန်ရေအရင်းအမြစ်ပဲ၊ သုံးတတ်ရင် အဖိုးအနဂ္ဃတန်ပါတယ်။ နည်းပညာနည်းရင်တော့ ပင်လယ်ထဲ စီးဆင်းသွားတာပဲ အဖတ်တင်ပါမယ်။ ဒါသိဖို့ လိုပါတယ်။

ရေမြေတောတောင် သယံဇာတ၊ မြေပေါ်မြေအောက် သယံဇာတတွေ ပေါကြွယ်ဝနေတာမို့ ချမ်းသာနိုင်တယ်။ ပညာနဲ့ အတတ်ပညာ အမြော်အမြင်ကြီးရင် ပိုပိုလို့ ချမ်းသာလိမ့်မယ်။ သယံဇာတများများမရှိပေမယ့်လည်း အတတ်ပညာ၊ နည်းပညာပါတဲ့ လူ့အဖွဲ့အစည်းဟာလည်း ချမ်းသာနိုင်တယ်ဆိုတာ ကမ္ဘာကိုကြည့်ရင် မြင်တွေ့နိုင်ပါတယ်။ နည်းပညာအတော်အသင့်သာလိုတဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံတွေကို မိုးများတဲ့ဒေသတွေမှာ ရဲရဲရင့်ရင့်တည်ဆောက်ပြီး စက်မှုလယ်ယာကို တည်ထောင်သင့်ပါတယ်။

**ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။**

- အခြေခံကျကျလုပ်ရမည့်ကိစ္စက ရေကို ခြိုးခြံချွေတာသုံးစွဲဖို့နဲ့ ပြန်လည်သုံးနဲ့ အလီလီ သုံးနိုင်တယ်ဆိုတဲ့စနစ်ကို ကျင်းသုံးနိုင်တာ ရေဖြစ်ပါတယ်။
- "ရေမကြွယ် ထင်းမကြွယ်" ဆိုတဲ့ အတိုင်း ရေနဲ့ လျှပ်စစ်ဓာတ်ကို ခြိုးခြံချွေတာ ထုတ်လုပ်သုံးစွဲပါ။ ချွေတာစုဆောင်း သူဌေးလောင်းဆိုတာယုံပါ။
- "ရေကိုမဖြုန်းနဲ့ မညစ်ညမ်းစေနဲ့" ဆောင်ပုဒ်ကို လက်ကိုင်ထားပါ။
- ရေအသက် တစ်မနက်ဆိုတာ သတိရပါ။

မတ်လ ၂၂ ရက်နေ့မှာ ကျရောက်မယ့် "ကမ္ဘာ့ရေနေ့" ကို ပညာအမြော်အမြင် နည်းပညာအမြော်အမြင်နဲ့သာ အလှဆင်နိုင်လိမ့်မယ်လို့ ဆိုချင်ပါကြောင်း။ ။

# စစ်ကိုင်းတောင်ရိုး သီတဂူဝိပဿနာအကယ်ဒမီကျောင်းတိုက်ကြီး၌ သံဃာအပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

မုံရွာ မတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရကြီးမှူး၍ စစ်ကိုင်းတောင်ရိုးရှိ သံဃာအပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို မတ် ၂၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူဝိပဿနာအကယ်ဒမီကျောင်းတိုက်ကြီးအတွင်း ကျင်းပရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ပင့်သံဃာဆရာတော်၊ သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။



ဦးစွာ ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ၊ မြို့မိ မြို့ဖများနှင့် အလှူရှင်များက ဝတ္ထုငွေနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွမ်းဆန်စိမ်းများ လောင်းလှူနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အဆိုပါကျောင်းတိုက်ကြီးအတွင်းရှိ သီတဂူသံဝေဇနိယဓမ္မဗိမာန်တော်ကြီး၌ စစ်ကိုင်းတောင်ရိုးရှိ သံဃာအပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန့်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သောဠသမဏ္ဍေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးက သြဝါဒကထာမိန့်ကြားချီးမြှင့်တော်မူပြီး ဆရာတော်ကြီးထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက ဒါတပ္ပဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးက မေတ္တာပို့ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟသ်ာတမြို့နယ် ကုလားခတ် - သုံးမြွှာဆိုင် ကျေးရွာချင်းဆက် ချောင်းကျောက်လမ်းဖွင့်ပွဲ ကျင်းပ

ဟသ်ာတ မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကုလားခတ်ကျေးရွာအုပ်စုတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့



ငွေလုံးငွေရင်းရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်သည့် ကုလားခတ် - သုံးမြွှာဆိုင် ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း၊ အဖွဲ့ဝင်(၂) ဦးအောင်မြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းတို့က လမ်းသစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုလားခတ် - သုံးမြွှာဆိုင် ကျေးရွာချင်းဆက်လမ်း ချောင်းကျောက်ခင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသစ်ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သိန်း ၉၀၀ မှ ရန်ပုံငွေ ၄၅သိန်း၊ ပြည်သူထည့်ဝင်ငွေ ၃၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး လမ်းအရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မ ချောင်းကျောက်လမ်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော်တွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိ

ဇလွန် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ရှစ်ရက်ကြာ ကျင်းပလျက်ရှိသည့် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက် မတ် ၁၈ ရက်မှ ၂၅ ရက်အထိ ရှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများ၊ မြင်းအလှပြိုင်ပွဲများ၊ ဇာတ်အလှသဘင်များ၊ ချား၊ ရဟက်၊ ပျော့အိမ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး တပေါင်းလဆန်း ၁၄ ရက်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၁၅၀ |
| 95 Ron | ၂၉၀၀ | ၂၉၅၀ | ၂၉၅၀ | ၂၉၁၀ | ၂၉၅၀ | ၂၉၇၅ | ၂၉၆၀ | ၂၉၃၅ | ၃၀၃၅ | ၃၀၅၀ | ၂၉၄၀ | ၂၉၆၀ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၀ | ၃၂၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၂ | ၂၈၆၁ |
| HSD (500 ppm) | ၂၃၂၁ | ၂၃၉၆ |
| HSD (50 ppm) | ၂၃၆၅ | ၂၄၄၂ |
| HSD (10 ppm) | ၂၃၆၅ | ၂၄၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၂၃

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

ဤ “ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း” စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၉-၃-၂၀၂၄ ရက်နေ့မှအဆက်)



### ရောဟိနီမင်းသမီးအကြောင်း

ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းသို့ အရှင်အနုရုဒ္ဓါမထေရ် ရောက်သောအချိန်၌ ယင်းကျောင်းသို့ ၎င်း၏ဆွေတော်အပေါင်းတို့သည် လာရောက်ကြကုန်သည်။ ၎င်း၏ညီမဖြစ်သူ ရောဟိနီမင်းသမီးသည် အရေပြားရောဂါစွဲကပ်နေသောကြောင့် ရှက်သဖြင့် မလာရောက်ပေ။

ထိုအခါ၌ အရှင်အနုရုဒ္ဓါသည် သူ့ညီမ ရောဟိနီမင်းသမီးအားခေါ်၍ မိမိ၌ဆင်ထားသော ရတနာတန်ဆာများကို ရောင်းချ၍ ဆွမ်းစားဇရပ်ဆောက်လုပ်ပြီး လှူဒါန်းလော့ဟူ၍ မိန့်ဆိုလေသည်။ ဆွေတော်မျိုးတော်များကလည်း သစ်စသောပစ္စည်းများ ယူဆောင်ပေးလေသည်။ ရောဟိနီသည် ယင်းတန်ဆာကို ရောင်းရာ ငွေတစ်သောင်း ရရှိသည်။

မထေရ်က နှစ်ထပ်ကျောင်းဆောင် ဆွမ်းစားဇရပ်ဆောက်လုပ်ရန် စီစဉ်လေသည်။ ရောဟိနီအားလည်း “ရောဟိနီ သင်သည် ဤဇရပ်ဆောက်လုပ်စဉ် ပျဉ်ခင်းပြီးသည်မှစ၍ နေ့စဉ်ဇရပ်အောက်၌ မပျက်တံမြက်လှည်း၊ မပျက်သောက်ရေအိုးများရေဖြည့်”ဟု မိန့်တော်မူသည်။ ၎င်းကလည်း မထေရ် မိန့်တော်မူသည့်အတိုင်း လုပ်ဆောင်သည်။ ဇရပ်ဆောက်လုပ်ပြီးသောအခါ ရဟန်းအပေါင်းတို့သည် ဇရပ်အောက်၌ နေကြပေသည်။ ရောဟိနီသည် ဇရပ်အောက်၌ တံမြက်လှည်းစဉ်ကပင် သူ၏ အရေပြားရောဂါသည် ညှိုးနွမ်းသွားလေသည်။

ယင်းဆွမ်းစားဇရပ်ပြီးသောအခါ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းလေသည်။ ယင်းအလှူသို့ ရောဟိနီမင်းသမီးသည် ရှက်၍မလာပေ။ ဘုရားရှင်က ဤအလှူသည် မည်သူ့အလှူဖြစ်သနည်းဟု မေးတော်မူသည်။ အရှင်အနုရုဒ္ဓါက သူ့ညီမရောဟိနီ အလှူဖြစ်ကြောင်း၊ ကိုယ်ရေပြားရောဂါဖြစ်၍ ရှက်သဖြင့် မလာကြောင်းကို လျှောက်ထားလေသည်။ ဘုရားရှင်က ရောဟိနီမင်းသမီးအား ခေါ်စေပြီး “ရောဟိနီ သင်သည် ရှေးအခါ မိဖုရားဖြစ်စဉ်က မင်းကြီး၏ ကချေသည်မကို ရန်ငြိုးထား ဒေါသထွက်ပြီး ယင်းကချေသည်၏ အဝတ်အစား၊ ခြုံထည်၊ အိပ်ရာများပေါ်သို့ ခွေးလှေးယားသီးမှုန့်များကို မသိအောင် ကြဲဖြန့်ထားသည်။ ကိုယ်၌ ယားယံ၍ အိပ်ရာ၌ သွားအိပ်သော်လည်း ခွေးလှေးယားသီးမှုန့်များကြောင့် ပြင်းပြသောဝေဒနာကို ခံစားရလေသည်။ ဤသို့ ဒေါသကိုမှီ၍ ပြုလုပ်ခဲ့သောကြောင့် ယခုဘဝတွင် ဤရောဂါကို ခံရပေ၏”ဟု ဘုရားရှင်က ရှေးအတိတ်ကံအကြောင်းကို ဟောပြလေသည်။

ဘုရားရှင်က ဆက်လက်၍ “ရောဟိနီ အနည်းငယ်မျှ အမျက်ထွက်ခြင်း၊ ငြူစူခြင်းငှာ မပြုသင့်၊ အမျက်ဒေါသကို စွန့်ပယ်ရ၏။ မာနကို စွန့်ရ၏။ သံယောဇဉ်အားလုံးကို ကျော်လွန်ရ၏။ ရုပ်နာမ်၌ တွယ်ကပ်ခြင်းမရှိ၊ ကြောင့်ကြခြင်းမရှိသော သူတို့၌ ဤဆင်းရဲဒုက္ခသည် မကျရောက်နိုင်” ဟု ဂါထာဖြင့် ဟောကြားလေသည်။ ဤသို့ တရားကိုနာကြားပြီးသောအခါ ရောဟိနီသည် သောတာပန်ဖြစ်လေသည်။ ကိုယ်ရေပြားရောဂါလည်း ပျောက်ကင်းကာ ၎င်း၏ကိုယ်သည် ရွှေအဆင်းနှင့် ပြည့်စုံမှုဖြစ်လာလေသည်။ ရောဟိနီသည် ဤဘဝမှ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏မိဖုရားသွားဖြစ်လေသည်။

### ဘုရားရှင်၏ ဦးရီးတော် သုပ္ပဗုဒ္ဓ မြေမျိုခံရခြင်း

သုပ္ပဗုဒ္ဓမင်းသည် ဘုရားရှင်မယ်တော်၏ မောင်တော်အရင်း ဖြစ်သည်။ ၎င်းသည် ဘုရားရှင်အား အချက်နှစ်ချက်ပေါ်မူတည်၍ ရန်ငြိုးဖွဲ့ထားသည်။ (၁) သုပ္ပဗုဒ္ဓမင်းသည် သူ့သမီးတော်ကိုပစ်၍ ဘုရားရှင်က တောထွက်သွားခြင်း၊ (၂) သုပ္ပဗုဒ္ဓမင်း၏သားဖြစ်သည့် ဒေဝဒတ်အား ရဟန်းဝတ်ပေးပြီး နေရာမပေးဘဲ ရန်သူသဖွယ် ဆက်ဆံခြင်းဟူသော အချက်များပေါ် အထင်လွဲမှား ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ သုပ္ပဗုဒ္ဓမင်းကြီးသည် အထက်ပါ ရန်ငြိုးများကြောင့် ဘုရားရှင် ဆွမ်းစားဖိတ်ရာ အရပ်သို့ မသွားနိုင်အောင် ပြုလုပ်ရန် ကြံလေသည်။ ဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ တစ်ဆယ့်ငါးဝါမြောက် ဝါကပ်တော်မူချိန် ဖြစ်သည်။ တစ်နေ့သောအခါ ဘုရားရှင်က ဆွမ်းစားရန် ဖိတ်သောနေရာလမ်းကို သူ၏ဦးရီးတော် သုပ္ပဗုဒ္ဓသည် သေရက်များသောက်၍ လမ်းပိတ်ထားလေသည်။ ထို့အပြင် သုပ္ပဗုဒ္ဓသည် မင်းချင်းတစ်ဦးအား ခေါ်ပြီး “ငါ့တူဘုရားကို အခြားလမ်းမှသွားရန် ပြောလိုက်။ ငါ့ထက် အသက်ငယ်တဲ့ ဤဂေါတမဘုရားကို လမ်းမပေးနိုင်ဘူး”ဟု ပြောခိုင်းလေသည်။ ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက်ကြွလာစဉ် ဦးရီးတော်၏စကားကိုကြားလျှင် ပြန်လှည့်၍ ကြွတော်မူလေသည်။

သုပ္ပဗုဒ္ဓသည် သူ၏ သူလျှိုတစ်ယောက်ကို လွှတ်၍ “ဂေါတမဘုရား ပြောသည့်စကားကို နားထောင်၍ ပြန်လာခဲ့လော့”ဟု စေခိုင်းလိုက်သည်။ ဘုရားရှင်က လှည့်ပြန်ရာမှာပင် “ချစ်သား အာနန္ဒာ ဦးရီးတော် သုပ္ပဗုဒ္ဓမင်းကြီးသည် ငါကြွရာလမ်းကို မဖယ်ပေးသောကြောင့် ကြီးလေးသော အကုသိုလ်အမှုကို ပြုခဲ့ချေပြီ။ ယင်းနေ့မှ နောက် ခုနစ်ရက်မြောက်သောနေ့၌ သုပ္ပဗုဒ္ဓမင်းကြီးသည် သူ၏ပြာသာဒ်အောက်ရှိစောင်းတန်းလှေကားရင်း၌ မြေမျိုခံရပေလတ္တံ့”ဟု မိန့်တော်မူလေသည်။

ထိုစကားကို သုပ္ပဗုဒ္ဓမင်းကြီး၏ သူလျှိုသည် မင်းကြီးအား ပြန်ပြောပြလေသည်။ “ငါ့တူ ဂေါတမ ပြောသည့်အတိုင်း ဖြစ်တတ်၏။ သို့ရာတွင် ဘုရားရှင် ဂေါတမ၏ စကားကို မမှန်အောင် ပြုပေအံ့”ဟု သုပ္ပဗုဒ္ဓသည် “ငါသည် ဤနေ့မှစ၍ ခုနစ်ရက်ပြည့်သည်အထိ ထိုစောင်းတန်းလှေကားရင်းသို့ မသွားဘဲ နေအံ့၊ ခုနစ်ရက်ပြည့်၍ မြေမျိုမခံရလျှင် သူ့အား ငါက မုသာဝါဒဖြင့် နိုင်ပေအံ့”ဟု ကြံလေသည်။

သုပ္ပဗုဒ္ဓမင်းကြီးသည် ၎င်း၏ အသုံးအဆောင်ပစ္စည်းများကို ဘုံခုနစ်ဆင့် ပြာသာဒ်ပေါ်၌ ထားစေသည်။ စောင်းတန်းလှေကားများကိုလည်း ဖြုတ်ထားပေသည်။ တံခါးများကိုလည်း ပိတ်ထားလေသည်။ တံခါးတစ်ခုစီ၌ နပန်းနှစ်ဦးစီကို ထားပြီး “ငါမေ့ပြီး အောက်သို့ဆင်းလျှင် အမောင်တို့က မဆင်းရအောင် တားမြစ်ကြလော့”ဟု မှာထားပြီး ဘုံခုနစ်ဆင့် ပြာသာဒ်ဆောင်၌ နေတော်မူသည်။

ဘုရားရှင်သည် ရဟန်းများထံမှ ဦးရီးတော် သုပ္ပဗုဒ္ဓ၏ ပြုမူဆောင်ရွက်ထားချက်ကို ကြားလျှင် “ရဟန်းတို့ သုပ္ပဗုဒ္ဓသည် ပြာသာဒ်ပေါ်၌ နေသည်ဖြစ်စေ၊ ကောင်းကင်ထက်၌ ပျံတက်နေသည်ဖြစ်စေ၊ လှေတို့ဖြင့် သမုဒ္ဒရာ၌ နေသည်ဖြစ်စေ၊ တောင်လိုဏ်ဂူတို့၌ ဝင်နေသည်ဖြစ်စေ၊ ငါဘုရား၏ စကားတော်မှာ မှန် မမှန်၊ ဟုတ် မဟုတ် နှစ်ခွမရှိ အဟုတ်အမှန် တစ်မျိုးတည်းသာရှိသည်။ ငါ ဘုရားဆိုထားသည့်အတိုင်း သုပ္ပဗုဒ္ဓသည် မြေမျိုခံရပေလတ္တံ့”ဟု ဂါထာဖြင့် မိန့်တော်မူလေသည်။

ဘုရားရှင်အား လမ်းပိတ်ဆို့သည့်နေ့မှ ခုနစ်ရက်မြောက်နေ့ နံနက်ခင်းသို့ ရောက်သောအခါ သုပ္ပဗုဒ္ဓမင်းကြီးသည် ၎င်း၏မင်္ဂလာမြင်း ကြိုးလွတ်၍ မြည်ဟည်းပြီး ထိုထိုနံရံတို့ကို ကန်သည်ကို ကြားရလေသည်။ ထိုအခါ ၎င်းသည် မင်္ဂလာမြင်းကို ဖမ်းယူစွဲကိုင်လိုသောစိတ်ဖြစ်ပေါ်၍ ပြာသာဒ်လှေကားများသို့ဆင်းလာလေသည်။ ယင်းလှေကားရှိ တံခါးများကလည်း အလိုလိုပွင့်သွားလေသည်။ ဖြုတ်ထားသော လှေကားများကလည်း နေရာအတိုင်း ဖြစ်နေလေသည်။ နပန်းသမားများကလည်း သူ့လည်ပင်းကို ဆွဲကိုင်၍အောက်သို့ပစ်ချလေသည်။ အောက်ဆုံးရှိ တံခါးအသီးသီး၌ စောင့်နေကြသော နပန်းသမားများကလည်း ၎င်း၏လည်ပင်းကို ဆွဲကိုင်၍ အောက်သို့ပစ်ချလေသည်။ ၎င်းသည် အောက်ဆုံးလှေကားခြေရင်းသို့ ရောက်သည့်ခဏ၌ပင် မြေကြီးသည် အက်ကွဲ၍ မြေမျိုလေသည်။ ဤသို့ဖြင့် သုပ္ပဗုဒ္ဓမင်းသည် တောက်လျှောက် အဝီစိငရဲသို့ ရောက်သွားလေသည်။

### သိကြားမင်းက ပြဿနာလေးပါးကို လျှောက်ထားခြင်း

ဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ တစ်ဆယ့်ငါးဝါ သီတင်းသုံးတော်မူပြီး ချွေချွတ်ထိုက်သူများကို ချွေချွတ်တရားများ ဟောကြားခဲ့ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွမြန်းတော်မူလေသည်။

ဤအချိန်တွင် တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းတို့အလယ်တွင် အောက်ဖော်ပြပါ ပြဿနာလေးပါး ပေါ်လျက်ရှိနေသည်။ ဤပြဿနာကို မည်သူမျှ မဖြေနိုင်ကြပေ။

(၁) အလှူအပေါင်းတွင် အဘယ်အလှူသည် အမြတ်ဆုံးနည်း။

(၂) အရသာအပေါင်းတွင် အဘယ်အရသာက အမြတ်ဆုံးနည်း။

(၃) မွေ့လျော်ခြင်းအပေါင်းတို့တွင် အဘယ်မွေ့လျော်ခြင်းသည် အမြတ်ဆုံးနည်း။

(၄) တဏှာကုန်ခြင်းဖြစ်သော အရဟတ္တဖိုလ်ကိုသာ အဘယ်ကြောင့် အမြတ်ဆုံးနည်း။

အထက်ပါ ပြဿနာလေးပါးကို နတ်အပေါင်းတို့ တစ်ဦးပြီးတစ်ဦး အချင်းချင်း မေးမြန်းကြသည်။ စကြဝဠာတိုက်အပေါင်းတို့၌ ၁၂ နှစ်ကြာ လှည့်လည်မေးမြန်း စုံစမ်းကြပါသော်လည်း မည်သူမျှ မဖြေနိုင်။ ဖြေနိုင်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရ၍ နောက်ဆုံး စတုမဟာရာဇ်နတ်မင်းကြီးလေးဦးထံသို့ သွားရောက်မေးမြန်းကြသည်။ သို့သော်လည်း ဤအဖြေကို မရဘဲ ဖြစ်နေသည်။


နောက်ဆုံး သိကြားမင်းထံ ဤပြဿနာလေးရပ်ကို မေးမြန်းကြသည်။ သိကြားမင်းကလည်း သူလည်း မသိ၊ မဖြေကြားနိုင်ပါဟု ပြော၍ ဤလေးပါးပြဿနာ ဖြေကြားခြင်းသည် ဘုရားရှင်သာဖြစ်ပါမည်ဟု ပြောဆိုလေသည်။

**“ဘုရားရှင်က ဆက်လက်၍ “ရောဟိနီ အနည်းငယ်မျှ အမျက်ထွက်ခြင်း၊ ငြူစူခြင်းငှာ မပြုသင့်၊ အမျက်ဒေါသကို စွန့်ပယ်ရ၏။ မာနကို စွန့်ရ၏။ သံယောဇဉ်အားလုံးကို ကျော်လွန်ရ၏။ ရုပ်နာမ်၌ တွယ်ကပ်ခြင်းမရှိ၊ ကြောင့်ကြခြင်းမရှိသော သူတို့၌ ဤဆင်းရဲဒုက္ခသည် မကျရောက်နိုင်” ဟု ဂါထာဖြင့် ဟောကြားလေသည်။ ဤသို့ တရားကိုနာကြားပြီးသောအခါ ရောဟိနီသည် သောတာပန်ဖြစ်လေသည်။ ကိုယ်ရေပြားရောဂါလည်း ပျောက်ကင်းကာ ၎င်း၏ကိုယ်သည် ရွှေအဆင်းနှင့် ပြည့်စုံမှုဖြစ်လာလေသည်။ ရောဟိနီသည် ဤဘဝမှ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏မိဖုရားသွားဖြစ်လေသည်”**

(ဆက်လက်ဖော်ပြပါမည်)

ဝတ္ထုတို

## ခင်ဇော် (သီတာကုန်းပြင်)




(၁)

မြစ်ကမ်းစပ်သို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံး ရောက်ရှိ၍လာနေကြသည်။ တချို့လှိုင်းလုံးလေးများသည် ကမ်းစပ်သို့မရောက်ခင်မှာပင်လွင့်ပြယ်ပျောက်ကွယ်၍ ကမ်းမဲ့လှိုင်းများ ဖြစ်သွားရလေသည်။ ဤသည်ကား လောကနိယာမတရားပင် ဖြစ်တော့၏။

(၂)

မိခင်ဖြစ်သူနှင့် ဖုန်းပြောရ၍အပြီး၌ သဇင်တစ်ယောက်သက်ပြင်းကို အကြိမ်ကြိမ်ချမိရင်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သကဲ့သို့ စိတ်မသက်မသာ ထိုင်ချလိုက်သည်။ စက်ရုံတွင် တစ်နေကုန် အလုပ်ပင်ပန်းခဲ့ရသောကြောင့် သူ့ခန္ဓာကိုယ်လေးသည် မလှုပ်ချင်လောက်အောင် အားအင်ကုန်ခန်း၍နေသလို မိခင်ထံမှ ကြားရသည့်စကားကြောင့် မနက်ဖြန်ဆိုသည့်နေ့ရက်များကို ရင်မဆိုင်ရဲအောင် စိတ်ခွတ်များ ပြိုလဲပျက်စီးခဲ့ရပြီး အရွယ်နှင့်မလိုက်အောင် အပူမီးအဟပ်ခံရပါပြီ။

သူ့ဘဝလေးသည် ငယ်စဉ်ကတည်းက ဆင်းရဲချို့တဲ့သော တောနေလူတန်းစားများအကြားတွင် မွေးဖွားခဲ့ပြီး သူ့အသက် ၁၀ နှစ်အရွယ်သို့ ရောက်သည့်အချိန်၌ ဖခင်ဖြစ်သူမှာ တောထဲထင်းခုတ်သွားရင်း ပိုးထိလို့ ဆုံးပါးကွယ်လွန်ခဲ့ရ၏။ ဖခင်ဆုံးသည့်နှစ်မှာပင် သူ၏ပညာရေးသည်လည်း ငါးတန်းဘဝနှင့် အဆုံးသတ်ခဲ့ရသည်။ မိခင်နှင့်အတူ ကောက်စိုက်၊ မြက်နုတ်၊ စပါးသယ်စသည့် သမ္မာအာဇီဝကျသော ကြုံရာကျပန်း အလုပ်မျိုးစုံကိုလုပ်ရင်း လောကဓံကို ကြံ့ကြံ့ခံအန်တုရင်ဆိုင်ခဲ့ရသည်။ သူတို့မိသားစုလေး အဆင်ပြေပြေ နေရဖို့ထက် ထမင်းနပ်မှန်အောင်စားရဖို့ပဲ ဆုတောင်းနေမိသည်။ ဆွေမျိုးများက ရွာတွင် ချမ်းသာပြည့်စုံကြသူများ ဖြစ်ကြသော်လည်း မပြည့်မစုံချို့တဲ့လွန်းကြသည့် သူတို့သားအမိကို အခေါ်အပြောမလုပ်ကြပေ။ ဂုဏ်မာနကြီးလွန်းကြသည့် ဆွေမျိုးများနှင့်လည်း ကင်းကင်းရှင်းရှင်းပင်နေထိုင်ခဲ့ပါသည်။

(၃)

ရပ်ထဲရွာထဲတွင် ပြုလုပ်သည့်အလှူမင်္ဂလာပွဲများတွင် သက်တူရွယ်တူအပျိုမိန်းကလေးများနည်းတူ သူလည်း လှလှပပဝတ်စားဆင်ယင်ပြီး ကွမ်းတောင်ပန်းတောင်ကိုင်ချင်၏။ လူတကာ၏ရှေ့တွင် ထင်ပေါ်ကျော်ကြားလိုစိတ်လည်း ရှိပါသည်။ သို့သော် သူ့အခြေအနေက အဝတ်အစားအလှအပထက် ထမင်းနပ်မှန်ရေးသာ အရေးပေးရမည့်ဘဝဖြစ်ကြောင်း ကိုယ့်ဘဝအမှန်ကို နားလည်ပါသည်။ ကိုယ့်ဘဝကိုယ် ပြန်တွေးမိတိုင်း အားငယ်ရ၏။ အရွယ်ရောက်ကတည်းက သက်သောင့်သက်သာနေရသည့်အချိန်ဟူ၍မရှိဘဲ ဘဝအတွက် ရုန်းကန်လှုပ်ရှားခြင်းများနှင့်သာ အချိန်ကုန်ခဲ့ရသည်။ အရာရာအောက်ကျလွန်းသည့် ဆင်းဆင်းရဲရဲဘဝမှ လွတ်မြောက်ရေးသည် သူ၏အဖြစ်ချင်ဆုံးဆန္ဒဖြစ်သည်။ ရွာမှာ သူများခိုင်းမှ အလုပ်ရသည့် အလုပ်သမားဘဝထက် မြို့ကိုတက်ပြီး တခြားမိန်းကလေးများလို စက်ရုံ၊ ကုမ္ပဏီများတွင် နေ့စဉ်ပုံမှန်လုပ်ရသည့် အလုပ်မျိုးကို သူလုပ်ချင်သည်။

ထိုအလုပ်များက ကိုယ်ကြိုးစားရင် ကြိုးစားသလို နှစ်ကြာလာလေလေ လုပ်ခလစာတိုးလေဖြစ်ကြောင်း မြို့ပေါ်စက်ရုံတွင် အလုပ်ဆင်းနေသည့် သူငယ်ချင်းက ပြောပြထား၍ သိပါသည်။ သူ၏သူငယ်ချင်းသည် စက်ရုံဆင်းသည့် လုပ်အားခနှင့် ရွာမှမိဘများအား ထောက်ပံ့နိုင်သည်။ အိမ်နှင့်ခြံ ဝယ်ပေးနိုင်သည်။ လက်ဝတ်လက်စားနှင့် အဝတ်အထည်များပင် ဝတ်နိုင်စားနိုင်သည့်အတွက် သူအလွန်အားကျ၏။ သူ့သူငယ်ချင်းလိုဖြစ်အောင် သူကြိုးစားချင်သည်။ထို့ကြောင့် အသက် ၁၈ နှစ်ပြည့်ချိန်တွင် ရန်ကုန်သို့တက်ပြီး သူငယ်ချင်းဖြစ်သူ၏အကူအညီပေးမှုနှင့် အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်ရခဲ့သည်။

(၄)

စက်ရုံတွင် အလုပ်ဆင်းသည့်နေ့မှစ၍ သူ့ဘဝသည် နဂိုရွာမှာတုန်းကလို လူတကာအလယ် မျက်နှာငယ်ရသည့် ရွှေမရှိ၊ ငွေမရှိအောက်ကျသည့် သူများခိုင်းဖတ်မဟုတ်တော့ဘဲ ကြီးမားစွာ ပြောင်းလဲခဲ့ပြီဟု ခံယူထားသည်။ လူသစ်၊ စိတ်သစ်ဖြင့် အလုပ်သစ်တွင် အကောင်းဆုံးကြိုးစား၍ သူ့ဘဝတိုးတက်အောင် ကြိုးစားမည်ဟူ၍လည်း စိတ်ပိုင်းဖြတ်ထား၏။ လကုန်၍ လစာထုတ်တိုင်း ရရှိသည့်လစာနှစ်သိန်းထဲမှ ရွာက အမေ့ကို လစဉ် တစ်သိန်း ထောက်ပံ့မည်။ ခြောက်သောင်းကို စားစရိတ်နှင့်နေစရိတ်ကို လောက်ငအောင်သုံးမည်။ ပိုငွေလေးသောင်းကို စုဘူး ပြုလုပ်၍ လစဉ်ငွေစုမည်။ တစ်နေ့တစ်နေ့ စက်ရုံမှာသာ အချိန်ကုန်ရသည်ဖြစ်၍ အပြင်မြို့ထဲကိုလည်း ထွက်မလည်ဖြစ်ပါ။ ထို့ကြောင့် အဝတ်အစားအသစ်လည်း မဝယ်ပါ။

သည်အချိန် သူ့အတွက်အရေးကြီးဆုံးက အဝတ်အစားမဟုတ်ပါ။ လစဉ်ငွေလေးသောင်းစုမိရန်နှင့် နှစ်ကုန်တာနှင့် စုဘူးလေးဖောက်ပြီး မိခင်အတွက် နားကပ်လေးတစ်ရန် ဝယ်နိုင်ရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် နေ့စဉ်နှင့်အမျှ မိမိကိုယ်ကို စိတ်ခွန်အားပေး၍ ကြိုးစားခဲ့ပါသည်။

"ဒီနေ့ အလုပ်ပိတ်ရက်မလို့ မြို့ထဲလျှောက်လည်ရင်း တစ်ခုခုသွားစားရအောင် သဇင်ရေ"

"မနက်ကတည်းက ခေါင်းထဲမရှင်းဘူးဖြစ်နေလို့ သူငယ်ချင်းရေ။ နောက်တစ်ခေါက်ကျမှလိုက်မယ် သိလား"

အခန်းထဲအတူနေ သူငယ်ချင်းများက အလုပ်ပိတ်ရက် မြို့ထဲလျှောက်လည်ရန်ခေါ်ကြသည်။ တကယ်တော့ သူ့လိုတောသူမတစ်ယောက်က ပိတ်ရက်လေးကို ရန်ကုန်က ဘုရားများနှင့် မရောက်ဖူးသည့် အထင်ကရနေရာများကိုသွားချင်ပါသည်။ သို့သော် အပြင်ထွက်ပါက သူငယ်ချင်းများနှင့် သွားသည်ဆိုသော်လည်း ငွေကပါဦးမှဖြစ်မည်။ သူ၏စုငွေထဲက ပွဲ၍မဖြစ်။ ထို့ကြောင့် လိုက်ချင်သွားချင်ပါသော်လည်း နေမကောင်းလို့ပါဆိုသည့်အကြောင်းပြချက်ဖြင့် အလိမ္မာသုံးပြီး ငြင်းခဲ့ရပါသည်။

စက်ရုံတွင်အလုပ်ဆင်းပြီး ရှစ်လခန့်တွင် စုဘူးထဲကငွေလေးကို ထုတ်ပြီး သူ့မိခင်ကို ဦးဦးဖျားဖျား နားကပ်လေးတစ်ရန်လုပ်ပေးနိုင်ခဲ့ပြီး ရွာကနေမြို့ကိုလာသည့် ဦးလေးတစ်ယောက်နှင့် မိခင်ဆီကို ထည့်ပေးနိုင်ခဲ့သည်။ ပထမဆုံးဖြစ်ချင်သည့်သူ့ဆန္ဒလေး ဖြစ်မြောက်သွားသည့်အတွက် အပျော်ကြီး ပျော်ခဲ့ရသည်။

သူ့အတွက် နားကပ်လေးတစ်ရန်နှင့် ရွာကအိမ်ကို အသစ်ပြန်ဆောက်မည်စသည့် နောက်ထပ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက်လည်း ခွန်အားတွေပို၍ ဖြစ်ခဲ့ရပါသည်။

(၅)

" သူငယ်ချင်း နင့်အမေ အဆောင်ကို လိုက်လာတယ်၊ ထွက်တွေ့လိုက်ဦး"

စက်ရုံမှာ အလုပ်ရပြီဆိုကတည်းက သူ့ရွာကို မပြန်ဖြစ်တာ ၁၀ လခန့်ရှိပြီဖြစ်၏။ မိခင်ကိုသတိရပါက ဖုန်းဆက်၍သာ အလွမ်းဖြေခဲ့ရပါသည်။ စက်ရုံပိတ်ရက်ရွာပြန်လို့ရသော်လည်း ရွာနှင့်ရန်ကုန်ကို အသွားအပြန် လုပ်မည်ဆိုပါက ကုန်ကျမည့်ခရီးစရိတ်သည် သူ၏လစဉ်စုငွေလေး ပြုတ်သွားနိုင်ပါသည်။ ထို့ကြောင့် ရွာကိုပြန်ချင်ပါသော်လည်း မပြန်နိုင်ခဲ့ရခြင်းဖြစ်ပါသည်။

စက်ရုံအလုပ်က ပြန်ရောက်ရောက်ချင်း တစ်ခန်းတည်းနေ သူငယ်ချင်းဖြစ်သူထံမှကြားရသည့် ရွာကအမေ ရန်ကုန်ကို လိုက်လာသည်ဆိုသည့် သတင်းစကားကြောင့် ဝမ်းသာအားရနှင့် အဆောင်အပြင်ကိုအမြန်ထွက်ပြီးကြည့်မိရာ ခရီးဆောင်အိတ်တစ်လုံးကိုဆွဲ၍ သူ့ကိုပြုံးကြည့်နေသည့် မိခင်ကိုတွေ့ရသဖြင့် ပြေး၍အားပါးတရ မလွှတ်တမ်းဖက်ထားမိသည်။ မတွေ့ရတာကြာပြီဖြစ်သော မိခင်နှင့်ဆုံရသည့်အတွက် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ကျမိသည်။

သို့သော် ဝမ်းသာမှုက မကြာရှည်ခဲ့ပါ။ တစ်ခဏအတွင်းမှာပင် နေလောင်ထားသည့် ပန်းတစ်ပွင့်နှယ် နွမ်းကြေခဲ့ရပါသည်။ သူ မသုံး၊ မစားရက်ဘဲ ကြိုးကြိုးစားစားနှင့်စုပြီး လုပ်ဆောင်ပေးခဲ့သည့် နားကပ်လေး မိခင်နားတွင် မတွေ့ရသောကြောင့် ဖြစ်ပေသည်။ ဤအကြောင်းကို သိချင်စိတ်ကြောင့် အမြန်မေးမိသည်။

" အမေ့နားကပ် နားမှာ မတွေ့ပါလား"

သူ့အမေးစကားအဆုံးတွင် သူ့မိခင်၏မျက်နှာ ချက်ချင်းညှိုးနွမ်းသွားပါသည်။ ထို့နောက် သူ၏လက်လေးကို မိခင်က ဖွဖွလေးကိုင်ရင်း တောင်းပန်သည့်လေသံဖြင့်....

"အမေ့ရဲ့မိုက်ပြစ်တွေပါ သမီးရယ်။ ခုရွာမှာလေ နှစ်လုံးထီလောင်းကစားတွေ အရမ်းခေတ်စားနေတယ် သမီးရဲ့၊ ပြီးခဲ့တဲ့လတုန်းကဆို တစ်ရွာလုံး ပေါက်ကြမြတ်ကြတာ။ ပေါက်ကြတဲ့သူတွေကို အမေလည်း အားကျတာနဲ့ နှစ်လုံးထီကစားမိတယ်။ အမေကစားတဲ့အပတ်မှ ဒိုင်စားတဲ့အပတ်ဖြစ်သွားတယ်။ တစ်ရွာလုံး ရှုံးလိုက်ကြတာသမီးရယ်။ တချို့ဆိုရင် အိမ်တွေ၊ လယ်တွေတောင် ချပေးရတယ်"

"ဒီလိုနဲ့သမီးလုပ်ပေးတဲ့နားကပ်လေး ကုန်သွားတယ်ပေါ့"

ဒေါသတကြီးဖြင့် မိခင်ဖြစ်သူကို ပြန်၍အော်ငေါက်မိသည်။

"နားကပ်လေးလည်း ရောင်းလိုက်ရသလို ပြီးတော့ ...."

သူ့မိခင်သည် စကားကိုဆက်မပြောနိုင်ဘဲ ဒေါသထွက်နေသည့်သမီးဖြစ်သူ၏ ပုံပန်းသဏ္ဌာန်ကိုကြည့်၍ ပြောမည့်စကားများ ခဏရပ်သွားသည်။

" ပြီးတော့ ဘာဖြစ်သေးလဲအမေ။ သားအမိနှစ်ယောက်ကြားမှာ ဘာမှလျှို့ဝှက်ထားစရာအကြောင်း မရှိတာကောင်းတယ်။ ဆိုးလည်းအတူ ခံကြတာပေါ့"

" ဒီလိုပါသမီးရယ်၊ နားကပ်အပြင် သူများကို ပေးစရာအကြွေးသုံးသိန်းတင်နေတယ်။အဲဒါ... "

မိခင်ထံမှကြားရသည့် စကားကြောင့် သူ့စိတ်တွေ ဟိုးအောက်ဆုံးထိ ထိုးကျခဲ့ရသလို ဝမ်းနည်းခြင်း စိတ်မကောင်းခြင်း အကြောင်းများကြောင့် သက်ပြင်းရှည်များကို တစ်ချက်ပြီး တစ်ချက်ချနေမိ၏။

"လုပ်ရက်လိုက်တာ အမေရယ်။ သမီးတို့သားအမိဘဝလေး ပြောင်းလဲဖို့အတွက် သမီးကတော့ မစားရက်၊ မသွားရက်နဲ့ ငွေကိုစုလိုက်ရတာ။ အမေ့ကြောင့် သမီးရဲ့ရည်မှန်းချက်တွေ ပျက်စီးရပါပြီ"

သူ့ရင်ထဲကစကားတွေကို ဖွင့်ထုတ်ပြောရင်း ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များပင် ကျလာသည်။

"အမေ့အမှားအတွက် သမီးကို တောင်းပန်ပါတယ်ကွယ်။ နောင်ကို အမေ ဒီနှစ်လုံးထီအလုပ်ကို ဘယ်တော့မှမလုပ်တော့ပါဘူးလို့ သမီးကို အမေ ကတိပေးပါတယ်နော်သမီး"

မိခင်ဖြစ်သူက နှစ်သိမ့်ပြောဆိုရင်း သမီးဖြစ်သူ၏ ပါးပြင်ပေါ်က စီးကျလာသည့်မျက်ရည်စများကို သူ့လက်လေးဖြင့် ဖယ်ရှားပေးနေ၏။ သူတစ်ပါးကို ပေးဆပ်ရန်ကျန်ရှိနေသော အကြွေးသုံးသိန်းကြောင့် သူတို့သားအမိ၏ ဂုဏ်သိက္ခာကို အပျက်အစီးမခံနိုင်ပါ။

ထို့အပြင် မိခင်၏ တစ်ကြိမ်တစ်ခါ မှားမိသည့်အမှားကို သူခွင့်လွှတ်နားလည်ပေးရမည်။ ထို့ကြောင့် စက်ရုံမန်နေဂျာကို အကူအညီတောင်း၍ ငွေသုံးသိန်းကို ကြိုတင်ငွေအဖြစ်တောင်းကာ မိခင်ကို ပေးလိုက်ပါတော့သည်။

(၆)

"သဇင်ရေ နင့်အမေဆီက ဖုန်းလာတယ်ဟေ့"

သူ့မိခင် ရန်ကုန်ကပြန်သွားပြီးကတည်းက သားအမိချင်းမတွေ့ဖြစ်သည်မှာ နှစ်လခန့်ရှိခဲ့ပြီဖြစ်သော်လည်း လစာထုတ်ရက်တိုင်း ရွာကမိခင်၏ စားဝတ်နေရေးအတွက် အမြဲငွေပို့ဖြစ်ပါသည်။ လခငွေထဲက ယူထားသည့် အကြွေးကိုလည်း ဖဲ့ပြီးဆပ်နေရသည့်အတွက် သူ၏အသုံးအစွဲ၊ ဝတ်မှုစားမှုကအစ တော်တော်ခြိုးခြံ၍ နေခဲ့ရသည်။ တစ်ခါတလေ မိမိဘဝကိုတွေးရင်း စိတ်အားငယ်ရသည့်အခါတိုင်း နောက်ထပ်လေးလ ထပ်ပြီးကြွေးဆပ်ပြီးပါက ယူထားသည့်အကြွေးကျေပြီဖြစ်ကြောင်းတွေးကာ မိမိကိုယ်ကို ဖြေသိမ့်ရပြန်သည်။

ညနေစက်ရုံအလုပ်သိမ်း၍ အဆောင်သို့ ပြန်လည်ရောက်ရှိကာစရှိသေး အဆောင်ပိုင်ရှင်အဒေါ်ကြီးထံမှ ကြားရသည့်စကားကြောင့် အဒေါ်ကြီးကမ်းပေးသည့်ဖုန်းကိုယူ၍ နားသို့တေ့လိုက်ပြီး...

" အမေရေ ပြောလေ " ဟုနှုတ်ဆက်စကားဆိုမိ၏။ သို့သော်ဖုန်းထဲမှ မိခင်၏ အဆက်မပြတ်ငိုနေသော အသံကြောင့် သူနားမလည်နိုင်ဖြစ်ရသည်။ စိတ်ထဲမှာလည်း..

"အမေတစ်ခုခုများ..."

ဆိုသည့် အတွေးကြောင့် နှလုံးခုန်သံမြန်လာသလို မိခင်ဆီကထွက်လာမည့် စကားသံများကို ရင်ဆိုင်ဖို့ အားမရှိသလို ခံစားမိ၏။

" အမေ့ကို ခွင့်မလွှတ်ပါနဲ့သမီးရယ်။ သမီးဆီက ပြန်သွားပြီးကတည်းက အမေ နှစ်လုံးထီလောင်းကစားအလုပ်ကို မလုပ်တော့ဘူးလို့ဆုံးဖြတ်ပြီး အေးအေးဆေးဆေးပဲ နေထိုင်ခဲ့တာပါ။ ဒါပေမဲ့ ရွာထဲက လူတချို့က အမေ့ကို လာပြောကြတယ်။ အရှုံးနဲ့ရပ်မထားသင့်ဘူး။ ငွေကို ငွေနဲ့ ပြန်လိုက်ရတယ်တဲ့။ အရှုံးနဲ့ရပ်လိုက်ရင် ရှက်စရာကောင်းတယ်။ အနိုင်နဲ့ ပိုင်းပြီးရပ်လိုက်မှ ဂုဏ်ရှိတယ်လို့ လာပြီးပြောကြလို့ အမေလည်း မခံချင်စိတ်နဲ့ အိမ်ခြံကို ငွေ ၁၅ သိန်းနဲ့အပေါင်ပေးပြီး တစ်ပတ်ဝင်ကစားမိတာ ထပ်ပြီးရှုံးပြန်တယ်။ ခုတော့ ခြံအပေါင်ခံထားတဲ့သူက ခုလမှခြံပြန်ပြီးမရွေးရင် အဆုံးလို့လာပြီး ပြောနေတာနဲ့ သမီးဆီကိုအမေဖုန်းဆက်ရတာပဲ။သမီးအသိတွေမှာဟိုတစ်ခါတုန်းကလို ငွေခဏလောက်ချေးငှားလို့ရရင်....."

ဖုန်းထဲက မိခင်၏စကားသံများကို သူဆက်၍နားထောင်နိုင်သည့် စွမ်းအားမရှိတော့ပါ။ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သကဲ့သို့ ပုံလျက်လဲကျသွားခဲ့ပါတော့သည်။ မြစ်ကမ်းစပ်သို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံးရောက်ရှိ၍ လာနေကြသည်။ တချို့လှိုင်းလုံးလေးများသည် ကမ်းစပ်သို့ မရောက်ခင်မှာပင် လွင့်ပြယ်ပျောက်ကွယ်၍ ကမ်းမဲ့လှိုင်းများ ဖြစ်သွားရလေသည်။ ဤသည်ကား လောကနိယာမတရားပင်ဖြစ်တော့၏။ ။

## စာပေအလင်း

☆ လောကအလင်း တွေ့ဖို့ဆို
ဖတ်ကြစာပေကို။
အချိန်ပိုလျှင် စာပေများ
လေ့လာလို့မှတ်သား။

☆ ကောင်းဆိုးမှန်မှား သိဖို့ရာ
စာကိုဖတ်ကြပါ။
တတ်သိလိမ္မာ ဖြူသန့်ရှင်း
ကိုယ်နှုတ်စိတ်အတွင်း။

☆ ကျန်းမာခြင်းဖြင့် တိုးတက်အောင်
စာပေကရှေ့ဆောင်။
လောကလူ့ဘောင် အောင်မြင်ရေး
စာပေလေ့လာပေး။

☆ ဉာဏ်နှင့်ယှဉ်တွေး ဘဝတွင်
ဆန္ဒသစ်အောင်မြင်။
စာပေဂုဏ်အင် ထွန်းတောက်ပ
လောကတစ်ခွင် အလင်းရ
တန်ဖိုးရှိဘဝ။ ။

စျာန်လေး(ပညာရေး)

---

## တပေါင်းပွဲတော် အတူနွှဲပျော်

❖ တပေါင်းပွဲတော်
နွှဲပျော်ဖို့ ဘယ်မမေ့။
လုပ်အားကို အလှူဒါန
ပြုကြမယ်ဟေ့။

❖ သောင်ပြင်မှာ ဆုံကာတွေ့
သဒ္ဒါမွေ့လို့ တည်ကြမည်
သဲပုံစေတီ။
တစ်ရွာလုံး စိတ်တူညီ
လက်အုပ်ချီ ကုသိုလ်ပွား။
ဗုဒ္ဓဂုဏ် ရည်မှန်းလို့
လှူဒါန်းသူများ။

❖ တို့ရွာသူ တို့ရွာသား
စိတ်ထားက ဖြူစင်တယ်။
ဒိုးပတ်သံ ဗေထုံဟည်း
တီးကြပြီကွယ်။
ကြည်နူးလို့ ဝမ်းမြောက်ဖွယ်
ကကြမယ် လက်မနှေး။
သဲစေတီ ဦးခိုက်လို့
ဖူးလိုက်စို့လေး။ ။

ခင်နွဲ့မူ (ပုလဲ)

---

ဆောင်းပါး

# အသက်မွေးမှုအတတ်ပညာ သင်ယူကြပါစို့

■ **ထက်အောင်လှူ(နံ့သာမြေ)**

"တက္ကသိုလ်ပညာရေးအား Academic Education ဟုခေါ်ပြီး အသက်မွေးဝမ်းကျောင်း ပညာရေးကို Vocational Training ဟုခေါ်၍ မတူညီသော ဝေါဟာရများအပေါ်တွင် လေ့လာကြည့်ရန် လိုပေသည်။

တက္ကသိုလ်ပညာဆိုသည်မှာ ပညာတတ်ရန်၊ ဗဟုသုတကြွယ်ဝရန်၊ ဘာသာရပ်အမျိုးမျိုးကို နားလည်ဆည်းပူးနိုင်ရန်ဟူသော ရည်ရွယ်ချက်များနှင့် တက္ကသိုလ်များအား တည်ထောင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်းပညာတွင်မူ မိမိဝါသနာ၊ မိမိမွေးရာပါ သဘောတရားများအပေါ်၌ အခြေခံ၍ ပေါ်ပေါက်လာသောပညာဖြစ်သည်"ဟု ဆရာမတစ်ဦးက ဆိုသည်။ "မိမိ၏ဗီဇနှင့် ကိုက်ညီသော အလုပ်လုပ်နိုင်ရေးအတွက်၊ မိမိ၏ဝါသနာနှင့် တစ်ထပ်တည်းဖြစ်သော အလုပ်လုပ်နိုင်ရေးအတွက် သင်ပေးသည်မှာ အသက်မွေးဝမ်းကျောင်းပညာပင် ဖြစ်ပေသည်။

အဓိက အသက်မွေးဝမ်းကျောင်းပညာ၏ အဓိပ္ပါယ်သည် ဘဝနေထိုင်ရပ်တည်မှုအတွက် နည်းလမ်းရှာဖွေခြင်းတစ်မျိုး ဖြစ်ပါပေသည်။ "မွေးဖွားခြင်းနှင့် သေဆုံးမှုကြားကာလ"ကို ဘဝဟု ခေါ်ကြပေသည်။ ထိုကာလလေး၌ ဘဝကိုလွဲမှားသော၊ မိုက်မဲသော အတ္တ၏စေခိုင်းခြင်းနှင့် ရှင်သန်နေပါမူ အဓိပ္ပာယ်ရှိသောဘဝ နေပျော်သောဘဝကို ရမည်မဟုတ်ပေ။ "ရိုးရိုးကျင့် မြင့်မြင့်ကြံ"ဆိုသကဲ့သို့ ဘဝကိုစာရိတ္တခိုင်မာလျက် အတတ်ပညာတစ်ခုခုနှင့် အသက်မွေးပါမှ အဖိုးအနဂ္ဃထိုက်တန်သောဘဝ ဖြစ်ပေမည်။

ထို့ကြောင့် ဘဝဟူသောအဓိပ္ပာယ်နှင့် "ရှင်သန်နေထိုင်ခြင်းအကြောင်းအရင်း"ကို သုံးသပ်သင့်ပေ၏။ မိမိ၌ မရှိသေး၊ မသိသေးပါလျှင်မူ အောက်ပါအချက်လေးချက်နှင့်မေးခွန်းများကိုမေးလျက် အသက်မွေးမှုပညာနှင့် ဘဝကို လူတစ်လုံးသူတစ်လုံးဖြစ်ရန် အကောင်ထည်ဖော်သင့်ပါပေသည်။

(၁) မည်သည့်အသက်မွေးမှုပညာကို သဘောကျသနည်း
(၂) မည်သည့်အပိုင်းမှာ ကျွမ်းကျင်သနည်း
(၃) မည်သည့်နေရာမှ ဝင်ငွေရနိုင်သနည်း
(၄) ဈေးကွက်၏လိုအပ်ချက်မှာမည်သည့်အရာနည်း

ဟု သုံးသပ်လျက် ဖြည့်ကျင့်နိုင်ပေသည်။

**မည်သည့်အသက်မွေးမှုပညာကို သဘောကျသနည်း**

ပညာရေးတစ်ပိုင်းတစ်စနှင့် တက်သစ်စလူငယ်တို့သည် မိမိသွားလိုရာလမ်းကြောင်းနှင့် ပန်းတိုင်အတွက် အသေချာရည်မှန်းလုပ်ဆောင်ရန် အထူးလိုအပ်ပေသည်။

အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ရှိသူများတွက် နိုင်ငံတော်မှဖွင့်လှစ်သော ဂီတ၊ စိုက်ပျိုး၊ မွေးမြူ နည်းပညာအစရှိသောကျောင်းများရှိသကဲ့သို့ ပုဂ္ဂလိကကျောင်းပေါင်းများစွာရှိပေသည်။ ပုဂ္ဂလိကကျောင်းများတွင်မူ "အခမဲ့ အခနဲ့" ဟူ၍ နှစ်မျိုးရှိနိုင်ပေသည်။ စိတ်ဆန္ဒပြင်းပြစွာ အသက်မွေးမှုအတတ်ပညာကို စိတ်ဝင်စားသော လူငယ်တို့အနေနှင့် "အခနဲ့" ပညာသင်ယူလိုသော် လစဉ်တိုင်း အပ်နှံသင်ယူနိုင်သကဲ့သို့ "အခမဲ့"တွင်မူ အချိန်ကာလဒေသ ကာလံဒေသံကို နားစွင့်လျက် ထိုအချိန်၌ သင်ယူမှုပြုကြရပေမည်။ သင်ယူမှုတွင် အမျိုးမျိုးရှိလေရာ မိမိနှင့်သင့်လျော်သောအနေထားကို ရွေးချယ်လျက် ဆုံးဖြတ်ရပေမည်။ အသက်မွေးဝမ်းကျောင်းပညာကိုသင်ယူမှသာ ဂုဏ်တင့်တယ်မှုနှင့် ဘဝ၏အာမခံရှိသော ဝင်ငွေလမ်းကြောင်းရရေး ဖြစ်နိုင်ပေ၏။ ထို့ကြောင့် ဘဝရပ်တည်ရေး စားဝတ်နေရေးတို့ကိုဖြေရှင်းရန် မည်သည့်အသက်မွေးမှုပညာကို သဘောကျသနည်းဟူသော မေးခွန်း၏ အဖြေအား အတိကျသိ၍ လျှောက်လှမ်းနိုင်ရေးအတွက် မိမိကိုယ်ကိုယ် ပြင်ဆင်ကြိုးကုတ်ရပေမည်။ သင်ယူရန် ငယ်ရွယ်မှုအချိန်ကောင်းကို အသုံးချလျက် ပန်းတိုင်သို့ စတင်ခြေလှမ်းလှမ်းရပေမည်။

**မည်သည့်အပိုင်းမှာ ကျွမ်းကျင်သနည်း**

မိမိ၏ဝါသနာသည် ငယ်စဉ်အခါကတည်းက အချက်အပြုတ်ဝါသနာ ပါပါသလား၊ အလှဖန်တီးမှုကို ဝါသနာပါပါသလား၊ လျှပ်စစ်နှင့်နည်းပညာကို ဝါသနာပါပါသလား၊ ဘာသာစကားပညာရပ်ကို ဝါသနာပါပါသလား၊ အနုပညာကို ဝါသနာပါပါသလား၊ စိုက်ပျိုးမွေးမြူကို ဝါသနာပါပါသလား၊ ကျန်းမာရေး စောင့်ရှောက်မှုကို ဝါသနာပါပါသလား အစရှိသော အရာများကို အသေချာလေ့လာလျက် မည်သည့်ဘက်၌ ပိုမိုထူးချွန်ပါသနည်း၊ ပျော်ရွှင်ပါသနည်း၊ ပိုမိုကျွမ်းကျင်ပိုင်နိုင်ပါသနည်းဟု ပြန်လည်မေးမြန်းအဖြေရှာလျက် မိမိလျှောက်သောလမ်းကို ကြိုတင်မှန်းဆ အားစိုက်သင်ယူကာ ထိုဘာသာရပ်အပေါ် ကျွမ်းကျင်မှုရှိလျက် ထိုပညာရပ်၏ အဆိုးအကောင်း အရင်းအဖျားအစုံ သိရှိလုပ်ဆောင်နိုင်ရေး ဦးစားပေး ရွေးချယ်ရပေမည်။ မိမိဝါသနာနှင့် ထပ်တူကျပါက စိတ်ဝင်စားအာရုံစိုက်လျက် အလုပ်လုပ်သည်ဟု မထင်တော့ပါဘဲ နေ့ရက်တိုင်းပျော်ရွှင်မှုရရှိနေပေလိမ့်မည်။ ဝါသနာကိုအခြေခံ အဖြေမှန်ကို ရွေးချယ်ရပေမည်။

**မည်သည့်နေရာမှ ဝင်ငွေရနိုင်သနည်း**

အသက်မွေးမှုအတတ်ပညာ သင်ယူပြီးပါမူ တတ်မြောက်ပြီးနောက် မည်သို့၊ မည်မျှပမာဏ ဝင်ငွေရနိုင်သနည်းကိုလည်း အာရုံပြုရပေမည်။ သို့မှသာ မိမိစားဝတ်နေရေး အဆင်ပြေပေဦးမည်။ ဘဝကိုရိုးသားကြိုးစား ရှင်သန်နေထိုင်ရေးအတွက် အတတ်ပညာတစ်ခု အသုံးပြုပြီး ငွေရလမ်းကြောင်းနှင့် စီးပွားဖြစ်ကြောင်းကို ရှေးရှုကြရပေမည်။ မိမိအထွာနှင့်မိမိ ထိုအတတ်ပညာကိုအသုံးချလျက် ထူထောင်နိုင်ရေး ကာလံဒေသံ ကာလဒေသတို့အပေါ် ကြည့်နိုင်ခန့်မှန်းနိုင်မှသာ ဝင်ငွေရလမ်းသည် ဖြစ်ပေါ်လာပေမည်။ မိမိတို့ဖောက်သည်များကို ရှာဖွေကာ လုပ်ငန်းလည်ပတ်လျက် ဝင်ငွေရလမ်းကြောင်း ဖော်ဆောင်ရပေမည်။ "တွေးတောကြံဆနည်းလမ်းရ"ဆိုသကဲ့သို့ ဝင်ငွေရလမ်းကြောင်းကို အာရုံပြုလျက် ကလျာဏမိတ္တများနှင့် လက်တွဲလုပ်ကိုင်ရပေမည်။ ဝင်ငွေကို မိမိကလိုက်မရှာရဘဲ ဝင်ငွေက မိမိကိုလိုက်ရှာနေသော အနေထားထိ ကြိုးစားရပေမည်။

**ဈေးကွက်၏လိုအပ်ချက်မှာ မည်သည့်အရာနည်း**

"ဈေးကွက်၏ လိုအပ်ချက်မှာ မည်သည့်အရာနည်း"ဟု မေးမြန်းရပေမည်။ ဥပမာအားဖြင့် မိမိလုပ်ငန်းလုပ်မည့် ပတ်ဝန်းကျင် နေရာရပ်ကွက်အတွင်း လုပ်ငန်းတူများ၊ ရှေ့ရောက်သူများ လေးငါးခြောက်ဦးရှိနေခဲ့ပါလျှင် မိမိအောင်မြင်ရေးများနှင့် စီးပွားဖြစ်မှု အဟန့်အတားဖြစ်လျက် ထမင်းစားရုံမျှသာ ရနိုင်သည်ကိုလည်း ဂရုပြုကြရပေမည်။ ထို့ကြောင့် မိမိဖြုပ်နှံလိုသော ဈေးကွက်၏ လိုအပ်ချက်အရ လုပ်ခွင့်ကောင်းသောလုပ်ငန်းဖြစ်ရန်လည်း ကြည့်တတ်ရပေမည်။ ဥပမာ မိမိရပ်ကွက်တွင် ဖောက်သည်များ၍ ဆံပင်ညှပ်ဆိုင်၊ လျှပ်စစ်ပစ္စည်း ပြုပြင်ဆိုင်မရှိသေးပါမူ မိမိသည် ထိုအတတ်ပညာနှင့် အသက်မွေးရန် ရွေးချယ်သင့်ပေမည်။ ဈေးကွက်၏ လိုအပ်ချက်ကို မြင်တတ်မှသာ အောင်မြင်မှုသရဖူ ဆောင်းနိုင်ပေလိမ့်မည်။

အခက်ခဲဟူသည် နေရာတိုင်းတွင် ရှိပါ၍ အသက်မွေးပညာသင်ယူရာ၌ အခက်အခဲများကြောင့် စိတ်ပျက်မသွားပါရန်လည်း လိုအပ်ပေ၏။ ဘာမျှမလုပ်ပါဘဲ အချိန်များကုန်ဆုံးသွားခြင်းထက် အတတ်ပညာတစ်ခုခု ဆည်းပူးသင်ယူလိုက်ပါက ကိုယ့်အရည်ချင်းတစ်ခု တိုးတက်သွားမည်ပင်။

ကိုယ့်အိပ်မက်တွေဆီ လျှောက်လှမ်းသော လမ်းခရီး၌ အနိမ့်၊ အမြင့်၊ အတက်၊ အကျ တွေ့ကြုံရသကဲ့သို့ အဆင်မပြေချိန်များရှိလာခဲ့သော် စိတ်မပျက်ရန်လည်းလိုအပ်ပါပေသည်။

အခက်အခဲများအား အခွင့်အရေးအဖြစ်ပြောင်းလဲအသုံးချပြီး မိမိအိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ရပေမည်။ ဝင်ငွေလမ်းကြောင်းကို ရှာဖွေဖန်တီးရာ၌ အတတ်ပညာကျွမ်းကျင်မှုသည် ပထမဆုံးလိုအပ်ချက်ဖြစ်ပေသည်။ "မင်းကို မင်းချစ်ရင် ပညာသင်ပါ စာဖတ်ပါ၊ မင်းတိုင်းပြည်ကို မင်းချစ်ရင် ပညာသင်ပါ စာဖတ်ပါ၊ မင်းတို့တစ်တွေ ဗဟုသုတကိုရှာဖွေပါ လေ့လာပါ၊ ဆည်းပူးပါ စာဖတ်ပါ တစ်ပါးသူရဲ့အတွေ့အကြုံကို လက်ဆင့်ကမ်းယူကြပါ။ ဦးနှောက်ကို ဦးစားပေးတဲ့စာမျိုး များများဖတ်စေချင်တယ်""လူခါးတောင်းကျိုက်ရင် ကူလီပဲဖြစ်မှာပေါ့ ဦးနှောက်ခါးတောင်းကျိုက်မှ အထွတ်ထိပ်ရောက်မယ်"ဟု ဆရာကြီးဦးအောင်သင်းက ဆုံးမခဲ့ဖူးပေသည်။

ယောကျ်ားလေးတစ်ယောက်၏ ဘုန်းတန်ခိုး၊ မိန်းကလေးတစ်ယောက်၏ ဘုန်းတန်ခိုးသည် "အတတ်ပညာ"ဟု လောကဓာတ်ဆရာ၊ နီတိဆရာတို့ကဆို၏။ ရုပ်ရည်ချောမောလှပမှု ကြည်လင်သောမျက်နှာ တင့်တယ်သောခန္ဓာကိုယ်ရှိလျှင် ကောင်းသောဂုဏ်ဒြပ်တစ်ခု ဖြစ်သော်လည်း ထိုထက်ပိုမိုကာ အသက်မွေးဝမ်းကျောင်း အတတ်ပညာရှိပါက အဓိပ္ပါယ်ရှိသောဘဝ ပြည့်စုံသောဘဝဖြစ်ပေသည်။

အချုပ်ဆိုရပါသော် မိမိရှင်သန်နေထိုင်နေသာ သမရိုးကျဘဝမှ "ချုံကြားမှ ဘုံဖျား" ရောက်ရန် အမြော်မြင်ရှိရှိ တွေးခေါ်ကြရမည်။ တစ်ရက်လုပ် တစ်ရက်စားဘဝမှ စွန့်စားမှုနှင့်အတူ အခွင့်လမ်းများအား ဖမ်းဆုပ်ကြရပါမည်။ အချိန်ကုန်ခြင်းသည် အို၍သေရန်သာမဟုတ်ပါဘဲ ဂုဏ်သိက္ခာရှိသော၊ လုပ်ငန်း ဝင်ငွေကောင်းသော စီးပွားရေးနှင့် လူ့ဘဝချမ်းသာသုခမျိုးစုံရနိုင်ရေး ကြိုးစားကြရပေမည်။

"တတ်ချင်လျှင် သင်တော်ချင်လျှင် လေ့ကျင့်" ဟူသော စကားနှင့်အညီ လေ့လာသင်ယူလျက် တတ်သူမှတော်သူများဖြစ်ရေး မိမိအစွမ်းအစကို မြှင့်တင်ပေးရမည်။ အောင်မြင်သူနှင့် မအောင်မြင်သေးသူတွင် "ရင်းနှီးပေးဆပ်မှု"ဟူသော အရာတစ်ခုသာခြားပါသည်။

ထိုအရာတစ်ခုကို ပေးဆပ်နိုင်ရပေမည်။ လောကတွင် အပေးနှင့်အယူဟူ၍ရှိ၏။ မိမိဘက်မှ လုံ့လဝီရိယနှင့် ပြင်းပြသောဆန္ဒတို့ ဦးထိပ်ပန်ဆင်လျက် အောင်မြင်မှုခရီးကို စတင်ဖော်ဆောင်ရမည်။

လောကကြီး၏သဘာဝအရ "ဆန်ပေးမှ ဆီရ" တတ်သည်ဖြစ်၍ အချိန်၊ လုပ်အား၊ ငွေအား အစရှိသည်တို့အားလည်း အရင်းအနှီးပြုလျက် အနာဂတ်စီမံကိန်းကို ဖော်ဆောင်ကြရပေမည်။ အသက်မွေးမှုအတတ်ပညာ သင်ယူတတ်မြောက်ပြီးသောအခါ ထိုပညာနှင့် အသက်မွေးလျက် မိမိပတ်ဝန်းကျင် မိမိမြို့နယ်ရွာ မိမိနိုင်ငံတော်ကောင်းကျိုး သယ်ပိုးကြရပေမည်။ ရိုးသားကြိုးစားကာ အတတ်ပညာနှင့် ပြည့်စုံသော နိုင်ငံ့သားကောင်းများဖြစ်ကြလျက် နိုင်ငံတော်မှ အားကိုးအားထားပြုရသော အတတ်ပညာရှင် လုပ်ငန်းရှင်များ ဖြစ်ကြပါစေကြောင်းဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **အရှင်ဒေါက်တာနန္ဒမာလာဘိဝံသ (ပါချုပ်ဆရာတော်)**
- **ဟောပြောပွဲများ(အောင်သင်း)**
- **ဓမ္မပဒ**

# မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့ တို့တစ်တွေရင်မှာမေ့ ထိန်းကြပါစို့မမေ့

ပြေအေးသက်

တပေါင်းသာခေါင် လများနောင်ဆိုသည့် ဆိုရိုးနှင့်အညီ မြန်မာလများတွင် တပေါင်းလသည် ၁၂ လမြောက် နောက်ဆုံးလဖြစ်ပြီး သာယာတင့်မောဖွယ်ရာလဟုဆိုကြသည်။ ဆောင်းအကုန် နွေအကူး မိန်ရာသီအစချိန်ကာလကလည်းဖြစ်ကာ ဆောင်းတစ်ဝက် နွေတစ်ဝက်လပင်ဖြစ်သည်။ နေ့ပူလို့ ညချမ်း၊ တပေါင်းလ လသရမ်းဟု ဆိုစမှတ်ပြုကြသည်။ လောကသဘာဝတစ်ခုလုံးသည် သစ်ပင်များ ရွက်ဟောင်းစွန့်၍ ရွက်သစ်လွန့်ကာ အညွန့်အညှောက်များ ပေါ်ထွက်ခြင်းဖြင့် တင့်တယ်လှနေသည်။ ရှင်ဥတ္တမကျော်သည် သူ၏တောလားကဗျာတွင် တပေါင်းလ၏ တင့်တယ်သာယာပုံကို "လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ယီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သော ပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား"ဟု ဖွဲ့ဆိုခဲ့သည်။



## တောလုံးလင်းသည့် သည်ချိန်ခါ

ဂေါတမမြတ်စွာဘုရား၏ ဖွားဖက်တော်ကာဠုဒါယီအမတ်သည် အခြွေအရံ ၁၀၀၀ နှင့်အတူ မြတ်စွာဘုရားရှင်အား ကပိလဝတ်ပြည်သို့ ကြွမြန်းရန် ၁၀ ကြိမ်မြောက်အဖြစ် ပင့်ဖိတ်လျှောက်ထားရန် ရောက်ရှိခဲ့ရာ မြတ်စွာဘုရားရှင်၏တရားနာယူရ၍ အားလုံး ရဟန္တာ ဖြစ်သွားခဲ့ကြသည်။ ရှေးကလည်း အမတ်တစ်ဦးစီနှင့် မင်းချင်း ၁၀၀၀ စီဖြင့် ကိုးကြိမ်လာရောက်ပင့်လျှောက်ခဲ့ရာ ပင့်လျှောက်သူအားလုံးလည်း မြတ်စွာဘုရားရှင်၏ တရားတော်များနာကြားရ၍ ရဟန္တာများဖြစ်နှင့်ချေပြီဖြစ်သည်။ သို့သော်လည်း ကာဠုဒါယီရဟန်းမှာ မြတ်စွာဘုရားရှင်၏ ဖခမည်းတော် ကပိလဝတ်ပြည့်ရှင်မင်းကြီးက မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ခိုင်းသည့်ဝန်တာရှိနေကာ အချိန်အခါကိုကြည့်၍ ယခုလို တောလုံးလင်းသည့် တပေါင်းလ၏ သာယာသည့်ချိန်ခါကို ၆၄ ဂါထာဖြင့် မြတ်စွာဘုရားရှင်ကို ကပိလဝတ်ပြည်သို့ ကြွမြန်းရန် အချိန်တန်ပြီဖြစ်ကြောင်းကို လျှောက်ထားခဲ့သည်။

## မထေရ်ကာဠုဒါယီ၏ ၆၄ ဂါထာ

ကာဠုဒါယီမထေရ်၏ မြတ်စွာဘုရားထံ လျှောက်ထားသည့် ဂါထာပထမပိုဒ်တွင် "အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊ ဖလေသိနော ဆဒနံ ဝိပ္ပဟာသ၊ တေအစ္စိမန္တောဝ ပဘာ သယန္တိ၊ သမယော မဟာဝီရ အင်္ဂီရသာနံ" ဟုဖြစ်ပါသည်။ သစ်ပင်အပေါင်းတို့သည် ရှည်ကြာမြင့်ညောင်း အရွက်ဟောင်းကို စွန့်ပယ်သာထွေ ကြွေကျကုန်ကာ အသစ်ဖြစ်သောအသီးကို ရှာမှီးကုန်သကဲ့သို့ဖြစ်၍ မီးကျီးအသွေး နီထွေးသော ရွက်နုအပွင့်အဖူးတို့နှင့် ပြည့်စုံကြကုန်၏။ ထိုသစ်ပင်အပေါင်းတို့သည် ဥတုလှံ့ဆောင် အရောင်ရှိကုန်သည်ဖြစ်၍သာလျှင် ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပကြသည်ဖြစ်ကုန်၏။ ကြီးမြတ်သောဝီရိယရှိတော်မူသော မြတ်စွာဘုရားရှင်၏ ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်တော်ရှိတော်မူသော မြတ်စွာဘုရားရှင်၏ ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော်ကန်လျောက်ပတ်ကောင်းမြတ်သောအချိန်ပါဘုရားဟု လျှောက်တင်ခဲ့သည်။

ဆက်လက်၍လည်း ဂါထာအလိုက် လျှောက်တင်ခဲ့ရာ ဂါထာ ၆ တွင် သီးကင်းရွက်နုတို့ဖြင့် တင့်တယ်ချိန်ဟုလည်းကောင်း၊ ဂါထာ ၁၃ တွင် မြေပြင်သည်လည်း ကုန်းကျင်းမရှိ ညီညွတ်သောအချိန်ဟုလည်းကောင်း၊ ဂါထာ ၂၁ တွင် အမြီးကိုထောင် အတောင်ကိုကော့ကာ ဥဒေါင်းတို့ မြူးရွှင်ချိန်ဟုလည်းကောင်း၊ ဂါထာ ၂၇ တွင် ခရီးသွားတို့ စိတ်နှလုံးမွေ့လျော်ရာ အချိန်ဟုလည်းကောင်း၊ ဂါထာ ၃၄ တွင် တစ်ယူဇနာ၌ ဆွမ်းခံရွာတို့လည်း ရှိပါကုန်၏ဟုလည်းကောင်း၊ ဂါထာ ၄၁ တွင် မိုးကောင်းကင်သည်လည်း သာယာတင့်တယ်သည်ဟုလည်းကောင်း၊ ဂါထာ ၄၆ တွင် လမ်းခရီး၌ စီးပွားဥစ္စာကြွယ်ဝသူတို့လည်း ရှိပါသည်ဟုလည်းကောင်း၊ ဂါထာ ၅၀ တွင် ကောင်းကင်နှင့် မြေပြင်သည် စင်ကြယ်သန့်ရှင်းသောအချိန်ဟု လည်းကောင်း၊ ဂါထာ ၅၄ တွင် ဆောင်းကိုလွန်မြောက် နွေဦးပေါက်ချိန်ဟုလည်းကောင်း၊ ဂါထာ ၅၆ တွင် ကပိလဝတ်မြို့၌ ခမည်းတော်၊ မယ်တော်နှင့် ဆွေတော်ရှစ်သောင်းတို့လည်း ရှိပါသည်ဟုလည်းကောင်း၊ ဂါထာ ၆၀ တွင် ဘုရားရှင်ကိုပင့်ရန် ၁၀ ကြိမ်တိုင် အမတ်တို့စေလွှတ်ခဲ့ပါပြီဟုလည်းကောင်း၊ ဂါထာ ၆၂ တွင် ခမည်းတော်တို့အား အားရနှစ်သိမ့်စေတော်မူသည်ဟုလည်းကောင်း လျှောက်တင်တော်မူသည်။

ယင်းနောက် နောက်ဆုံးဂါထာဖြစ်သည့် ဂါထာ ၆၄ တွင် "နာတိသီတံ နာတိဥဏှံ၊ နာတိ ဒုဗ္ဘိက္ခ ဆာတကံ၊ သဒ္ဒလာ ဟရိတာ ဘူမိ၊ ဧသကာလော၊ မဟာမုနိ"ကို လျှောက်တင်သည်။ ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရား ဆောင်းနှောင်းနွေဦး အခါထူးသည် အေးလည်း မအေးလွန်းလှပါ။ ပူလည်း မပူလွန်းလှပါ။ ကောက်ပဲသိမ်းစ ဥတုမျှ၍ အာဟာရမွတ် ရှားခေါင်းပါးခြင်း၊ ဆာလောင်ခြင်းမှလည်း ကင်းရှင်းပါ၏ဘုရား။ မြေအပြင်သည်လည်း နေစာမြက်ညွန့်ရှိသည်ဖြစ်၍ မြအရောင်သန်းစိမ်းလန်းစိုပြည်လှပါသည်ဘုရား။ ဆောင်းနှောင်းနွေဦး အခါထူးသည် ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရားဟု လျှောက်ထားခဲ့ရာ မြတ်စွာဘုရားအနေဖြင့် ဤခရီးတွင် သတ္တဝါအများ ကျွတ်လွတ်ကြရန် မြင်ခဲ့လေသည်။

## ရာဇဂြိုဟ်မှ ကပိလဝတ်သို့ အတုရိသာဒေသစာရီ

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့သည် ဂေါတမမြတ်စွာဘုရားရှင် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးရှိရာ ကပိလဝတ်ပြည်ကို ကြွချီရန်အတွက် ရာဇဂြိုဟ်မှ ရဟန္တာ တစ်သောင်းနှင့် ကပိလဝတ်ပြည်မှ ရဟန္တာ တစ်သောင်းတို့ ခြံရံလျက် မနေးမမြန်သော အတုရိသာဒေသစာရီကြွချီရန် ခရီးစတင်သည့်နေ့ ဖြစ်သည်။ လမ်းတစ်လျှောက်ရှိ ကျေးငှက်သာရကာများနှင့် တောတွင်းသားရဲတိရစ္ဆာန်တို့သည်လည်း မြတ်စွာဘုရားတို့ ကြွချီရာလမ်းတွင် ပူဇော်နေကြသလို မြို့ရွာနိဂုံးများရှိ လူအများကလည်း ဆွမ်းခဲဖွယ်ဘောဇဉ် သစ်သီးစားစရာများဖြင့် ပူဇော်လှူဒါန်းကြသည်။ မြတ်စွာဘုရားကလည်း တရားဒေသနာများဖြင့် ချီးမြှောက်တော်မူသည်။ ထိုမြို့နှစ်ခုခရီးအကွာအဝေးမှာ ယူဇနာ ၆၀ ရှိရာ မြတ်စွာဘုရားရှင်သည် တစ်နေ့လျှင် တစ်ယူဇနာသာ ကြွချီခဲ့သဖြင့် နှစ်လတာမျှ ကြွချီခဲ့ရရာ မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့တွင်ရောက်ရှိသဖြင့် ဘုရားအဖြစ်ရောက်ရှိသည့် တစ်နှစ်ပြည့်သည့်နေ့ ကျော်ခါစအချိန်ပင် ဖြစ်ပေသည်။

## ကာဠုဒါယီရဟန်း၏ ကောင်းကင်ခရီး

မြတ်စွာဘုရားရှင် စတင်ကြွချီသည်နှင့် ရဟန္တာကာဠုဒါယီသည်လည်း တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးမှကြွကာ သုဒ္ဓေါဒနမင်းကြီး၏ နန်းပြာသာဒ်အထက်ကောင်းကင်တွင် ရပ်တန့်နေသည်ကို မင်းကြီးကမြင်သော် တစ်ခါမျှမမြင်ဖူးသဖြင့် နတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗလော အဘယ်သူနည်းဟုမေးရာ ရဟန်းက ဘုရားရှင်၏ သားတော်ဖြစ်ပြီး မင်းကြီးသည် အဘိုးတော်သည်ဟု ဖြေရာမှ ရဟန်းမှာ ကာဠုဒါယီမှန်းသိ၍ ပလ္လင်ထက်တွင်ထားကာ ဆွမ်းကပ်လှူဒါန်းသည်။ မြတ်စွာဘုရားရှင်ကိုမေးရာ ဖခမည်းတော်ဘုရင်နှင့်တွေ့ရန် ရဟန္တာနှစ်သောင်းခြံရံလျက် ကြွချီလာပြီကိုသိရ၍ ဝမ်းသာအားရစွာဖြင့် မြတ်စွာဘုရားရှင်အတွက်လည်း ဆွမ်းလှူဒါန်းလိုက်သည့်အပြင် နေ့စဉ်ဆွမ်းအလှူခံရန် ပင့်ဖိတ်သဖြင့် နေ့စဉ် ကောင်းကင်မှ ဆွမ်းအလှူခံရသလို မြတ်စွာဘုရားရှင် အတွက်လည်း နေ့စဉ်ဆွမ်းလှူဒါန်းသည်။ ဘုရားရှင်ကလည်း ခမည်းတော်မင်းကြီးလှူဒါန်းသည့် ဆွမ်းကို လမ်းခရီးအကြား နေ့စဉ်ဘုဉ်းပေးကာ ကပိလဝတ်ပြည်သို့ရောက်ပြီးသည့် နောက်နေ့မှစ၍ မြို့တွင်းလမ်းများတွင် ဆွမ်းခံထွက်တော်မူသည်။

## ဘုရားမျိုးနွယ်

မင်းကြီးလည်း ဆွမ်းခံထွက်သည့်ကိစ္စနှင့် ပတ်သက်၍ မင်းမျိုးမင်းနွယ်ဖြစ်၍ တောင်းခံစားရိုးထုံးစံမရှိဟု လျှောက်ထားရာ ဘုရားရှင်က ရှေးအစဉ်အဆက် ဘုရားမျိုးနွယ်ဖြစ်၍ ဤသို့ ဆွမ်းခံရကြောင်းကို ဂါထာနှစ်ပုဒ်ဖြင့် ဟောကြားတော်မူသည်။ "ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ၊ ဓမ္မစာရီ သုခံ ဆေတိ၊ အသ္မိံ လောကေ ပရမှိစ" ဟု ဟောကြားအပြီးတွင် မင်းကြီးသည်လည်း သောတာပတ္တိဖိုလ်၌ တည်သည်။ ဒုတိယဂါထာဖြစ်သော "ဓမ္မံ စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ၊ ဓမ္မစာရီ သုခံ ဆေတိ၊ အသ္မိံ လောကေ ပရမှိ စ" ကို ထပ်မံဟောကြားရာ မင်းကြီးသည် သကဒါဂါမိဖိုလ်နှင့် မိထွေးတော်ဂေါတမီသည် သောတာပတ္တိဖိုလ် တည်ကြလေသည်။

ထို့နောက် မြတ်စွာဘုရားရှင်အမှူးပြုသော သံဃာတော်အပေါင်းကို နန်းတော်သို့ပင့်၍ မင်းကြီးက ဆွမ်းကပ်လေသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားရှင်သည် ဘုရင်နှင့်တကွ မင်းပရိသတ်ကို ဓမ္မပါလတရားဟောကြားတော်မူရာ မင်းကြီးနှင့်တကွ ပရိသတ်အားလုံး အနာဂါမိဖိုလ်၌ တည်ကုန်ကြသည်။

## ယသောဓရာ၊ ရာဟုလာနှင့် လောကုတ္တရာအမွေ

မြတ်စွာဘုရားရှင်သည် ရာဟုလမာတာ ယသောဓရာ၏ပြာသာဒ်ဆီသို့ ကိုယ်တော်တိုင် ကြွတော်မူသည်။ ယသောဓရာလည်း ဘုရားရှင်ကို ဖူးမြော်ရ၍ သောကမီးများ ငြိမ်းအေးစေပြီးနောက် ဘုရားရှင်သည် စန္ဒကိန္နရီဇာတ်ကို ဟောတော်မူသည်။ ၎င်းနောက် ဘုရားရှင်သည် နိဂြောဓာရုံကျောင်းတော်သို့ ပြန်ကြွလေရာ ယသောဓရာသည် သားတော်ရာဟုလာအား ဖခမည်းတော်ဘုရားရှင်ထံတွင် ဖွားတော်မူစဉ်က ပေါ်ပေါက်ခဲ့သော ရွှေအိုးကြီးများကို အမွေတောင်းရန် စေလွှတ်လိုက်လေသည်။ ရာဟုလာသည် မြတ်စွာဘုရားရှင်ထံသို့ ရောက်သောအခါ မြတ်စွာဘုရားက လောကီအမွေထက် မြတ်သောလောကုတ္တရာအမွေကို ပေးရန် ရှင်မဟာမောဂ္ဂလာန်ကိုခေါ်၍ ဆံရိတ်စေသည်။ ထို့နောက် ရှင်သာရိပုတ္တရာအား သရဏဂုံပေးစေလျက်၊ ရှင်မဟာကဿပကို ဩဝါဒဆရာပြုစေကာ သာသနာ့ဘောင်သို့ သွတ်သွင်းတော်မူသည်။ ထိုအချိန်တွင် ရှင်ရာဟုလာမှာ အသက် ခုနစ်နှစ်မျှသာ ရှိသေးသည်။ စာမျက်နှာ ၂၃ သို့ ❖

> ❝ဂေါတမမြတ်စွာဘုရားရှင် ကပိလဝတ်ပြည်ကို ပြန်လည်ဝင်ရောက်တော်မူသည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့သည် ဘုရားရှင် ပြည်တော်ဝင်ရန် ကာဠုဒါယီမထေရ်က လျှောက်ထားသည့်နေ့ဖြစ်သဖြင့် ထိုနေ့ကို မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်ထားကြသည်။ ဤနေ့၌အခါသမယသည် မြတ်စွာဘုရားရှင်က အမိအဘဆွေမျိုးများနှင့် မွေးဖွားရာဇာတိမြေကို ကျေးဇူးတုံ့ပြန်အပ်သည့် မြတ်ဓလေ့တစ်ခုကို လမ်းညွှန်ပြသသည့်အပြင် လူမှုအဖွဲ့အစည်းတစ်ခုအတွင်း မြတ်ဓမ္မတရားများ ပြန့်ပွားရေးအတွက် ဆောင်ကြဉ်းတော်မူခဲ့သည့် ပြည်တော်ဝင်အခါတော်နေ့ကို နှစ်စဉ်အလေးဂရုပြုရမည်❞

❖ စာမျက်နှာ ၂၂ မှ

### ကုလပွသာဒ တေဒင်္ဂဘွဲ့

ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းကြောင့် နိဂြောဓာရုံကျောင်းကြီး ပေါ်ပေါက်လာသည်။ ဆွေတော်မျိုးတော်တို့၏ မာန်မာနကို နှုတ်ပယ်သောငှာ ရေမီးအစုံစုံ ယမက ပြာဋိဟာတန်ခိုးပြ၍ ပေါက္ခရဝဿမိုးကြီး ရွာသွန်းစေခဲ့သည်။ အရှင်သာရိပုတ္တရာလျှောက်ထား၍ ဗုဒ္ဓဝင်ဒေသနာ ဟောကြားတော်မူသည်။ ဂါထာ ၁၀၀၀ ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောတော်မူခဲ့သည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်လည်း မဟာဓမ္မပါလဇာတ်တော်ကြီးကို ကြားနာရသဖြင့် အနာဂါမ်တည်ခဲ့သည်။ မိထွေးတော်ဂေါတမီကိုလည်း သောတာပန်တည်စေသည်။ ယသောဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကိုလည်း မြတ်စွာဘုရားရှင်က ဟောတော်မူခဲ့သည်။ ညီတော် နန္ဒမင်းသား ရဟန်းပြုဖြစ်သည်။ သားတော် ရာဟုလာ သာမဏေဘဝသို့ ရောက်ရှိသည်။ သာကီဝင်မင်းသားတစ်ထောင် ရဟန်းဘောင်သို့ ရောက်ရှိသည်။ ဆွေမျိုးတို့ ဘုရားရှင်ကို ကြည်ညိုစေရန် ဆောင်ရွက်ရာ၌ အထူးအောင်မြင်သဖြင့် ကာဠုဒါယီမထေရ်အား ကုလပွသာဒ တေဒင်္ဂဘွဲ့ ချီးမြှင့်တော်မူခဲ့သည်။

### ပြည်တော်ဝင်သည့်အခါတော်နေ့

ဂေါတမမြတ်စွာဘုရားရှင် ကပိလဝတ်ပြည်သို့ ပြန်လည်ဝင်ရောက်တော်မူသည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့သည် ဘုရားရှင် ပြည်တော်ဝင်ရန် ကာဠုဒါယီမထေရ်က လျှောက်ထားသည့်နေ့ဖြစ်သဖြင့် ထိုနေ့ကို မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ထိုနေ့တွင်ပင် သိကြားမင်း၊ ဥက္ကလာပမင်းကြီး၊ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့ကြီးမှူး၍ ရွှေတိဂုံစေတီတော်ကြီး တည်ထားခဲ့သည်ဟု သမိုင်းက ဆိုသည်။ ဤနေ့ ဤအခါသမယသည် မြတ်စွာဘုရားရှင်က အမိအဘဆွေမျိုးများနှင့် မွေးဖွားရာဇာတိမြေကို ကျေးဇူးတုံ့ပြန်အပ်သည့် မြတ်ဓလေ့တစ်ခုကို လမ်းညွှန်ပြသသည့်အပြင် လူမှုအဖွဲ့အစည်းတစ်ခုအတွင်း မြတ်ဓမ္မတရားများ ပြန့်ပွားရေးအတွက် ဆောင်ကြဉ်းတော်မူခဲ့သည့် ပြည်တော်ဝင်အခါတော်နေ့ကို နှစ်စဉ်အလေးဂရုပြုရမည်ဖြစ်သည်။ မြန်မာပြည်သူ ပြည်သားအပေါင်းတို့သည်လည်း ဤနေ့ ဤရက်မှစ၍ မြတ်ဗုဒ္ဓအားရည်မှန်း၍ လောကီနှင့် လောကုတ္တရာအကျိုးတို့ တိုးပွားစေခြင်းအလို့ငှာ အားထုတ်ကြိုးပမ်းသင့်ပါကြောင်း ရေးသားအပ်ပါသည်။ ။

**ကိုးကား**

၁။ မင်းကွန်းတိပိဋက ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် တတိယတွဲ
၂။ အရှင်ဩဒါတသိရီဘိဝံသ၏ အနှစ်ချုပ်ဗုဒ္ဓဘာသာ
၃။ မောင်ထင်၏ မြန်မာ့ဆယ့်နှစ်လအကြောင်း

■

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (ရန်ကုန်-နေပြည်တော်လမ်းပိုင်း)ရှိ တိုးလ်ဂိတ်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ AC ကတ္တရာခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(၃၉)မိုင်ရှိ ဘောနက်ကြီးမီနီတိုးလ်ဂိတ် လမ်းအသုံးပြုခကောက်ခံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာနအင်ဂျင်နီယာချုပ် ဦးဝင်းရှိန်၊ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတိုးတိုးနှင့် တိုးလ်ဂိတ်မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လမ်းအသုံးပြုခကောက်ခံရရှိငွေများ အပြည့်အဝရရှိရေး၊ CCTV နှင့် Computer စနစ်များ ပျက်စီးပါက အမြန်ပြုပြင်ဆောင်ရွက်ရေး၊ အမြန်လမ်းပိုင်း တိုးလ်ဂိတ်များကို တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၄၅/၂)နှင့်(၄၅/၃)အကြား ကြက်ချောင်းလက်တက်တံတားပေါ်နှင့် တံတားအဝင်/အထွက်တွင်ယာဉ်များ အန္တရာယ် မဖြစ်စေရေးအတွက် AC ကတ္တရာလမ်းနှုတ်ခမ်းသားများ ညီညာမှုရှိစေရေး ဆောင်ရွက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၄၉/၀)မှ(၄၉/၂)ကြား (အသွားလမ်း)နှင့် မိုင်တိုင်အမှတ်(၁၇၈/၀)မှ (၁၇၈/၂)အကြားတို့တွင် မူလကွန်ကရစ်လမ်းကို အကျယ် ၂၅ ပေ၊ ဒု နှစ်လက်မ ကတ္တရာကွန်ကရစ်ခင်းခြင်းနှင့် လမ်းပခုံးကို Paved Shoulder ခင်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်ရာတွင် AC ကတ္တရာလမ်းနှုတ်ခမ်းသားများကို ယာဉ်မတော်တဆမှု အန္တရာယ်ကင်းရှင်းစေရေးအတွက် သပ်ရပ်ဖြောင့်တန်းစွာ ဂရုပြုဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ကျောဖုံးမှ

အကျယ်အဝန်း (၁၂၀ x ၂၀)ပေရှိမည်ဖြစ်၍ ဖျော်ဖြေရေးမဏ္ဍပ်အတွင်း ဖျော်ဖြေရေးစင်နှင့် ဆိုင်းဝိုင်းစင်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။ VIP နှင့် ပွဲကြည့်ပရိသတ်များ ဖျော်ဖြေတင်ဆက်မှုများ ကြည့်ရှုရန်အတွက် ထိုင်ခုံနေရာများပါဝင်မည်ဖြစ်ပြီး ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ ကြံ့ခိုင်ရေးအပြင် မြန်မာ့ယဉ်ကျေးမှုကိုဖော်ညွှန်းသည့် အနုလက်ရာအဆင်အပြင်များ ထည့်သွင်းတည်ဆောက်ရန် လျာထားကြောင်း သိရသည်။

ယခု၂၀၂၄ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်) မြန်မာနှစ် ဟောင်းကုန်လွန်၍ နှစ်သစ်သို့ကူးပြောင်းသည့် အခါသမယတွင် ရန်ကုန်မြို့တော်နေပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင်ချမ်းမြေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်အား စီစဉ်ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။ မဏ္ဍပ်တည်ဆောက်ရေးလုပ်ငန်းပိုင်းရှိ အကြမ်းထည်လုပ်ငန်းများမှာ ဧပြီ ၉ ရက်တွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကာ အချောသတ်လုပ်ငန်းများအား ဧပြီ ၁၀ ရက်တွင် အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်တည်ဆောက်ရေးတာဝန်ရှိသူထံမှ သိရသည်။

### စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ယခုနှစ်အတွက် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်များနည်းတူ ကျင်းပသွားမည်ဖြစ်ရာ ၁၂ ဦးယိမ်း(မူကြိုကျောင်းများ)၊ ၁၂ ဦးယိမ်း(ကျောင်းများ)၊ ၁၂ ဦးယိမ်း(ရုံး/အခြားဌာနများ)၊ ၁၆ ဦးယိမ်း(ကျောင်းများ)၊ ၁၆ ဦးယိမ်း(ရုံး/အခြားဌာနများ)၊ ၂၀ ဦးယိမ်း(အလွတ်တန်း)နှင့် ၁၂ ဦးယိမ်း (ကျား)(အလွတ်တန်း) အပါအဝင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဟူ၍ သီးခြားထည့်သွင်းကျင်းပပေးသွားမည်ဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ ရုပ်ရှင်နှင့် ဂီတပညာရှင်များ၏ တေးသီချင်းဖျော်ဖြေမှုများ၊ သဘင်ပညာရှင်များ၏တင်ဆက်မှုများအပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

❖ MFF မှ

TG United အသင်းက KKY အသင်းကို ငါးဂိုး-တစ်ဂိုး၊ SGF အသင်းက Seven အသင်းကို သုံးဂိုး-တစ်ဂိုး၊ YRG အသင်းက Maryar အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပြိုင်ပွဲအပြီးတွင် YRG အသင်းက ရမှတ် ၅၂ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး SGF အသင်းက ရမှတ် ၅၁ မှတ်ဖြင့် ဒုတိယဆုရရှိကာ လာမည့်ရာသီတွင် ဖူဆယ်လီဂ်-၁ ပြိုင်ပွဲသို့ တန်းတက်နိုင်ခဲ့သည်။ ယင်းအသင်းများနောက်တွင် TG United အသင်းက ၄၉ မှတ်၊ Sun Far အသင်းက ၄၇ မှတ်၊ ရွှေပြည်သာအသင်းနှင့် Black Cross အသင်းတို့က ၃၆ မှတ်စီ၊ KKY အသင်းက ၃၂ မှတ်၊ Maryar အသင်းက ၂၅ မှတ်၊ Golden Yoma အသင်းက ၁၉ မှတ်၊ M-Million အသင်းက ၁၂ မှတ်၊ Seven အသင်းက ၁၀ မှတ်၊ Noka United အသင်းက ကိုးမှတ် ရရှိသည်။

ဆုချီးမြှင့်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆုရ Golden Yoma FC အသင်းက ဆုဖလားနှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ အကောင်းဆုံး ဂိုးသမားဆုရ YRG FC အသင်းမှ ဇေယျာမင်းသိန်းကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် နှစ်သိန်း၊ အကောင်းဆုံး ကစားသမားဆုရ SGF FC အသင်းမှ လင်းသူရဟိန်းကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် နှစ်သိန်း၊ တတိယဆုရရှိသော TG United FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသော SGF FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ် ၁၅ သိန်း၊ ပထမဆုရရှိသော YRG FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၃၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ -MFF**

❐ လေဗာကူဆင်အသင်းမှ

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ သောမက်တူချယ်က ရာသီကုန်မှာ အသင်းကနေထွက်ခွာဖို့ စီစဉ်နေချိန်တွင် လီဗာပူးအသင်းကလည်း လက်ရှိအသင်းကနေထွက်ခွာဖို့ တာစူနေတဲ့ နည်းပြကလော့နေရာမှာ အစားထိုးဖို့ လေဗာကူဆင်အသင်းနည်းပြ အလွန်ဆိုကိုအန်ဖီးလ် အရောက်ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

နည်းပြအလွန်ဆိုရဲ့ လေဗာကူဆင်အသင်းဟာ လက်ရှိအချိန်မှာ အမှတ်ပေးဇယားဒုတိယနေရာက ဘိုင်ယန်မြူးနစ်အသင်းကို ၁၀ မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်လျက်ရှိပြီး ယခုဘောလုံးရာသီ ပွဲစဉ် ၃၈ ပွဲမှာ ရှုံးပွဲမရှိ ကစားထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အလွန်ဆိုရဲ့ အသင်းဟောင်းတွေဖြစ်တဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လီဗာပူးအသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေချိန်မှာ အလွန်ဆိုကတော့ လေဗာကူဆင်အသင်းနဲ့အတူ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အကောင်းဆုံးရလဒ်ထွက်ပေါ်နိုင်ရေး မျှော်လင့်ထားတယ်လို့လည်း သိရပါတယ်။

ဒါပေမဲ့ လက်ရှိကလပ် လေဗာကူဆင်အသင်းကနေ ထွက်ခွာဖြစ်ခဲ့မယ်ဆိုရင်တော့ အခြားသောကလပ်အသင်းတွေကို ရွေးချယ်မှာမဟုတ်ဘဲ ဘိုင်ယန်မြူးနစ်အသင်းဆီကိုသာ ပြောင်းရွှေ့ဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ လက်ရှိအချိန်မှာ အလွန်ဆိုဟာ လေဗာကူဆင်အသင်းအတွက် သမိုင်းဝင်ဘွန်ဒက်လီဂါဖလားကို ရရှိနိုင်ဖို့ နီးစပ်နေပြီလို့ ဆိုရမှာဖြစ်ပြီး အဲဒီလို စွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့တာကြောင့်လည်း လီဗာပူးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားခြင်းခံထားရတာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဝနဝါသီလမ်းနေ ဦးကျော်ကျော်ဦး [၇/ပတတ(နိုင်)၀၄၃၉၆၉]၏ သားဖြစ်သူ မောင်အောင်ညီညီ [၁၂/ဒဂတ(နိုင်)၀၉၀၅၇၃]သည် ဖခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်အောင်ညီညီနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများ နှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မောင်အောင်ညီညီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။(**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**)

**ဦးကျော်ကျော်ဦး**

## " ကန့်ကွက်နိုင်ကြောင်းကြော်ငြာ "

**ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊(၁၀)ရပ်ကွက်၊သံလွင်လမ်း၊အမှတ်(၁၃၅/၇၂-၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၆-C)၊ မြေကွက်အမှတ်( ၂၇-အမ်/ခ)၊ ဧရိယာ(၀. ၀၆၇ ) ဧကရှိ မြေပိုင်မြေကွက်နှင့် အဆောက်အဦးအပါအဝင် ၄င်း၏ ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်း။**

အထက်ပါဖော်ပြပါမြေကွက်နှင့်အဆောက်အဦးကိုအမည်ပေါက်ပြီးရောင်းချသူဒေါ်သက်သက်ခိုင်(၁၃/တကန(နိုင်)၀၉၇၅၄၁)သည်မိမိသာပိုင်ဆိုင်ကြောင်း၊ရောင်းချပိုင်ခွင့်ရှိကြောင်း၊အရှုပ်အထွေးကင်းကြောင်းဝန်ခံပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းကိုရောင်းချသူဒေါ်သက်သက်ခိုင်ထံပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှကန့်ကွက်လိုပါကယနေ့ကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်းခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည်အထိတရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မိမိလှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)

ဒေါ်သင်းသင်းစု ၊ ဒေါ်သဥ္ဇာအောင်
(LL.B)(စဉ်-၁၈၉၀၄ )၊ (LL.B) (စဉ်-၅၀၁၆၂ )
(တရားလွှတ်တော်ရှေ့နေ) (အထက်တန်းရှေ့နေ)

တိုက်(၈)၊ အခန်း(၇)၊ တိရိစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။၀၉-၄၄၃၀၃၉၁၁၇၊၀၉-၅၁၁၂၀၅၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်(တိုး‌ချဲ့)၊ ရွှေဝါထွန်းလမ်းနှင့် ငစိန်(၂)လမ်း(မြို့သစ်-၁လမ်း)ထောင့်၊ မြေကွက်အမှတ်(၁) ဦးနေမင်းထွန်း(၇/သနပ(ပြု)၀၀၂၄၄၈)ကပိုင်ဆိုင်သည်ဟု မြွက်ဟဝန်ခံသည့် မြေကွက် ၀. ၅၃၂၈ဧကရှိအကျယ်အဝန်းထဲမှ အလျား-၂၅ပေ×အနံ၆၀ပေရှိ မြေကွက်ကိုခွဲစိတ်ရောင်းချလိုကြောင်းကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းအေး (၁၂/စခန(နိုင်) ၀၅၂၄၄၂)ကဝယ်ယူရန် စရံငွေပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောမူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးညထ်ဝင်းအောင်**
LL.B., WIPO DL-101 (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၂၁)

**ဒေါ်စောသစင်**
LL.B., D.B.L., WIPO DL-101 (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၃၆)

တိုက်(၈)၊ အခန်း(၁)၊ မြကန်သာအိမ်ရာ၊ မြကန်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၄၁၄၆၂၀၊ ၀၉၂၅၄၀၀၇၃၁၁

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ – ၁၉၃ (က) (၁၀) နှင့် ၂၀၀ (က) (၃)တို့ အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူထံသို့ပေးပို့ရန် အကြောင်းကြားစာ

## ကမာရွတ်ခရိုင်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၉

| | | |
|---|---|---|
| မြန်မာ့သင်္ဘောကျင်းလုပ်ငန်း (၎င်းကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးဇော်ထွန်း) | နှင့် | ၁။ Myanma Shipyards–AMECC Joint Venture Co. Ltd.<br>၂။ Dong A Shipbuilding Industry JSC Km17+500, Highway 5, Kim Son hamlet, Le Thien Commune, An Duong District, Hai Phong City, Vietnam<br>၃။ AMECC Mechanical Construction JSC Km35, Highway 10, Quoc Tuan Commune, An Lao District, Hai Phong City, Vietnam<br>၄။ GREAT CHANCE COMPANY LIMITED |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အေးရိပ်သာ(၂)လမ်း ၊ အေးရိပ်သာကွန်ဒို၊ အမှတ်–၄၈၃၊ အခန်းအမှတ်– ၉– ဘီ နေ **လျှောက်ထားခံရသူ(၄)GREAT CHANCE COMPANY LIMITED** (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ (၄)ရပ်ကွက်၊ **မြန်မာ့သင်္ဘောကျင်းလုပ်ငန်းရပ်နေ လျှောက်ထားသူ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း(၎င်းကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးဇော်ထွန်း)သည် ဤရုံး၌ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၉၃(က)(၁၀)အရ အစုရှယ်ယာ မတည်ငွေရင်းလျှော့ချခြင်း၊ အမှန်တကယ်ထည့်ဝင်ထားခြင်းမရှိသည့် အစုရှယ်ယာများကို ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ အစုရှယ်ယာရှင်များအား အတည်ပြုစေသည့်အမိန့် ချမှတ်ပေးရန်နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၀၀(က)(၃)အရ ဖက်စပ်ကုမ္ပဏီက ယင်းအမိန့်အတိုင်း ဆောင်ရွက်စေရန် ညွှန်ကြားသည့် အမိန့်ချမှတ်ပေးပါရန်** လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၀) ရက် (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်)နေ့၊ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်**တွင် အထက်အမည်ပါသူ၏ လျှောက်လွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ကြားနာစစ်ဆေးစီရင်မည်။ သင်က ကန့်ကွက်ချေပလွှာ တင်သွင်းလိုလျှင် အထက်ဖော်ပြပါနေ့ရက်တွင်ဖြစ်စေ၊ သို့တည်းမဟုတ် ဤရုံးတော်က ညွှန်ကြားသည့် သီးခြားနေ့ရက်တွင်ဖြစ်စေ တင်သွင်းနိုင်သည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သုခဒဂုံပြည်သူ့အငှားအိမ်ရာမှ အိမ်ခန်းများ ငှားရမ်းနေထိုင်ခွင့် လျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

၁။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမကြီးနှင့် ရန်ကုန်မြို့ပတ်လမ်းမကြီး လမ်းဆုံအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သုခဒဂုံပြည်သူ့အငှားအိမ်ရာရှိ အိမ်ခန်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ပြီး နေရေးအခက်အခဲရှိသော ပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအား သတ်မှတ်ငှားရမ်းခနှုန်းထားဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။

၂။ အိမ်ခန်းငှားရမ်းခွင့် လျှောက်ထားလိုသူများအနေဖြင့် လျှောက်လွှာများကို (၂၅-၃-၂၀၂၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း အောက်ပါနေရာများတွင် ဆက်သွယ်ဝယ်ယူ၍ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

(က) ပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများအနေဖြင့် အိမ်ခန်းလျှောက်လွှာများကို မိမိတို့နေထိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ဝယ်ယူပြီး သတ်မှတ်ပုံစံများအတိုင်း ဖြည့်စွက်၍ မိမိတို့ဝယ်ယူခဲ့သည့်နေရာများတွင် လျှောက်လွှာများ ပြန်လည်တင်သွင်းရန်၊

(ခ) ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ နေရေးအခက်အခဲရှိကြောင်း ထောက်ခံချက်များနှင့်အတူ ဌာနအလိုက်စုစည်း၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် လျှောက်လွှာများဝယ်ယူ၍ ပြန်လည်တင်သွင်းရန်၊

၃။ သုခဒဂုံပြည်သူ့အငှားအိမ်ရာ တတိယအဆင့် အိမ်ခန်းလျှောက်လွှာများကို (၃၀-၄-၂၀၂၄) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးပြန်လည်တင်သွင်းရန်နှင့် သတ်မှတ်ရက်ထက်နောက်ကျ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

(တိုက်ခန်းလျှောက်ထားရန်ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ Website **(www.yangon.gov.mm)** နှင့် (DUHD–Ygn) Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ၀၉-၆၉၉၉၉၈၈၁၄၊ ၀၉-၄၂၁၂၅၉၆၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်)

**အိမ်ခန်းနေရာအငှားချထားရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ**
**သုခဒဂုံပြည်သူ့အငှားအိမ်ရာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဘောဂဗလအိမ်ရာ၊ တိုက်(၅)၊ အခန်း(၃၀၂)၏ အမည်ပေါက် ဒေါ်မျိုးမျိုးသန်း [၅/ရဘန(နိုင်)၀၂၈၇၅၆]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးသက်ဟိန်းဇော် [၁၂/မရက(နိုင်)၁၂၄၈၂၉]+ဒေါ်ခိုင်ဝါဝါငြိမ်း [၁၂/အစန(နိုင်) ၁၈၀၉၈၅]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း–၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉/ပန်းခင်း၊ ဦးပိုင်/မြေကွက်အမှတ်(၂၂၅/၆၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အား ဒေါ်သန်းသန်းမြင့်[၇/ဖမန(နိုင်)၀၄၃၃၆၄]မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ ပတ်ဝန်းကျင်သက်ထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **အဆောက်အဦဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်**လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယံ အဆောက်အဦမှ အခန်းအမှတ်(15/F)ဟုခေါ်သော အကျယ်အဝန်း စတုရန်းပေ (၂၀၀၀) ရှိ လူနေတိုက်ခန်းကို ပိုင်ရှင်ဖြစ်သော Nile Industries Co.,Ltd က ဦးကာဆင် [၁၂/ကတတ(နိုင်)၀၀၃၁၃၉] ထံသို့ (၁၆-၁၁-၂၀၂၃) တွင် ရောင်းချခဲ့ရာ၌ ထိုတိုက်ခန်းရောင်းဝယ်ခြင်းနှင့် ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော စုပေါင်းပိုင်အဆောက်အအုံမှ အခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် ပိုင်ရှင် Nile Industries Co.,Ltd အမည်မှ ဝယ်သူ ဦးကာဆင် အမည်သို့ ပြောင်းလဲနိုင်ရေးအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှ ဦးကာဆင် ထံသို့ (၂၃-၁၁-၂၀၂၃) ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာကို ပေးအပ်ခဲ့ပါသည်။

သို့ရာတွင် ဦးကာဆင်သည် ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာပါ ကိစ္စရပ်ကို မလုပ်ဆောင်တော့ဘဲ ထိုက်ခန်းအား အခြား (၁)ဦးသို့ တစ်ဆင့်ပြန်လည်ရောင်းချလိုက်ကြောင်းသိရသဖြင့် ၎င်းထံသို့ ကုမ္ပဏီမှ ပေးအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာပါကိစ္စကို ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့သော အခြေအနေကြောင့် ထိုအထူးကိုယ်စားလှယ်လွှဲစာကို ကုမ္ပဏီမှ ပြန်လည်ရုပ်သိမ်းပါသည်။ အထက်ဖော်ပြပါ အခန်းအမှတ် (15/F) နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသော မည်သူမဆိုလိုအပ်သောကိစ္စအရပ်ရပ်ကို ဆောင်ရွက်နိုင်ရန် ကုမ္ပဏီ၏ ရှေ့နေ ဦးမြင့်စိုးထံသို့ အထောက်အထားခိုင်လုံစွာပြသ၍ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**Nile Industries Co.,Ltd ၏လွှဲအပ်ချက်အရ –**
**ဦးမြင့်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၀၆/၈၅)**
**အမှတ် (၅၀)၊ ဒုတိယထပ် (ဝဲ)၊ အခန်း (၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – 09–401600787**

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဥပ္ပါတသန္တိကျမ်းရွတ်ဖတ်ပူဇော်ပွဲ ဖိတ်ကြားခြင်း

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် မဟာပဋ္ဌာန်း အသံမစဲရွတ်ဖတ်ပူဇော်ပွဲကို (၁-၄-၂၀၂၄)ရက်နေ့ နံနက် (၅:၀၀)နာရီ မှ (၆-၄-၂၀၂၄)ရက်နေ့ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး၊ ဥပ္ပါတသန္တိကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို (၉-၄-၂၀၂၄)ရက်မှ (၁၁-၄-၂၀၂၄)ရက်အထိ နေ့စဉ် နံနက် (၆:၀၀)နာရီ မှ ညနေ (၅:၀၀) နာရီအထိ ကျင်းပမည်ဖြစ်ပါကြောင်း ဗုဒ္ဓဘာသာဝင်များ၊ ဘုရားဖူးလာသူများနှင့် အလှူရှင်များအား ဘုရားကြီးသို့ လာရောက်၍ တရားနာကြားနိုင်ရန် အသိပေး ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်။ ။ ၀၉-၅၂၄၂၀၀၁၄၆၊ ၀၉-၄၂၁၀၂၃၆၉၁၊ ၀၉-၅၀၄၈၇၂၃**

**ရွှေဘုန်းပွင့်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ (၉)ရပ်ကွက်၊ တောင်ညိုလမ်း၊ အမှတ်(၅၆၀/က)ဟု ခေါ်တွင်သော အလျား (၂၀)ပေx အနံ (၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦ၊ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဦးစိုးသက်နောင်အေး [၁၂/ဗဟန(နိုင်)၀၈၄၀၅၈]မှ ပိုင်ရှင်ဖြစ်သူ ဒေါ်ကေဇင်လင်း [၈/စလန(နိုင်)၀၀၁၃၃၃] ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာ ကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဆွေစင်အိ**
**(LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၆၉၇)**

**ဦးလင်းဘုန်းမြတ်**
**(LL.B)(D.IP.L) (D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၃၈၁)**

**အမှတ်(၃၈၈/၃၉၈)၊ စတုတ္ထထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၉၄၉၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ် (၃၅)၊ (၃)လွှာ၊ အခန်းအမှတ်(၃–ဘီ)၊ အကျယ်(၁၂. ၅ ပေx၅၀ ပေ)ရှိ ရေ၊ မီး၊ စုံတိုက်ခန်း (၁) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်စန်း [၁၂/မဘန (နိုင်)၀၄၂၅၅၉]မှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသည်ကို ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း မူရင်းများဖြင့် ကိုယ်တိုင်လာရောက်၍ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေကျော်စိုး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၅၉/၂၀၁၀)**
**အမှတ် (၁၄၃)၊ (၆)လွှာ၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉ –၂၅၉၉၆၃၃၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ တိုက်အမှတ်(၂၈/၃၀)မှ ၂ ခန်းတွဲ ခြောက်ထပ်တိုက်၏ တတိယထပ်(၄)လွှာ ခေါင်းရင်းတိုက်ခန်းနှင့် ၎င်းတိုက်ခန်းအပေါ် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်မျိုးလတ်[၁၄/ပသန(နိုင်)၀၀၃၅၃၉]၊ ဒေါ်နေခြည်နုထွေး[၁၂/ကမတ(နိုင်)၀၆၀၇၆၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဦးထွန်းလင်း [၁၂/ကမတ(နိုင်)၀၆၈၅၇၅]နှင့် ဒေါ်တင့်တင့်ဋ္ဌေး[၁၂/သကတ(နိုင်)၁၆၅၆၉၉]စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးထွန်းလင်း–ဒေါ်တင့်တင့်ဋ္ဌေး**
**အမှတ်(၄၅/၄၇)၊ ရာဇာဓိရာဇ်လမ်း၊ ၃/ရန်ပြေ၊ သာကေတမြို့နယ်။**
**ဖုန်း–၀၉–၇၄၀၈၃၇၁၇၇၊ ၀၉–၇၉၅၆၉၆၁၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၊ မြေကွက်အမှတ် ၅၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ် –၅၊ တပင်ရွှေထီးလမ်း၊ ၁–ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဒေါ်ခင်တင့်(KLT–၀၀၆၃၉၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်တင့် (KLT–၀၀၆၃၉၆)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်–၃၉၈/၂၀၂၁(၂၁–၁–၂၀၂၁) ဖြင့် ဧရိယာ(၄၀' x၆၀')အနက်မှ (၂၀'x ၆၀')အား ပိုင်ဆိုင်လာသူ ဦးသာဒွန်း[၁၂/လသယ (နိုင်)၀၀၅၀၅၃]မှ ဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြပြီး တစ်ဖတ်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့မှ ထုတ်လုပ်သောဆေးဝါးများအား ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့သို့ Door to Door စနစ်ဖြင့် ပေးပို့ရန်အတွက် ကုန်တင်ယာဉ်(၁၂)ဘီးယာဉ်၊ (၆)ဘီးယာဉ်များ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - | (၂၅-၃-၂၀၂၄)ရက်နေ့မှ (၅-၄-၂၀၂၄)ရက်နေ့ထိ |
| | | - | (နံနက် ၉:၃၀မှ ညနေ ၁၆:၀၀)နာရီထိ |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ရမည့် ရက်/အချိန် | - | (၅-၄-၂၀၂၄)ရက်နေ့ (မွန်းလွဲ ၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - | ကြိုတင်ကြေညာပါမည်။ |
| (ဃ) | တင်ဒါတင်သွင်းရမည့် နေရာ | - | မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း |
| (င) | ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - | ၀၆၇-၃၄၀၈၁၄၉ ၀၆၇-၃၄၀၈၃၈၁ |

၂။ တင်ဒါလျှောက်လွှာများကို မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)၊ ရောင်းချဖြန့်ဖြူးရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## ဦးအုံးမြင့် [၁၂/ကတတ(နိုင်)၀၀၁၁၇၅]၏ (၁၂-၃-၂၀၂၄) နေ့စွဲပါ "ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မာလာလမ်း၊ ခနသိဒ္ဓိလမ်း(သဒ္ဒါရုံလမ်းသွယ်)၊ မြေတိုင်းအခေါ် သမိုင်းမြို့ကွက်၊ အကွက်အမှတ်-၁၂၊ ဦးပိုင်အမှတ် (၁၇-က၊ ၁၇-ခ၊ ၁၇-ဃ၊ ၁၈-က၊ ၁၈-ခ)နှင့် အကွက်အမှတ်-၁၉၊ ဦးပိုင်အမှတ်-၂၁ တို့တွင် အကျုံးဝင်သော မြေများနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်"ကြေးမုံသတင်းစာ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ မာလာလမ်းရှိ မာလာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အသင်းမှတ်ပုံတင်အမှတ်-၃-၅၆၊ အသင်းအစည်းအဝေးဆုံးဖြတ်ချက်အမှတ်- ၂/၂၀၂၄ အရ မာလာသမအသင်းအမှုဆောင်အဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

၁။ ဦးအုံးမြင့် [၁၂/ကတတ(နိုင်)၀၀၁၁၇၅] ၏ ကြေညာချက်ပါ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ မာလာလမ်း၊ အကွက်အမှတ်-၁၂၊ ဦးပိုင်အမှတ်-၁၇-ခ၊ အကျယ်အဝန်း ဧရိယာ- ၀. ၉၀ ဧကရှိ မြေကွက်သည် မာလာရောင်းဝယ်ရေးသမဝါယမအသင်းအနေဖြင့် ၁၉၇၅/၇၆ ခုနှစ်ကတည်းက အဆိုပါမြေကွက်ပေါ်တွင်ဝင်ရောက်၍ သမဝါယမလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြီး ယနေ့အချိန်အထိ လက်ဝယ်ထားရှိ အကျိုးခံစားနေသည့်မြေကွက်ဖြစ်ပါသည်။ နှစ်ပေါင်း(၅၀)ခန့်ရှိပြီဖြစ်ပါသည်။ ထို့ပြင် မာလာရောင်းဝယ်ရေး သမဝါယမအသင်းအနေဖြင့် ဦးပိုင်အမှတ်-၁၇-ခ၊ ဧရိယာ- ၀.၉၀ ဧကရှိ မြေကွက်အတွင်း ဝင်ရောက်နေထိုင်သူများ၊ ကျူးကျော်သူများနှင့် ငှားရမ်းထားသူများအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုမှုများ ပြုလုပ်ခဲ့(ပြုလုပ်ဆဲ)ဖြစ်ပြီး တရားစီရင်ရေးလမ်းကြောင်းအရ ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

၂။ အကွက်အမှတ်-၁၂၊ ဦးပိုင်အမှတ်-၁၇-ခ၊ ဧရိယာ-၀.၉၀ ဧကရှိ မြေကွက်ကို မာလာရောင်းဝယ်ရေး သမဝါယမအသင်းက ၁၉၇၅/၇၆ ခုနှစ်မှစ၍ နှစ်ပေါင်း(၅၀)ကျော် လက်ဝယ်ထားရှိ အကျိုးခံစားနေမှုအပေါ် မြေအမည်ပေါက်ဖြစ်သူ မော်လဝီကာလီမူလာပါ(၅)ဦးကသော်လည်းကောင်း၊ ၎င်းတို့၏ဆက်ခံသူ ဦးအုံးကြည်ကသော်လည်းကောင်း၊ အခြားဆက်ခံသူများကသော်လည်းကောင်း၊ ယနေ့အချိန်ထိ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောဆိုဆောင်ရွက်မှုများမရှိခဲ့ဘဲ မာလာရောင်းဝယ်ရေး သမအသင်းအနေဖြင့်သာ မြေကွက်အတွင်း ဝင်ရောက်ကျူးကျော်နေထိုင်သူများအပေါ် တရားစွဲဆိုဆောင်ရွက်ခြင်းများ ရှိခဲ့ရပါသည်။ ဦးအုံးမြင့်အနေဖြင့်လည်း မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဥပဒေအရ တစ်စုံတစ်ရာ ခိုင်မာမှုမရှိသေးဘဲ မာလာသမဝါယမအသင်း လက်ဝယ်ထားရှိ အကျိုးခံစားနေသည့် အကွက်အမှတ်-၁၂၊ ဦးပိုင်အမှတ်-၁၇-ခ ဟုခေါ်တွင်သော အကျယ်အဝန်း ဧရိယာ ၀.၉၀ ဧကရှိ မြေကွက်နှင့်ပတ်သက်၍ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေမည့်၊ မာလာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်နှင့် အသင်းသူအသင်းသားများ စိုးရိမ်ပူပန်မှု စိတ်အနှောင့်အယှက်ဖြစ်စေမည့်၊ မာလာသမဝါယမအသင်း၏ အကျိုးစီးပွားကို ထိခိုက်စေမည့် ကြေညာချက်များကို ကြော်ငြာခြင်းများ မပြုလုပ်ပါရန်နှင့် (၁၂-၃-၂၀၂၄)နေ့စွဲပါ ကြေညာချက်ကိုလည်း ပြန်လည်ရုပ်သိမ်းပေးရန် အလေးအနက် သတိပေးအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝဏ္ဏစည်သူမိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၅၈)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပြင်ဦးလွင်မြို့၊ ဗိုလ်ချုပ်လမ်းနှင့် မန္တလေး - လားရှိုးလမ်းထောင့်တွင် တည်ရှိပြီး (၇၆' x ၄၇' x ၁၂') အကျယ်ရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်အဆောက်အဦဖြစ်သည့် ဝင်းသူဇာအရောင်းဆိုင်(ပြင်ဦးလွင်)နှင့် အဆိုပါဆိုင်နှင့် ကပ်လျက်ရှိသော စားသောက်ဆိုင် ၃၀' x၁၂' x ၁၁'.၃" အကျယ်ရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အဦတို့အား (၁)နှစ်ချင်းသက်တမ်းတိုးဖြင့် (၅)နှစ်ငှားရမ်းသွားမည်ဖြစ်၍ အငှားချထားလိုပါသည် -

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - | (၂၅-၃-၂၀၂၄) ရက်နေ့ မှ (၅-၄-၂၀၂၄) ရက်နေ့ထိ (နံနက် ၉:၃၀ မှ ညနေ ၁၆:၀၀)နာရီထိ |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ရမည့် ရက်/အချိန် | - | (၅-၄-၂၀၂၄) ရက်နေ့ မွန်းလွဲ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - | ကြိုတင်ကြေညာပါမည်။ |
| (ဃ) | တင်ဒါတင်သွင်းရမည့်နေရာ | - | မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း |
| (င) | ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - | ၀၆၇-၃၄၀၈၁၄၉ ၀၆၇-၃၄၀၈၃၈၁ |

၂။ တင်ဒါလျှောက်လွှာများကို မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)၊ ရောင်းချဖြန့်ဖြူးရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## ဝန်ထမ်းအလိုရှိသည်

**၁။ ဒု-စက်ရုံမှူး** ကျား (၁) ဦး
- BE ဘွဲ့ရ ဖြစ်ရမည်။
- စက်ရုံမှူး၊ ဒု-စက်ရုံမှူးရာထူးဖြင့် အစိုးရဌာနတွင် တာဝန် ထမ်းဆောင်ဖူးသူဖြစ်ရမည်။
- အသက်(၅၀)နှစ်နှင့်အထက် ဖြစ်ရမည်။
- အနည်းဆုံး(၁)နှစ် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- ညောင်တုန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

**၂။ လျှပ်စစ်ကျွမ်းကျင်** ကျား (၂) ဦး
- AGTI/B.Tech (EP) ဘွဲ့ရ ဖြစ်ရမည်။
- အသက်(၃၅) နှစ်မှ (၅၅)နှစ်အတွင်း ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အနည်းဆုံး(၁)နှစ် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

လိပ်စာ - Natural Treasure Light Co.,Ltd
အမှတ်(၁၉)၊ အုတ်ကျင်းဘူတာရုံလမ်း၊
(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပါတ်၊၀၉-၂၅၃၃၅၂၈၈၂(ရုံးချိန်အတွင်းသာဆက်ပါရန်)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (-)ဧကာ၊ မြေကွက်အမှတ်(ဥ-၆၀၁၅)၊ ဒေါ်ဇင်မာဌေး အဖအမည် ဦးညွန့်ဆောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/မဟမ(နိုင်)၀၃၀၉၁၁]၊ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မြဥမ္မာဆွေ အဖအမည် ဦးကိုဆွေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဗဟန(နိုင်)၀၃၈၈၆၅]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ် မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရက်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "မေတ္တာရပ်ခံ ပန်ကြားလွှာ"

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၅၅)၊ မြန်မာမွတ်စလင်မ် အမျိုးသမီးသာသနာ့ရိပ်သာသည် လွန်ခဲ့သည့် နှစ်ပေါင်း (၆၀) ကျော်မှ ယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။ အဆိုပါ အမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါ သာသနာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ငါးဖွဲ့မှ တာဝန်ယူစီမံခန့်ခွဲအုပ်ချုပ်လျက်ရှိပါသည်။

၃။ အထက်ပါ အမျိုးသမီးသာသာနာ့ရိပ်သာတွင်းရှိ အားကိုးရာမဲ့ (ယသင်မ်) မိန်းကလေး(၆၅) ဦးရှိပါသည်။ ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲလျက်ရှိပါသည်။

၄။ ဖော်ပြပါ အားကိုးရာမဲ့ (ယသင်မ်) မိန်းကလေး (၆၅)ဦးအား အစိုးရ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အတန်းပညာရပ်များကို သင်ယူစေမည့်အပြင် သာသနာ့ပညာရပ်များကိုလည်း စနစ်တကျ အထူးသင်ကြားပေးလျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အားကိုးရာမဲ့ (ယသင်မ်) မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်ချက်ရှိနေပါကြောင်းနှင့် ယခု ရမဇာန်(ဥပုသ်)လမြတ်တွင် လူကြီးမင်းတို့၏ ဆင်းရဲသား၊ ဒါနကြေးဖြစ်သော (ဇကားသ်၊ ဖီတရာ၊ လိလ္လာ)စသည့် အလှူငွေများကို အမျိုးသမီးရိပ်သာသို့ ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**မွတ်စလင်မ် အမျိုးသမီးသာသနာ့ရိပ်သာ ကြီးကြပ်ရေးကော်မတီ**
**ဖုန်း - ၀၁-၃၇၃၈၇၈၊ ၀၉- ၅၀၄၇၀၀၄၊ ၀၉-၇၆၅၁၆၄၉၈၀**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ကြည်မြတ် [၇/ရတရ(နိုင်)၁၄၁၄၇၁]၏ ပတ်စ်ပို့နံပါတ် (MA 185965) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-793022733**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ပဒုမ္မာလမ်း၊ ခြံအမှတ်(၂၀)၊ တိုက်(ဂ/၃) နေ (ဘ)ဦးစံမြင့်[၁၀/ဘလန(နိုင်)၀၀၃၅၈၁]၏ သမီး မသင်းနွယ်ဦး[၁၀/မဒန(နိုင်)၁၇၈၁၁၆]အား မနှင်းဝေဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများ အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(ပ-၅/၆/၇)ရှိ "AQUILA THEATER" Restaurant လုပ်ငန်း၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးမျိုးမင်းဦး [၉/ငဇန(နိုင်)၀၈၃၈၉၄] ကိုင်ဆောင်သူမှ အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့လုပ်ငန်း၏ မူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၄/၁၁၅၉၄ (၂၆-၁၂-၂၀၂၃)ဖြင့် အစားအသောက်ရောင်းချခြင်းနှင့် တေးဂီတဖျော်ဖြေရေးလုပ်ငန်းနှင့်ပတ်သက်သည့် ဝန်ဆောင်မှုအမျိုးမျိုးတို့ကို အသုံးပြုရန်အတွက် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-

AQUILA THEATER

AQUILA THEATER

**မှတ်ပုံတင်စာချုပ်အမှတ်-(၄/၁၁၅၉၄/၂၀၂၃)**

ထို့အပြင် လုပ်ငန်းအမှတ်တံဆိပ်မူပိုင်ခွင့်၏ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာနတွင် (၇-၃-၂၀၂၄)ရက်နေ့ (T/2024/000968)ဖြင့် လျှောက်လွှာတင်ထားပြီးဖြစ်ပါသည်။

လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် အထက်ဖော်ပြပါ စားသောက်ကုန်လုပ်ငန်းအမျိုးမျိုး၊ အစားအသောက် အမျိုးမျိုးနှင့် အစားအသောက်နှင့်ပတ်သက်သောဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခြင်း၊ အစားအသောက်များကောင်းမွန်စွာ ထုတ်လုပ်ပြီး၊ အစားအသောက်နှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုး ထုတ်လုပ်၊ ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဆိုင်ခွဲများဖွင့်လှစ်ရောင်းချခြင်းတို့အတွက် အသုံးပြုဆောင်ရွက်မည်ဖြစ်ပါသည်။

လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို ဆိုင်ခွဲများနှင့် အစားအသောက်အမျိုးမျိုး၊ အစားအသောက်နှင့် သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများအား ထည့်သွင်းထုပ်ပိုးသည့်စက္ကူဘူး၊ ပလပ်စတစ်အိတ်၊ အဝတ်အထည် အစရှိသည့် ပါကင်ထုပ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင် လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်၊ အင်တာနက်၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ မဂ္ဂဇင်းကြော်ငြာ၊ Email၊ Wesite၊ Letter Head၊ Facebook၊ Youtube၊ Telegram၊ Online၊ Name card၊ Invitation Letter, Logo ဗီးနိုင်း၊ လူမှုကွန်ရက်အမျိုးမျိုးအစရှိသည့် ခေတ်မီပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အရောင်း/ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ကပ်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍ ဖော်ပြထည့်သွင်းအသုံးပြုမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတို့မှတစ်ပါး တခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အဓိပ္ပါယ်တူ၊ ဆင်တူယိုးမှား၊ မှိုင်းမြင်းတုပ၊ ပုံတူပုံမှား၊ သွယ်ဝိုက်ခြင်း၊ သံတူကြောင်းကွဲ၊ အင်္ဂလိပ်အမည်စာလုံး၊ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ထုတ်လုပ်၊ ပြုလုပ်၊ ကြော်ငြာ၊ ကြော်ငြာသုံးစွဲနေသည်များကို ရန်ကုန်မြို့နှင့် တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတို့တွင် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ ဖြန့်ချိပြုလုပ် သုံးစွဲနေသည်များကို ဆောင်ရွက်ခြင်းမပြုရန်နှင့် အကယ်၍ လိုက်နာမှုမရှိခြင်းကို တွေ့မြင်၊ ကြားသိရပါက၊ အကျိုးစီးပွားထိခိုက်နစ်နာစေမှုများအတွက် သက်ဆိုင်ရာနေရာ၊ ဒေသ၊ ဌာနများတွင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း-09-260087755, 09-421123477**

## အထူးကျေးဇူးတင်ရှိခြင်း

၁၇-၃-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သော နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး (ငြိမ်း)၊ နေပြည်တော်မြို့တော်ဝန်(ငြိမ်း) သီရိပျံချီ ဦးသိန်းညွန့်၊ အသက် (၇၇)နှစ် ဆေးရုံတက်ရောက်ကုသစဉ်နှင့် ဈာပနသို့ လိုက်ပါပို့ဆောင်ကြသော၊ လွမ်းသူ့ပန်းခြင်းများနှင့် လှူဖွယ်ဝတ္ထုများ ပို့ဆောင်ကြပါသော၊ ရက်လည်ဆွမ်းကျွေးတရားတော်နာသို့ လာရောက်ကြပါသော၊ ဝမ်းနည်းကြေကွဲကြောင်း နှင့် နှစ်သိမ့်အားပေးကြပါသော –

လွမ်းသူ့ပန်းခြင်းပေးပို့ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ငြိမ်း) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း)နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်အားလည်းကောင်း၊ ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသော နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ(ငြိမ်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း တို့အားလည်းကောင်း၊

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ(ငြိမ်း) ဦးတင်အေး တို့အားလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီး(ငြိမ်း)များ၊ ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအကဲများ၊ ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအကဲ(ငြိမ်း)များ၊ အရာထမ်း၊ အမှုထမ်းများနှင့် အရာထမ်း၊ အမှုထမ်း၊ (ငြိမ်း)များအားလည်းကောင်း၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်ကောင်စီဝင်များနှင့် အရာထမ်း အမှုထမ်းများအားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များကိုလည်းကောင်း၊ အမှတ်စဉ်(၁၂) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းမှ သူငယ်ချင်းများနှင့် မိသားစုဝင်များ ကိုလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အမည်ဖော်ပြနိုင်ခြင်းမရှိသော်လည်း ကျေးဇူး တင်ထိုက်သူအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်လွင်

မြို့ပြအင်ဂျင်နီယာ(အငြိမ်းစား)

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ (၁၂၈/၃)၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၁)ယာ၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးမောင်သင်-ဒေါ်ခင်စော)တို့၏သား၊ (ဦးတင်ထွဋ်-ဒေါ်လှလှဧ)တို့၏သားသမက်၊ (ဦးခင်ဝင်း-ဒေါ်အုံးကျင်)၊ (ဦးမြခိုင်)-ဒေါ်စောနုတို့၏မောင်၊ ဒေါ်ချိုချိုဆွေ၏ခင်ပွန်း၊ မောင်လှိုင်မိုး၊ ကိုထွန်းမင်းလှိုင်-မလွဲ့လွဲ့မိုး၊ မမိမိဟန်၊ မောင်အောင်ဆန်းမိုး-မသီသီရွှေတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၁-၃-၂၀၂၄(ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၂၄(တနင်္လာနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ချိုချိုထွန်း (သမဦးစီး-ငြိမ်း)

(ရေစကြိုမြို့နယ်အသင်း မန္တလေး- အထွေထွေအတွင်းရေးမှူး)

### အသက်(၇၇)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၇၅)၊ ၂၈လမ်း၊ ၇၃x၇၄လမ်းကြားနေ (ဆရာကြီး ဦးထွန်းမောင်-ဆရာမကြီးဒေါ်ငြိမ့်)တို့၏သမီး၊ [ဒေါ်တင်အောင်(အ.လ.ပြ -ငြိမ်း)]၊ [ဒေါ်နီနီထွန်း(မြို့နယ်ပညာရေးမှူး-ငြိမ်း)]၊ [ဒေါက်တာညိုညိုထွန်း (သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး-ငြိမ်း)]တို့၏ညီမ၊ ဒေါ်ဝါဝါထွန်း(အ.လ. ပြ-ငြိမ်း)၊ ဦးကျော်မိုးထွန်း(ဒုညွှန်ချုပ်-အခြေခံပညာ၊ မန္တလေး)-ဒေါ်နွယ်နွယ်ဦး၊ ဦးဇော်မိုးထွန်း ( မူအုပ်၊ အ.မ.က၊ သလဲကုန်း)-ဒေါ်နွယ်နွယ်ဝင်း(အ. လ. ပြ-ငြိမ်း)၊ ဒေါ်ပိုပိုတို့၏ ကျေးဇူးရှင်အစ်မကြီး၊ ဦးအောင်ကျော်မိုး-ဒေါ်ခိုင်လင်းမြင့်၊ မောင်ရဲရင့်ထက်၊ မောင်ကောင်းမြတ်ဇော်၊ မရွှန်းနေခြည်(အ. ထ. က-၁၆)တို့၏အဒေါ်၊ မောင်ပြည်ငြိမ်းစေ (KMC) ၏ အဘွားသည် ၂၃-၃-၂၀၂၄ (စနေနေ့)၊ နံနက် ၁၁:၄၅ နာရီတွင် (၉၆) ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၄-၃-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒုရဲမှူးကြီး ကျော်ဇင်မြင့်

**ဒုရဲအုပ်လောင်း အပတ်စဉ်(၃၆/၁၉၉၈)၊ သူရတပ်ခွဲ**

သူငယ်ချင်း ဒုရဲမှူးကြီး ကျော်ဇင်မြင့်သည် ၂၃-၃-၂၀၂၄ ရက် နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိသို့ ရောက်ရှိခံစားနိုင်ပါစေ။

**ဒုရဲအုပ်လောင်းသင်တန်း**
**အပတ်စဉ်(၃၆/၁၉၉၈)**
**သူရတပ်ခွဲမှ သူငယ်ချင်းများ**

---

## ဒေါ်သင်းသင်း (ဗိုလ်ကြီး-ငြိမ်း)

**စစ်သူနာပြု အမှတ်စဉ် (၂)**

### အသက်(၈၅)နှစ်

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ငှက်ပျောတန်းလမ်း၊ (၂၅-က)နေ (ဦးစင်းယုံ- ဒေါ်သိန်းမေ)တို့၏သမီး၊ (ဒေါက်တာ ဦးစောထွန်း)၏ဇနီး၊ (ဦးညွှန့်တင်- ဒေါ်မွှေးမွှေး)၊ (ဦးနိုင်အောင်-ဒေါ်ကြိုင်ကြိုင်)တို့၏ညီမ၊ (ဦးထွန်းအေး-ဒေါ်ကျင်စိန်)၊ ဦးသန်းရွှေ-ဒေါ်ကြူကြူတို့၏အစ်မ၊ ဒေါက်တာမြတ်မင်းထွန်း- ဒေါက်တာ သူဇာမြင့်၊ ဦးမျိုးမင်းထွန်း-ဒေါ်တင်ဝင်းလှိုင်တို့၏ မိခင်၊ မောင်မြတ်သူထွန်း- မကြည်စုစုချို၊ မောင်ပြည့်စုံဟန်၊ မောင်ပြည့်ဖြိုးပိုင်တို့၏အဘွား၊ ဒေါ်သင်းသင်း (ဗိုလ်ကြီး-ငြိမ်း)သည် ၂၂-၃-၂၀၂၄(သောကြာနေ့) ည ၁၁:၁၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၄-၃-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်း မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးအောင်ဇင်(ခ)စာကလေး

**B.E (Civil)**

**လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေးမှုံရွာခရိုင်)**

### အသက်(၅၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ (၇)ရပ်ကွက်၊ စွယ်တော်ရိပ်သာလမ်း၊ အမှတ်(၄၅)နေ ဒေါ်စုစုရည်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်မင်းခန့်(ခ)ကစ်ကစ်၏ ဖခင်၊ ဦးအောင်မှတ်-(ဒေါ်ဝင်းရီ)တို့၏သား၊ သမားတော်ကြီး(ဒေါက်တာ ဦးအောင်သိန်း)- ဒေါ်ခင်စန်းရီတို့၏ သားသမက် ဦးမျိုးအောင်ဇင်(ခ)စာကလေးသည် ၂၁-၃-၂၀၂၄ (ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၃- ၂၀၂၄(စနေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် တောင်ငူအနောက်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး/ရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြား အပ်ပါသည်။[ ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၂၄(တနင်္လာနေ့ ) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နေ ဒေါ်စုစုရည်၏ချစ်လှစွာသောခင်ပွန်း ဦးမျိုးအောင်ဇင်(ခ) စာကလေး အသက်(၅၃)နှစ် B.E(Civil) လက်ထောက် ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး မှုံရွာခရိုင်)သည် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ၂၁-၃-၂၀၂၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးအောင်မြင့်ကျော်၊ ဦးကြည်ဝင်း၊**
**ဦးဝင်းမောင်၊ ဒေါ်နုနုရီ**
**S 3 Star Company Co., Ltd**

---

## ဦးစောဝင်း

### အသက်(၈၁)နှစ်

**ဦးစောဝင်း** အလယ်တန်းပြ(ငြိမ်း) အ.ထ.က(၂) သာကေတ သက်ကြီးကန်တော့ခံဆရာ တင့်ထူး (ဧယျဝတီ) အသက်(၈၁)နှစ်သည် ၂၂-၃-၂၀၂၄ (သောကြာနေ့)နံနက် ၀၀:၃၂ နာရီတွင်(၉၆)ပါးသော ရောဂါ ဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၁၀:၄၅ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နန္ဒဝင်းကုန်းရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ သုမင်္ဂလာအိမ်ရာ(၂)၊ တိုက်(၃)၊ အခန်း(၃၀၂)၊ တတိယထပ်၏ အမည်ပေါက် ဒေါ်သီတာမြင့်[၁၂/ရကန(နိုင်)၀၄၉၆၂၆]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ဆွေဆွေထိုက်[၅/အရတ(နိုင်)၀၅၄၄၉၅]က ပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ်မှာ ခြကိုက် ပျက်စီးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-၉၊ ဂေါ်သဇင်လမ်း၊ မြေကွက်အမှတ်- ၃၄၄၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးကျော်ဝင်းနိုင်အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော ဂရန်မြေအမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း အကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အစိတ်အပိုင်းအပါအဝင် မြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ (၂)ထပ် တိုက်လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါအိမ်မြေအစိတ်အပိုင်းအား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်းနိုင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ် ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဒေါ်အိဇာဇာခင်[၁၂/ရပသ(နိုင်)၀၆၄၅၇၅]မှအိမ်မြေ ပိုင်ဆိုင်မှုအထောက်အထားအဖြစ် ဦးကျော်ဝင်းနိုင်အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်းနှင့်အတူ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းပြောဆိုခြင်းအပေါ် ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဒေါ်အေးအေး[၁၂/မဂတ(နိုင်)၀၀၀၈၅၂]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်နှင့်မြေကွက် အစိတ်အပိုင်းတို့၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက် လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အေးအေး[၁၂/မဂတ(နိုင်)၀၀၀၈၅၂]** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **အမှတ်-၁၉၇(ခ)၊ အနော်ရထာလမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **(၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

---


**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-၉၊ ဂေါ်သဇင်လမ်း၊ မြေကွက်အမှတ်-၃၄၄၊ အကျယ်ပေ (၄၀x၆၀)ရှိ ဦးကျော်ဝင်းနိုင်အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော ဂရန်မြေ အမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း အကျယ်ပေ(၂၀x၆၀) ရှိမြေကွက် အစိတ်အပိုင်းအပါအဝင် မြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ (၁)ထပ်တိုက် လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါအိမ်မြေအစိတ်အပိုင်းအား ဂရန်အမည်ပေါက်ပိုင်ရှင်ဦး ကျော်ဝင်းနိုင်ထံမှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ပိုင်ရှင်ဒေါ်အိဇာဇာခင်[၁၂/ရပသ(နိုင်)၀၆၄၅၇၅]မှ အိမ်မြေပိုင်ဆိုင်မှု အထောက်အထားအဖြစ် ဦးကျော်ဝင်းနိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မိတ္တူနှင့် ဦးကျော်ဝင်းနိုင်မှ ဦးဇော်မြင့်ထံသို့လွှဲအပ်ပေးထားသည့် မှတ်ပုံတင်အထွေထွေ ကိုယ်စားလှယ်လွှဲစာမူရင်းတို့အား ပေးအပ်ရောင်းချ ခြင်းအား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်သော်[၁၂/ဥကတ(နိုင်)၁၅၄၆၃၇]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေအစိတ်အပိုင်း ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍(၁၄) ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်ခင်သော်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/ဥကတ(နိုင်)၁၅၄၆၃၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၇၃၈၊ ဂရုဏာ(၇)လမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ




**မှူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းရှာ၍ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## လေဗာကူဆင်အသင်းနည်းပြ အလွန်ဆို ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့မည်

ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းမှ နည်းပြ အလွန်ဆိုဟာ ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း အခြားသောကလပ်အသင်းတစ်ခုဆီသို့ ပြောင်းရွှေ့ဖြစ်ခဲ့မယ်ဆိုပါက လီဗာပူးအသင်းထက် ဘိုင်ယန်မြူးနစ်အသင်းဆီကို ပြောင်းရွှေ့သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❐

## ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် မတ် ၂၃

ရန်ကုန်မြို့ ဆူးလေဘုရားအနီးရှိ မြို့တော်ခန်းမရှေ့၌ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်အား တည်ဆောက်လျက်ရှိရာ ယခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြင်ပပညာရှင် လုပ်သားများက တည်ဆောက်နေကြခြင်းဖြစ်ပြီး ဖျော်ဖြေရေးမဏ္ဍပ်၏ အကျယ်အဝန်း(၉၄x၄၈)ပေရှိမည်ဖြစ်ကာ ရေကစားမဏ္ဍပ်၏ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❍



ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် တည်ဆောက်ပြီးစီးနေမှုကို မတ် ၂၃ ရက် နံနက်ပိုင်းက တွေ့ရစဉ်။




YRG အသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် YRG အသင်း ဗိုလ်စွဲ

ရန်ကုန် မတ် ၂၃

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၂)ကို မတ် ၂၃ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ YRG အသင်း နိုင်ပွဲရယူပြီး ချန်ပီယံဖြစ်ခဲ့သည်။

ပွဲစဉ်(၂၂)တွင် Sun Far အသင်းက Noka United အသင်းကို ရှစ်ဂိုး-လေးဂိုး၊ ရွှေပြည်သာအသင်းက Black Cross အသင်းကို လေးဂိုး-တစ်ဂိုး၊ M-Million အသင်းက Golden Yoma အသင်းကို သုံးဂိုး-တစ်ဂိုး၊ စာမျက်နှာ ၂၃ ကော်လံ ၄ သို့ ❖

ယနေ့ ဖတ်စရာ

**ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ကဇာတ်ရုံတစ်ခုတွင် သေနတ်ပစ်ခတ်မှုကြောင့် ၁၄၀ ကျော် သေဆုံး**
စာမျက်နှာ » ၁၃

**နာဂဒေသ မြို့နယ်သုံးခုတွင် ဝက်ရူးပြန်ရောဂါရှိသူ၊ စိတ်မနှံ့သူ၊ မျက်လုံးတစ်ဖက်မရှိသူများကိုပါ စစ်မှုထမ်းခိုင်းရန် စာရင်းကောက်ယူနေကြောင်း ကောလာဟလသတင်းများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ**
စာမျက်နှာ » ၁၅

**မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့ တို့တစ်တွေရင်မှာမွေ့ ထိန်းကြပါစို့မမေ့**
စာမျက်နှာ » ၂၂